မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၁၅ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၂၄)

နိုင်ငံတော်က ရှင်းလင်းမှုများ စတင်လုပ်ဆောင်ခြင်းမဟုတ် KNU က ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်လုံခြုံမှုကို နှောင့်ယှက်ခြင်းဖြစ် ပြည်သူလူထု၏ အသက်အိုးအိမ် လုံခြုံမှုရအောင် ရှင်းလင်းမှုများ လုပ်ရခြင်းဖြစ် KNU တွေဟာ ၎င်းတို့၏ဇနီးသားသမီးများနှင့် အမာခံများကို နယ်စပ်သို့ ပြောင်းရွှေ့ပို့ဆောင်ထား ကရင်တိုင်းရင်းသားများကိုလည်း နယ်စပ်ဒေသများသို့ အတင်းအဓမ္မရွှေ့ပြောင်းစေခဲ့ သူခိုးက လူလူဟစ်ဆိုသလို လုပ်ကြံဝါဒဖြန့်နေ

တပ်မတော်ရဲ့ လုံခြုံမှုအကာအကွယ် အောက်မှာရှိကြတဲ့ ကျေးရွာပြည်သူများ၏ လုပ်ကိုင်စားသောက်မှု မပြုနိုင်အောင် KNU ကသာ ထိန်းချုပ်နေတာဖြစ်

- ❒ KNU တပ်မဟာ(၂)မှူး အားစီဟာ နိုင်ငံတော်အစိုးရနဲ့ KNU တို့ငြိမ်းချမ်းရေး တည်ဆောက်ရန် ကြိုးပမ်းနေမှုကို လုံးဝမလိုလားသူဖြစ်၊
- ❒ စစ်ကိုလိုလားသူဖြစ်တဲ့အတွက် ငြိမ်းချမ်းရေး တည်ဆောက်မှု ပျက်ပြားအောင် ပဲခူး၊ ညောင်လေးပင်၊ တောင်ငူဒေသတစ်ဝိုက်မှာ အကြမ်းဖက်အဖျက်အမှောင့်လုပ်ရပ်များ ဆက်တိုက်စီမံကျူးလွန်နေ၊
- ❒ KNU ကသာ တပ်မတော်နဲ့ အဆက်ပြတ်အောင် ပြည်သူများကို အတင်းအဓမ္မ ရွှေ့ပြောင်းပစ်တာ၊ မောင်းထုတ်ပစ်တာဖြစ်၊
- ❒ KNU ကသာ တပ်မတော်ရဲ့ လုံခြုံမှုအကာအကွယ် အောက်မှာရှိကြတဲ့ ကျေးရွာပြည်သူများ သွားလာလုပ်ကိုင်စားသောက်မှု မပြုနိုင်အောင် ထိန်းချုပ်နေတာဖြစ်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြည်တွင်းပြည်ပသတင်းစာဆရာများအား တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ ပဲခူးတိုင်းအတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးမှုရှိရေး ဆောင်ရွက်မှုအခြေအနေ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအနေအထား၊ KNU သောင်းကျန်းသူအချင်းချင်း အာဏာလုသတ်ဖြတ်ညှဉ်းဆဲမှုကြောင့် လွတ်မြောက်ရာသို့ ထွက်ပြေးနေရမှုများနှင့် KNU တို့၏ လူသတ်၊ မီးရှို့၊ မိုင်းထောင် ဖောက်ခွဲဖျက်ဆီးမှုကြောင့် ဒေသခံတိုင်းရင်းသားပြည်သူအချို့ အတိဒုက္ခရောက်နေရပုံများကို လှည့်လည်ကြည့်ရှုသည့် လေ့လာရေးခရီးစဉ်တွင် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၁၄

ပြည်တွင်းပြည်ပ သတင်းစာဆရာများ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေ ပဲခူးတိုင်းအတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးမှုရှိရေး ဆောင်ရွက်မှုအခြေအနေ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအနေအထား၊ KNU သောင်းကျန်းသူအချင်းချင်း အာဏာလုသတ်ဖြတ်ညှဉ်းဆဲမှုကြောင့် လွတ်မြောက်ရာသို့ ထွက်ပြေးနေရမှုများနှင့် KNU တို့၏ လူသတ်၊ မီးရှို့၊ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ဒေသခံတိုင်းရင်းသားပြည်သူအချို့ အတိဒုက္ခရောက်နေရပုံများအား လှည့်လည်ကြည့်ရှုသည့် လေ့လာရေးခရီးစဉ်တွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ရှင်းလင်းပြောကြားချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

စာမျက်နှာ ၈ ကော်လံ ၁ ✡

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ မေလ ၁၅ ရက်)

ကမ္ဘာတစ်ဝန်းသတင်းနှင့်ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်လျက်ရှိ မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းဆောင်ရွက်

ယနေ့ ကမ္ဘာတစ်ဝန်းတွင် အိုင်တီနည်းပညာရပ်များ တစ်နေ့တခြား ဖွံ့ဖြိုးတိုးတက်လာလျက်ရှိရာ အိုင်တီနည်းပညာသုံး ပစ္စည်းများ၏ ဝန်ဆောင်မှု ပေးနိုင်စွမ်းကလည်း အံ့မခန်းမြင့်မားလာသည်။ လျင်မြန်စွာတိုးတက်လာသော အိုင်တီနည်းပညာကို နိုင်ငံတကာနည်းတူ မြန်မာနိုင်ငံတွင်လည်း အချိန်နှင့်တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် အိုင်တီနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများအတွင်း အိုင်တီနည်းပညာနှင့် ပတ်သက်သော အသိပညာနှင့် ဗဟုသုတများရှိရန် လိုအပ်ပေသည်။ လူငယ်ထုအတွင်း အိုင်တီနည်းပညာရပ်များ၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများနှင့် လက်တွေ့နယ်ပယ်၌ အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် အိုင်တီနည်းပညာနှင့် ပတ်သက်သော အလုပ်ရုံဆွေးနွေးပွဲများကို စဉ်ဆက်မပြတ်ကျင်းပပေးခဲ့သည်။

ယနေ့ကမ္ဘာကြီးတွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ ဒေသတစ်ခုနှင့်တစ်ခု သတင်းအချက်အလက် ရယူဆက်သွယ်ရာတွင် အရှိန်အဟုန်ပြင်းစွာ တိုးတက်ပြောင်းလဲနေသည်။ ကမ္ဘာကြီးထဲတွင် သတင်းအချက်အလက်များကို လျင်မြန်စွာ ရယူဆက်သွယ်နိုင်ခြင်းသည် စွမ်းအားစုအရင်းအမြစ်များ ရှာဖွေဖော်ထုတ်ရာတွင်လည်းကောင်း၊ လျင်မြန်စွာ ဆက်သွယ်နိုင်မှုများပေးနိုင်သော နည်းလမ်းများတွင်လည်းကောင်း၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်များ တိုးတက်ကောင်းမွန်စေရေးတွင်လည်းကောင်း အထောက်အကူပေးနိုင်ခြင်းကြောင့် အိုင်စီတီသည် နေ့စဉ်ဘဝ လှုပ်ရှားမှုကို အပြောင်းအလဲဖြစ်စေနိုင်သော အင်အားတစ်ရပ်ဖြစ်လာသည်။

နိုင်ငံတော်အစိုးရသည် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရကဏ္ဍသာမက ပုဂ္ဂလိကကဏ္ဍမှ ကွန်ပျူတာပညာရှင်များ၊ ကွန်ပျူတာလုပ်ငန်းရှင်များနှင့် နိုင်ငံရပ်ခြား မိတ်ဆွေများ၏ ပံ့ပိုးကူညီမှုများကြောင့် မကြာခင်နှစ်များအတွင်း အိုင်စီတီနည်းပညာများ လျင်မြန်စွာ တိုးတက်လာသည်။

အိုင်စီတီစံနှုန်း သတ်မှတ်ရေးလုပ်ငန်းများမှ တစ်ခုဖြစ်သော ကွန်ပျူတာသုံး မြန်မာစာစနစ်ဆိုင်ရာစံများသတ်မှတ်နိုင်ခဲ့ပြီး unicode သုံးမြန်မာစာလုံးစနစ်တစ်ခုကို ကွန်ပျူတာပေါ်တွင် သုံးနိုင်စေရန်တီထွင်ထားပြီး ဖြစ်သည်။ ယင်းစံနှုန်းများအတိုင်း နယ်ပယ်အသီးသီးတွင် ကွန်ပျူတာသုံးစနစ်များကို မြန်မာဘာသာဖြင့် ဆက်သွယ်အသုံးချနိုင်မည် ဖြစ်သည်။

အိုင်စီတီ တိုးတက်ရေးကို အထောက်အကူပြုစေမည့် လူ့စွမ်းအား တိုးတက်ရေးကိုလည်း ပညာရေးနယ်ပယ်တွင် အိုင်စီတီနည်းပညာဖြင့် အားဖြည့်ထောက်ကူပေးလျက်ရှိသည်။ အထက်တန်းအဆင့်ကျောင်းများတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေပြီဖြစ်သည်။ Multi media စာသင်ခန်းများ၊ အီလက်ထရွန်နစ်ပညာရေး သင်ကြားမှုသင်တန်းဌာနများ၊ Data Broadcasting စနစ်နှင့်ပညာရေးသုံးအင်ထရာနက်များသည် အိုင်စီတီကဏ္ဍ၏ ထင်ရှားသော ဖွံ့ဖြိုးတိုးတက်မှုများ၏ ပြယုဂ်ဖြစ်သည်။

ထို့ပြင် ကမ္ဘာ့အဆင့်မီ Cyber City ဟုခေါ်တွင်နိုင်မည့် ရတနာပုံမြို့သစ် Silicon Valley စီမံကိန်းတစ်ရပ် ချမှတ်ထားကြောင်း သိရသည်။

ယခုအခါ မြန်မာနိုင်ငံ အိုင်စီတီစီမံကိန်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံချက်များ (မူကြမ်း)ကိုရေးဆွဲပြီး ဖြစ်သည်။ အစိုးရဌာနများ၏ ကွန်ပျူတာသုံး စီမံခန့်ခွဲရေး အခြေခံစနစ်များကို တည်ဆောက်ပြုစုလျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်ရာ မျက်မှောက်ကာလတွင် ကမ္ဘာတစ်ဝန်း၌ သတင်းနှင့်ဆက်သွယ်ရေးနည်းပညာရပ်များသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည့်အလျောက် မြန်မာနိုင်ငံတွင်လည်း သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့၊ Myanmar Info Tech ကော်ပိုရေးရှင်း၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် အသင်းများက ကျယ်ကျယ်ပြန့်ပြန့် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၅-၅-၂၀၀၆
(တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇း၁၅	၄။	မျိုးချစ်တပ်မတော်
၇း၂၀	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ကျန်းမာရွှင်လန်းယောဂအစွမ်း
၄း၁၅	၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၅	၅။	လက်စွမ်းပြဟန်ဂီတသံ
၄း၃၀	၆။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅	၇။	မျိုးချစ်တပ်မတော်
၄း၅၀	၈။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	မိုးလေဝသသတင်း
၆း၂၅	၁၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀	၁၄။	မျှော်လင့်စောင့်စား ဂျာမနီကမ္ဘာ့ဖလား
၆း၄၀	၁၅။	လျှပ်တစ်ပြက်
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြက်ခင်းစိမ်းနဲ့ အိမ်ကလေး"** (အပိုင်း-၂၅)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	ကျန်းမာသုတ
	၂၀။	မေးမြန်းစူးစမ်း
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပါရမီရှင်သိုင်းလုလင်"** (အပိုင်း-၃၉)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၅-၂၀၀၆
(တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	သွားသွားလာလာကိုပါရာ (ရွှေနန်းတော်သို့သွားရောက်လေ့လာခြင်း)
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၀	စာရေးဆရာမောင်ဒဂုန်နှင့်တွေ့ဆုံခြင်း
၇း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၇း၅၅	ဆီးချို၊ သွေးချိုရောဂါနှင့် အင်ဆူလင်အသုံးပြုပုံအကြောင်း (အပိုင်း-၃)
၈း၁၅	တေးဂီတအစီအစဉ်
၈း၂၀	Art & Technology Talk
၉း၀၀	မိုးလေဝသခန့်မှန်းချက်
၉း၀၅	စက်သုံးဆီချွေတာဖို့ သဘာဝဓာတ်ငွေ့ကိုသုံးကြစို့
၉း၂၀	တေးဂီတအစီအစဉ်
၉း၂၅	မြစိမ်းရောင်ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း (စပါးစိုက်ပျိုးရေး)
၉း၃၀	ပြည်တွင်းသတင်းအကျဉ်း
၉း၄၀	Music Talk (ရွှေထိုက်)
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	ကျွန်းအထူးစိုက်ခင်းလုပ်ငန်း
၁၀း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၅	ယာဉ်မောင်းလိုင်စင်ရယူလိုလျှင်
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	သံဂဟေအတတ်ပညာ အပိုင်း(၁)
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	Nat+06 ခေတ်ပေါ်ပန်းချီပြပွဲ
၁၁း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀	ဓာတ်ပုံပြပွဲ (ကိုဦး)
၁၁း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀	မပြောမပြီးမတီးမမြည် (AIDS) (နေရဲလင်း၊ မောင်မောင်မြင့်၊ ရှင်ဖုန်းသိမ့်ချယ်၊ နိုင်ဆုသွယ်)
၁၁း၅၉	ဆန်းသစ်တီထွင်လာသော မြန်မာ့ဖိုက်ဘာ
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဖိလစ်ပိုင်၌ အပူပိုင်းမုန်တိုင်းတိုက်ခတ် ရေကြီး၊ မြေပြို၍ လူများပြောင်းရွှေ့ပေးရ

မနီလာ မေ ၁၄

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းတွင် ချန်ချူအပူပိုင်းမုန်တိုင်း တိုက်ခတ်ခဲ့မှုကြောင့် ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ဒုက္ခသည် ရာပေါင်းများစွာကို ပြောင်းရွှေ့ပေးခဲ့ရကြောင်း ဘေးဒုက္ခဆိုင်ရာကယ်ဆယ်ရေးအရာရှိများက မေ၁၂ရက်တွင် ပြောကြားသည်။

ပြောင်းရွှေ့

ယခုနှစ်တွင် ပထမဆုံး ကျရောက်ခဲ့သည့် အဆိုပါ မုန်တိုင်းကြောင့် ပြောင်းရွှေ့ခဲ့ကြရသည့် လူ၆၀၀၀ကျော်မှာ ကမ်းခြေစောင့်အဖွဲ့၏ ကူးတို့ရေယာဉ်များကို အလယ်ပိုင်း ဗီဆာယက်စ်နှင့် အရှေ့ပိုင်းဘီကိုလ် ဒေသများရှိ ဆိပ်ကမ်းများတွင် စောင့်ဆိုင်းနေခဲ့ရကြကြောင်း ၎င်းတို့က ပြောကြားသည်။

မြေပြိုကျ

အလားတူ လေတီကျွန်းပြည်နယ်အလယ်ပိုင်း ဆိုးဂေါ့မြို့တွင်လည်း မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုကျမှုများဖြစ်ပွားကာ အဝေးပြေးလမ်းများ ပိတ်ကုန်သဖြင့် ကျေးရွာအချို့မှ မိသားစုများ ကိုပြောင်းရွှေ့ပေးခဲ့ရ ကြောင်း ပြည်နယ် အုပ်ချုပ်ရေးမှူး ရိုဆက်တီလီရီအက်စ်က ပြောကြားသည်။

အဆိုပါ ဆိုးဂေါ့မြို့နှင့် ကျေးရွာ ၁၁ ရွာ တို့မှ မိသားစု ၁၀၀၀ ခန့်မှာ အရေးပါသည့် တံတားကြီးတစ်ခု ကျိုးပျက်ခဲ့သဖြင့် အဆက်အသွယ်များ ပြတ်တောက်နေကြောင်း အုပ်ချုပ်ရေးမှူးကပြောကြားသည်။ ၎င်းပြင် မာကရီဟွန်းမြို့ရှိ မိသားစု၄၀ကိုလည်း ရေကြီးနေမှုကြောင့်ပြောင်းရွှေ့ပေးခဲ့ရကြောင်း သူမက ဆက်လက်ပြောကြားသည်။

မေ ၁၁ ရက်ကတည်းက တိုက်ခတ်ခဲ့သည့် အဆိုပါမုန်တိုင်းဒဏ်ကို မြို့တော်မနီလာအပါအဝင် ပြည်နယ် ၂၃ပြည်နယ်ခန့်ခံခဲ့ရကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြပါရှိသည်။ **(အင်တာနက်)**



ချန်ချူအပူပိုင်းမုန်တိုင်းဝင်ရောက်လာသော ဂြိုဟ်တုပုံရိပ်ကို တွေ့ရစဉ်။
(အင်တာနက်)

ဘဂ္ဂဒက်၌ ဗုံးပေါက်ကွဲ အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံး

ဘဂ္ဂဒက် မေ ၁၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ ရှီအိုက်အစ္စလမ်မစ်ပါတီရုံးအနီးတွင် မေလ ၁၂ရက်က ကားဗုံးတစ်လုံး ပေါက်ကွဲခဲ့သော်လည်း အနည်းအကျဉ်းသာ ပျက်စီးပြီး သေဆုံးဒဏ်ရာရရှိသူမရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါကားဗုံးမှာ ဘဂ္ဂဒက်မြို့၏တောင်ပိုင်း ဇာဖာရာနီရာခရိုင်ရှိ ဒါဝါပါတီ၏ ရုံးနံရံနားတွင် ပေါက်ကွဲခြင်းဖြစ်ကြောင်း ရိုက်တာက ဖော်ပြသည်။ ဘဂ္ဂဒက်မြို့တောင်ဘက်တွင် ယင်းနေ့ကပင် လမ်းဘေးဗုံးပေါက်ကွဲသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်ဟု အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြပါရှိသည်။ **အမ်အင်အေ၊ရိုက်တာ။**

● *ကျောဖုံးမှ*

Mr. Dirk Augustin နှင့် အဖွဲ့ဝင်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများဖြစ်ကြသည့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) မှ လက်ထောက် ဌာနေကိုယ်စားလှယ် Si Canka Dhanapala နှင့် ကမ္ဘာ့ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) မှ စီမံကိန်းအရာရှိ Jean Benoit Manhez နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင် သတင်းထောက်များ၊ ပြည်တွင်းပြည်ပ မဂ္ဂဇင်း၊ ဂျာနယ်များမှ စာတည်းအဖွဲ့ဝင်များ လိုက်ပါလေ့လာကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး Madame Phoebe A. Gomez က ကေအင်န်ယူ၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ဆေးဝါးကုသမှုခံယူနေရသော မုန်းမြို့မှ စတုတ္ထတန်းကျောင်းသူ မဝါဝါစိုးအား နှစ်သိမ့် အားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရောက်ရှိ

ရှေးဦးစွာ ပြည်တွင်းပြည်ပ သတင်းစာဆရာများသည် နံနက်ပိုင်းတွင် တောင်ငူမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာ၍ ထန်းတပင်မြို့နယ်၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုများကို လမ်းတစ်လျှောက် ကြည့်ရှုလေ့လာခဲ့ကြပြီး နံနက် ၈နာရီခွဲတွင် သံတောင်မြို့နယ် သပြေညှနဲ့ကျေးရွာသို့ ရောက်ရှိကြသည်။

တက်ရောက်

ယင်းနောက် သပြေညှနဲ့ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းခန်းမ၌ ပြည်တွင်းပြည်ပ သတင်းစာဆရာများ၏ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ ပဲခူးတိုင်း ဒုတိယနေ့ လေ့လာရေးခရီးစဉ်၏ ပထမပိုင်းအစီအစဉ်များကို ကျင်းပရာ ပြည်တွင်းပြည်ပ သတင်းစာဆရာများနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယကနှင့် သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ KNU တပ်မဟာ(၂)မှ အလင်းဝင်များ၊ KNU ၏ ညှဉ်းပန်းနှိပ်စက်ခံရသောပြည်သူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း၌ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးမှုရရှိရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများ၊ ကေအင်န်ယူအကြမ်းဖက်အဖျက်သမား သောင်းကျန်းသူများအတွင်း လူမျိုးရေးခွဲခြားမှု၊ အချင်းချင်း အာဏာလု သတ်ဖြတ်ညှဉ်းဆဲ အနိုင်ကျင့်မှုများကြောင့် ကရင်တိုင်းရင်းသားသူများ၊ ဒေသခံပြည်သူများနှင့် KNU တပ်မဟာ(၂)မှ အလင်းဝင်ရောက်ခဲ့သူတို့က ပြန်လည်ရှင်းလင်း ဖြေကြားကြပြီး အခမ်းအနား ပထမပိုင်းကို ရပ်နားလိုက်သည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် လေ့လာရေးခရီးစဉ်တွင် လိုက်ပါလာကြသူများသည် သပြေညှနဲ့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ထို့နောက် ဝန်ကြီးနှင့် လေ့လာရေးအဖွဲ့ဝင်များသည် သပြေညှနဲ့ကျေးရွာမှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာကြပြီး မွန်းလွဲပိုင်းတွင် ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် မုန်းမြို့သို့ ရောက်ရှိကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကေအင်န်ယူ၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် မေ ၁၃ရက် နံနက် ၉နာရီတွင် မုန်းမြို့တိုက်နယ်ဆေးရုံသို့ ဆေးကုသမှုခံယူရန် ရောက်ရှိလာသော လူနာတစ်ဦးအား တွေ့ဆုံ၍ နှစ်သိမ့်အားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဆက်လက်၍ မုန်းမြို့ခန်းမ၌ ပြည်တွင်းပြည်ပ သတင်းစာဆရာများ၏ ဒုတိယနေ့ လေ့လာရေးခရီးစဉ် ဒုတိယပိုင်းအခမ်းအနားကို ကျင်းပရာ ရပ်မိရပ်ဖများ၊ ဒေသခံလူမှုရေးအသင်းအဖွဲ့များမှ အသင်းအဖွဲ့ဝင်များ၊ ကေအင်န်ယူသောင်းကျန်းသူတို့၏ အဖျက်လုပ်ရပ်များကြောင့် အတိဒုက္ခရောက်ခဲ့ကြသော ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ကူညီထောက်ပံ့မှုရှင်းလင်း

အဆိုပါ အခမ်းအနား၌ ရှေးဦးစွာ မုန်းမြို့ တိုက်နယ်ဆေးရုံအုပ် ဒေါက်တာမောင်မောင်ခင်က တိုင်းရင်းသား ဒေသခံပြည်သူများ သွားလာရာ၊ အသက်မွေးဝမ်းကျောင်းပြုရာနေရာများ၌ KNUတို့က မြေမြှုပ်မိုင်းများကို ထောင်၍ ဖောက်ခွဲဖျက်ဆီးမှုများကြောင့် အသက်ဆုံးရှုံးရမှုများ၊ ခြေပြတ် လက်ပြတ်ဖြစ်၍ မစွမ်းမသန်ဘဝရောက်ခဲ့ရမှုများ၊ နိုင်ငံတော်အစိုးရက ဆေးဝါးကုသပြုစုပေးပြီး လိုအပ်သော လူမှုရေးအထောက်အပံ့များ ကူညီထောက်ပံ့ပေးနေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မွေတော်ကျေးရွာမှ ဦးမြတ်ကျော်၊ မုန်းမြို့ အမှတ်(၄) ရပ်ကွက်မှ ဦးထွန်းနိုင်၊ ကြောင်ပြာကျေးရွာမှ ဦးဌေးနှင့် ဦးမြင့်ကျော်၊ ခုံကြီးကျေးရွာမှ ဦးမောင်ချစ်တို့က KNU အကြမ်းဖက်သောင်းကျန်းသူများ၏ လူသတ်၊ မိုင်းထောင်၊ မီးရှို့၊ လုယက်၊ အဓမ္မစေခိုင်းမှု၊ ညှဉ်းပန်းနှိပ်စက်မှုများကြောင့် ဒေသတွင်း၌ မသွားရဲ၊ မလာရဲ လုပ်ကိုင်စားသောက်မှုအခက်အခဲများနှင့် ကြုံတွေ့ရမှုများ၊ KNU ၏ ရန်ကို ကြောက်သဖြင့် ရွာသူ ရွာသားများ ရွာများ၌ မနေရဲဘဲ ထွက်ပြေးရမှုများ၊ ကေအင်န်ယူများက တိုင်းရင်းသား ပြည်သူများအပေါ် လူသတ်၊ မီးရှို့၊ မိုင်းထောင်ဖောက်ခွဲ၊ အကြမ်းဖက်အဖျက်လုပ်ရပ် ကျူးလွန်နေမှုများနှင့် စပ်လျဉ်း၍ ပဏာမရှင်းလင်းပြောကြားသည်။

(ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ပဏာမရှင်းလင်းပြောကြားချက်များကို သီးခြားဖော်ပြထားပါသည်။)

ဆက်လက်၍ ပြည်တွင်းပြည်ပ သတင်းစာဆရာများက ၎င်းတို့သိရှိလိုသည်များကို လည်းကောင်း၊ KNU အကြမ်းဖက်သောင်းကျန်းသူများ၏ ညှဉ်းပန်းနှိပ်စက်၊ လူသတ်၊ မီးရှို့၊ အဓမ္မခြိမ်းခြောက် အနိုင်ကျင့်မှုများနှင့် စပ်လျဉ်းသည်များကို လည်းကောင်း မေးမြန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ သက်ဆိုင်ရာ တာဝန်ရှိ ထွက်ပြေးတိမ်းရှောင်လာရသူများ၊ KNU ၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် အသက်ဆုံးရှုံးရပုံ၊ ဒုက္ခိတဘဝရောက်ရှိနေရပုံ ကိုယ်တွေ့ဖြစ်စဉ်တို့ကို ရင်ဖွင့်ရှင်းလင်း ပြောကြားကြသည်။

သပြေညှနဲ့ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းခန်းမ၌ ကျင်းပသည့် ပြည်တွင်းပြည်ပ သတင်းစာဆရာများ၏ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ ပဲခူးတိုင်း လေ့လာရေးခရီးစဉ်တွင် ဂျာမနီနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Dirk Augustin၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) မှ လက်ထောက်ဌာနေကိုယ်စားလှယ် Si Canka Dhanapala နှင့် ကမ္ဘာ့ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) မှ စီမံကိန်းအရာရှိ Jean Benoit Manhez နှင့် တက်ရောက်လာသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ဖြည့်စွက်ဖြေကြား

ဆက်လက်၍ ပြည်တွင်းပြည်ပ သတင်းစာဆရာများက သိရှိလိုသည်များကို မေးမြန်းကြရာ ဒေသခံပြည်သူတို့က ပြန်လည် ဖြေကြားကြပြီး ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဖြည့်စွက်ဖြေကြား ရှင်းလင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဝန်ကြီး၊ သံတမန်အဖွဲ့ နာယကနှင့် အဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများနှင့် စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များသည် မုန်းမြို့ရှိ မုန်းတိုက်နယ်ဆေးရုံသို့ရောက်ရှိကြရာ ဆေးရုံအုပ် ဒေါက်တာမောင်မောင်ခင်နှင့် ကျန်းမာရေး ဝန်ထမ်းများက ကြိုဆိုကြသည်။

အားပေးစကားပြောကြား

ယင်းနောက် ဝန်ကြီး၊ သံတမန်အဖွဲ့နာယကနှင့် အဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများနှင့် စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များသည် KNU သောင်းကျန်းသူတို့၏ မိုင်းထောင်ဖောက်ခွဲမှုများကြောင့် ကိုယ်လက်အင်္ဂါ ဆုံးရှုံးပြီး ဒုက္ခိတဘဝရောက်ရှိ၍ ဆေးကုသမှုခံယူနေကြရသော ဒေသခံတိုင်းရင်းသား ပြည်သူများအား လှည့်လည်ကြည့်ရှု အားပေးစကားပြောကြားကြသည်။

ထိုသို့ အားပေးစကားပြောကြားရာတွင် လေ့လာရေးခရီးစဉ်တွင် လိုက်ပါလာသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီးကလည်း KNU ၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ဆေးဝါးကုသမှုခံယူနေရသော လူနာများအား တစ်ဦးချင်းတွေ့ဆုံ၍ နှစ်သိမ့်အားပေးစကားများ ပြောကြားသည်။

အလားတူ ပြည်တွင်းပြည်ပ သတင်းစာဆရာများကလည်း မိုင်းထိလူနာများအား တစ်ဦးချင်း လိုက်လံတွေ့ဆုံ၍ KNU ၏ မိုင်းဒဏ်ခံရမှု အခြေအနေများကို လေ့လာမှတ်တမ်းတင်ကြသည်။

မုန်းမြို့ခန်းမ၌ ကျင်းပသည့် ပြည်တွင်းပြည်ပ သတင်းစာဆရာများ၏ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ ပဲခူးတိုင်း လေ့လာရေးခရီးစဉ် ဒုတိယပိုင်းအခမ်းအနားတွင် ကေအင်န်ယူသောင်းကျန်းသူတို့၏ အဖျက်လုပ်ရပ်များကြောင့် အတိဒုက္ခရောက်ခဲ့ကြရသော ဒေသခံတိုင်းရင်းသားပြည်သူများအား တွေ့ရစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၄ ကော်လံ ၁

အားပေးစကားပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ သံတမန်အဖွဲ့ နာယကနှင့် အဖွဲ့ဝင်များ၊ ပြည်တွင်း ပြည်ပမှ သတင်းစာဆရာများနှင့် စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ KNU သောင်းကျန်းသူတို့၏ မိုင်းထောင် ဖောက်ခွဲမှုကြောင့် ကိုယ်လက်အင်္ဂါ ဆုံးရှုံးပြီး ဒုက္ခိတဘဝရောက်ရှိ၍ ဆေး ကုသမှု ခံယူနေကြရသော ဒေသခံ တိုင်းရင်းသားပြည်သူများအား လှည့် လည်ကြည့်ရှု အားပေးစကား ပြော ကြားစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၅–၅–၂၀၀၆ရက် (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာသဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈း၀၀ ၇။ အတီးပြိုင်ပွဲ
- ၈း၀၅ ၈။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၁၅ ၉။ အရေးပြိုင်ပွဲ
- ၈း၂၀ ၁၀။ ဟင်းရွက်ရေလှောင်တမံ
- ၈း၃၀ ၁၁။ International News
- ၈း၄၅ ၁၂။ Grammar Made Easy
- ၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ Practice In Reading
- ၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၆း၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ပထဝီဝင်အထူးပြု) [ရုက္ခဗေဒ]
- ၁၇း၁၀ ၆။ အကပဒေသာ
- ၁၇း၂၀ ၇။ အတီးပြိုင်ပွဲ
- ၁၇း၂၅ ၈။ မြန်မာစာ မြန်မာစကား
- ၁၇း၃၅ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအဆိုအကများ
- ၁၇း၄၀ ၁၀။ **"သတိနဲ့ယှဉ် အသိနဲ့ပြင်"** (အပိုင်း–၁) ဝါးခယ်မရဲမောင်၊ ဘုန်းလျှံ၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြည်ဦး (ဒါရိုက်တာ–မင်းအုပ်စိုး)
- ၁၇း၅၀ ၁၁။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၁၈း၀၀ ၁၂။ ညနေခင်းသတင်း
- ၁၈း၃၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၈း၃၅ ၁၄။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
- ၁၈း၄၅ ၁၅။ တေးဂီတအစီအစဉ်
- ၁၉း၀၅ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာနုနု"** (အပိုင်း–၁၁)
- ၂၀း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အိပ်မက်ကမ္ဘာ"** (အပိုင်း–၁၃)

စာမျက်နှာ ၃ မှ

ပေးအပ်လှူဒါန်း

ထို့နောက် ပြန်ကြားရေးဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတ နိုင်ငံသံအမတ်ကြီး၊ ဂျာမနီနိုင်ငံ သံရုံး ယာယီတာဝန်ခံနှင့် အဖွဲ့ဝင်များ၊ ကုလ သမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်း များ ဖြစ်ကြသည့် UNHCR၊ UNICEF တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများ၊ သတင်းနှင့် ပြန်ကြားရေးဆိုင်ရာ ပုဂ္ဂိုလ်များက ဆေးဝါးကုသမှု ခံယူနေ ကြသော မိုင်းထိ လူနာများအတွက် အလှူငွေများ စုပေါင်း လှူဒါန်းကြပြီး စုစုပေါင်း ငွေကျပ် ၁၀၁၃၀၀ ကို တိုက်နယ် ဆေးရုံဆရာဝန် ဒေါက်တာ မောင်မောင်ခင်ထံ ပေးအပ်လှူဒါန်း ကြသည်။

ယင်းနောက် ဝန်ကြီး၊ သံတမန် အဖွဲ့နာယကနှင့်အဖွဲ့ဝင်များ၊ ပြည် တွင်းပြည်ပသတင်းစာဆရာများသည် မုန်းမြို့တိုက်နယ်ဆေးရုံမှ မော်တော် ယာဉ်များဖြင့် ပြန်လည်ထွက်ခွာကြရာ ညပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိ ကြသည်။

(သတင်းစဉ်)

မုန်းမြို့ခန်းမ၌ ကျင်းပသည့် ပြည်တွင်းပြည်ပ သတင်းစာဆရာ များ၏ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ ပဲခူးတိုင်းလေ့လာရေးခရီးစဉ် ဒုတိယပိုင်းအခမ်းအနားတွင် တက်ရောက်လာသူများအား တွေ့ရစဉ်။

(သတင်းစဉ်)

သပြေညွှန့်ကျေးရွာ စာကြည့်တိုက်အတွက် ပြန်ကြားရေးဝန်ကြီးဌာနမှ စာအုပ်မျိုးစုံလှူဒါန်း

ရန်ကုန် မေ ၁၄

သံတောင်မြို့နယ် သပြေညွှန့်ကျေးရွာ၌ မေ ၁၄ရက်နံနက်ပိုင်းတွင် ကျင်းပသော ပြည်တွင်းပြည်ပသတင်းစာဆရာများ၏ တောင်ပိုင်းတိုင်းစစ်ဌာန ချုပ်နယ်မြေ ပဲခူးတိုင်းအတွင်း လေ့လာရေးခရီးစဉ်တွင် ပြန်ကြားရေးဝန်ကြီးဌာနမှ သပြေညွှန့်ကျေးရွာစာကြည့်တိုက်အတွက် လှူဒါန်းသော စာအုပ်မျိုးစုံအုပ်ရေ ၃၀၀ကို ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးကိုယ်စား ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးချစ်နိုင်က သပြေညွှန့်ကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးထံ ပေးအပ်လှူဒါန်းခဲ့သည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

တောတောင်ရယ်

သာစေဖို့

သဘာဝတောတွေ

ထိန်းသိမ်းစို့

■ ကျောဖုံးမှ

လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသ အာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း၊ နုတ်ထွက်လွှာများပေးပို့အကြောင်းကြားခဲ့သည်။ ထို့နောက် အဆိုပါ မိုးကောင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၂၈ဦးသည် ၎င်းတို့နုတ်ထွက်လွှာများကို မေ ၇ ရက် မွန်းတည့် ၁၂ နာရီတွင် မိုးကောင်းမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင် ရုံးသို့ လာရောက်ပေးအပ်ကြပြီး နုတ်ထွက်လွှာများ စုပေါင်းပေးအပ်သည့် အခမ်းအနားကို ကျင်းပခဲ့သည်။

အခမ်းအနားသို့ မိုးကောင်းမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ၊ မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်တရားသူကြီး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံ တင်ရေးဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ် ဆရာဝန်ကြီး၊ မြို့နယ်ကော်မရှင်အတွင်းရေးမှူး၊ မြို့နယ် စည်ပင်အမှုဆောင်အရာရှိ၊ မြို့နယ် အခွန်ဦးစီးမှူး၊ မြို့နယ်သစ်တောဦးစီးမှူးများနှင့် NLDပါတီမှ နုတ်ထွက်သူ ၂၈ ဦးတို့ တက်ရောက်ကြပြီး မိုးကောင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင် ဦးလှအောင်က အခမ်း အနားမှူးအဖြစ် ဆောင်ရွက်သည်။

အခမ်းအနားတွင် နုတ်ထွက် ပါတီဝင် ၂၈ ဦးကိုယ်စား မိုးကောင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်အလုပ်အမှုဆောင် ဦးဇက်ခမ်းဂွမ်က ၎င်းတို့ NLD ပါတီမှ နုတ်ထွက်ရခြင်းအကြောင်းကို ရှင်းလင်း ပြောကြားရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ဒေသနေပြည်သူလူထု၏ အကျိုးစီးပွားကို ဖော်ဆောင်မှု လုံးဝမရှိကြောင်း၊ ဘေးထိုင် ဘုပြောနေသည့် လူပိုအဖွဲ့တစ်ဖွဲ့အဖြစ်သို့ ရောက်ရှိနေကြောင်း၊ အာဏာမက်မော ပြီး အာဏာရရှိရေးကိုသာ အဓိကထား၍ ကိုယ်ကျိုးအတ္တကြီးမားသော လူတစ်စုနှင့် ဆက်လက် လက်တွဲရန် မလိုတော့ကြောင်း၊ နယ်မြေဒေသကို ဦးဆောင်လမ်းပြနိုင်မှုမရှိခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ဆောင်ရွက်သည့်လုပ်ငန်းများတွင် မှန်ကန်သည့်လမ်းညွှန်မှုမပေးနိုင်ခြင်း၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲများဖြင့် ပါတီဝင်အချင်းချင်း စည်းလုံးညီညွတ်မှု မရှိခြင်းတို့ကိုတွေ့ရကြောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD၏ ဆောင်ရွက်ချက်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသနေပြည်သူလူထု၏ အကျိုးစီးပွားကို ဆောင်ရွက် ခြင်းမရှိသည့်အပြင် ပြည်ပအားကိုးသည့်သဘောထားများ ပိုမိုပေါ်လွင်ထင်ရှားလာပြီး နယ်မြေဒေသ၏ တည်ငြိမ် အေးချမ်းမှုအတွက် ထိခိုက်နိုင်သည့် အခြေအနေမျိုး ဖန်တီးနေသည်ကို တွေ့ရကြောင်း၊ လက်ရှိနိုင်ငံတော်၏ တိုးတက်မှုကို ပြည်သူလူထုအားလုံးက သိမြင်နေပါလျက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အဆိုးမြင်ဝါဒကို လက်ကိုင်ခဲ့ပြီး ပြည်ပ အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်၍ နိုင်ငံတော်၏ ဂုဏ်သိက္ခာကျဆင်းစေရန် နည်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည့်အပြင် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်နိုင်ရန် ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံကြီးကို ဆန့်ကျင်လျက် ပါတီဝင် များတက်ရောက်ခြင်းမပြုရန် ပါတီခေါင်းဆောင်ဆိုသူကဆုံးဖြတ်၍ ၎င်း၏သဘောဖြင့် ညီလာခံကြီးအားကျောခိုင်း ထွက်ခွာခဲ့ကြောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် မူလမျှော်မှန်းထားချက်နှင့် ဆန့်ကျင်ပြီး ပုဂ္ဂိုလ်ရေး ကိုးကွယ်မှုရှိနေကာ ပြည်ပကိုသာ အားကိုးနေသည့်အတွက် ပါတီဝင်များအနေဖြင့် အဖွဲ့ချုပ်အပေါ် ယုံကြည်ကိုးစားမှု မရှိတော့ကြောင်း၊ နိုင်ငံတော်၏ တိုးတက်ဖြစ်ထွန်းမှုကို မသိကျိုးကျွန်ပြုကာ ပြည်သူလူထုနှင့် ကင်းကွာပြီး သီးခြားလူတန်းစား တစ်ရပ်အသွင် ဖြစ်နေသည်ကိုတွေ့ရကြောင်း၊ လက်ရှိတိုင်းပြည်နှင့် လူမျိုးအတွက် အမှန် တကယ်အကျိုးပြု နေသည့် သန့်စင်မွန်မြတ်သော ရပ်တည်မှုကိုသာ လိုလားပါသဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)မှ ၎င်းတို့သဘောဆန္ဒအလျောက် အပြီးအပိုင် နုတ်ထွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် နုတ်ထွက်သည့် ပါတီဝင် ၂၈ဦးကိုယ်စား မိုးကောင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင် ဦးတင်ငွေက ပါတီအတွင်းဆောင်ရွက်ခဲ့စဉ် အသုံးပြုခဲ့သော အသုံးအဆောင်ပစ္စည်းများနှင့် နုတ်ထွက် လွှာများကို မိုးကောင်းမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ထံပေးအပ်ပြီး အခမ်းအနားကို မွန်းလွဲ ၁၂ နာရီခွဲတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်ကြီးမြို့နယ် မုန်းမြို့အနီးနှင့် ကလောမြောင်ကျေးရွာအနီး မိုင်းနှစ်လုံးပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူနှစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် မေ ၁၄

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးနေပြီး အပြစ်မဲ့ပြည်သူများသေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေလိုသည့် ရည်ရွယ်ချက်ဖြင့် အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် အဖျက်အမှောင့်လုပ်ငန်းများကို နည်းမျိုးစုံသုံး၍ လုပ်ဆောင်လျက်ရှိရာ မေ၁၀ရက် နံနက်၇နာရီခွဲ ခန့်တွင် ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် မုန်းမြို့ အမှတ်(၄)ရပ်ကွက်မှ ဦးသန်းလွင်(၄၅)နှစ်သည် ဟင်းရွက်ခူးရန် နေအိမ်မှထွက်ခွာရာ မုန်းမြို့အရှေ့ဘက် နှစ်မိုင်ခန့်အကွာ လူသွားလမ်းပေါ်၌ သောင်းကျန်းသူအဖျက်သမားများ ထောင်ထားခဲ့သည့် မိုင်းတစ်လုံးကိုနင်းမိပေါက်ကွဲသဖြင့် ဝဲဘက်ခြေဖဝါးအသား ကြေမွထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ထိမှန်ဒဏ်ရာရရှိ

အလားတူ မေ ၁၃ ရက် နံနက်၇နာရီခွဲခန့်တွင် မုန်းမြို့ အမှတ်(၄)ရပ်ကွက်မှ ဦးကျော်မင်းဦး (၃၅)နှစ်သည် ကျောက်ကြီးမြို့နယ် ကလောမြောင်ကျေးရွာအနီးတွင် ဟင်းရွက်ခူးသွားစဉ် သောင်းကျန်းသူအဖျက်သမားများ ထောင် ထားခဲ့သည့် မိုင်းတစ်လုံးကိုနင်းမိပေါက်ကွဲသဖြင့် ယာဘက်ခြေကျင်းဝတ် ပြတ်ထွက်ကာ ဝဲဘက်ဒူး အထက်ပိုင်းတွင် မိုင်းစများထိမှန်ဒဏ်ရာရရှိခဲ့သည်။

ဖော်ထုတ်ရှင်းလင်း

အဆိုပါမိုင်းနင်းမိ၍ ဒဏ်ရာရရှိခဲ့သူ ဦးသန်းလွင်နှင့်ဦးကျော်မင်းဦးတို့အား သက်ဆိုင်ရာတာဝန်ရှိသူများကလိုအပ် သောဆေးဝါးကုသမှုများဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား လုံခြုံရေးတာဝန် ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ်ရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

KNU ဏ ၂၀၀၆ နှစ်ဆန်းပိုင်းလောက်စပြီး အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှု အဖျက်လုပ်ငန်းများ စလုပ်လာပဲခူး၊ တောင်ငူနယ်မြေ ပြည်သူတို့၏ အသက်အိုးအိမ် လုံခြုံရေးအတွက် ရှင်းလင်းမှုများ ပြုလုပ်ရ အခိုင်အမာစခန်းများကို တပ်မတော်က တိုက်ခိုက်လာပြီးနောက် ဒုက္ခသည်စခန်းများမှာသာနေလာခဲ့

ယခုအခါ သူတို့နေသည့်နေရာကို ဒုက္ခသည်စခန်းအမည်ခံပြီး ပြည်တွင်းမှ လုပ်နေတဲ့ ပြည်တွင်းတိုက်ကွက် မြေအောက်ကလုပ်သည့် မြေအောက်တိုက်ကွက်နှင့် ပြည်ပတိုက်ကွက်ကို အဆင့်မြှင့်ပြီး လုပ်လာတာဖြစ်

ရန်ကုန် မေ ၁၄

ပြည်တွင်းပြည်ပ သတင်းစာဆရာများ၏ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ ပဲခူးတိုင်းအတွင်း လေ့လာရေးခရီးစဉ်တွင် စစ်တောင်းမြစ် အရှေ့ခြမ်း ထန်းတပင်မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်မြို့နယ် အစပ်ရှိ သပြေညွှန့်ကျေးရွာသို့ ရောက်ရှိလေ့လာစဉ် ပြည်တွင်းပြည်ပသတင်းစာဆရာများက ၎င်းတို့ သိရှိလိုသည်များကိုလည်းကောင်း၊ KNU အကြမ်းဖက်သောင်းကျန်းသူများ၏ ညှဉ်းပန်းနှိပ်စက်၊ လူသတ်၊ မီးရှို့၊ အဓမ္မခိုင်းခြောက်၊ အနိုင်ကျင့်မှုများနှင့် စပ်လျဉ်း၍လည်းကောင်း မေးမြန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၊ သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် KNU တပ်မဟာ(၂)မှ အလင်းဝင်ရောက်လာသူတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။ မေးမြန်းမှုများနှင့် ပြန်လည်ရှင်းလင်းဖြေကြားချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

ဦးမြတ်ခိုင်(မဟာသတင်းဂျာနယ်နှင့် ကောင်းသတင်းဂျာနယ်)

ကျွန်တော်နံပါတ်(၁)သိချင်တာက ဒီအလင်းဝင်တယ်ဆိုတဲ့ရဲဘော်တွေကို ပုဂ္ဂိုလ်တွေကို ဘယ်လိုပုံစံအလင်းဝင်လို့ရအောင် စီမံပေးထားပါသလဲ၊ သူတို့ ဘယ်လိုဆက်သွယ်ကြပါသလဲ။ နောက်တစ်ခါ သပြေညွှန့်ကျေးရွာမှာ သူတို့ကို စံပြကျေးရွာအဖြစ် ထူထောင်ပေးထားတယ်လို့သိရပါတယ်။ သို့သော်လည်းပဲ နှစ်ကြိမ်တိုင်တိုင် ဖျက်ဆီးခံရတယ်လို့ သိရပါတယ်။ သူတို့ကို ဘယ်လို ဆက်လက် အကာအကွယ်ပေးဖို့ အစီအစဉ်ရှိပါသလဲ။ မနေ့က လမ်းခရီးမှာ၊ ပဲနွယ်ကုန်းလောက်မှာ လူတစ်ယောက် ချိန်ကိုက်မိုင်းကြောင့် သေဆုံးသွားတယ်လို့ သိရပါတယ်။ အဲဒါ ဟုတ်မဟုတ် သိလိုပါတယ်။ နောက်နံပါတ်(၄)မေးခွန်းကတော့ ပြည်ပ သတင်းဌာနတွေကနေပြီးတော့ ဖုံးခွဲမှုတွေဟာ အစိုးရနဲ့ ထောက်လှမ်းရေးက လုပ်နေတယ်လို့ တန်ပြန်စွပ်စွဲနေတာ ရှိပါတယ်။ အဲဒါနဲ့ ပတ်သက်လို့လည်း သိလိုပါတယ်။

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးခင်မောင်ဦး ဖြေကြားစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်း တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးဒုတိယဗိုလ်မှူးကြီးသိန်းလွင် ဖြေကြားစဉ်။ (သတင်းစဉ်)

KNU တပ်မဟာ(၂) ရင်း(၅)စောလေးထူး

ကျွန်တော် KNUတပ်မဟာ(၂) ရင်း(၅)မှစောလေးထူးပါ။ ကျွန်တော် ၂၀၀၅ခုနှစ် (၄)လပိုင်းမှာ အလင်းဝင်ပါတယ်။ ဘာကြောင့် ကျွန်တော် အလင်းဝင်သလဲဆိုတော့ KNUတွေ၊ သူတို့လုပ်ရပ်တွေဟာ တစ်ချက်မှ မဟုတ်ဘူး။ သူတို့လူကြီးတွေ ခေါင်းဆောင်တွေက သူတို့ တစ်ယောက်နဲ့ တစ်ယောက် ရာထူးချင်းတူရင် သူတို့အချင်းချင်း မကျေနပ်ကြဘူး။ သူတို့ တစ်ယောက်နဲ့တစ်ယောက် ကြံပြီးတော့လုပ်ချင်ကြတာ။ အဲဒါတွေ ကျွန်တော်လဲ မကြိုက်ဘူး။ နောက် သူတို့က ခွဲခြားထားသေးတယ်။ ပကူးတို့၊ ဘွဲ့တို့၊ ဂေဘား တို့ ခွဲခြားထားတယ်။ ဗိုလ်မှူးအားစီ တပ်မဟာ(၂)မှူးက သူက ပကူး၊ ကျွန်တော်တို့ကလေးတွေက ရင်း(၅)က ဘွဲ့တွေ။ အဲဒီလို ကျွန်တော်တို့ကို ခွဲခြားထားတယ်။ သူတို့ပေးထားတဲ့ထောက်ပံ့ကြေးတွေ၊ အဲဒါတွေလဲ သူတို့ ဗိုလ်မှူးအားစီဆီမှာရောက်ပြီဆိုရင် အဲဒါ တစ်သောင်းဆိုရင် ကျွန်တော်တို့ဆီကို ရောက်ရင် ၂၀၀၀လောက်ပဲရောက်တော့တယ်။ အဲဒီကိစ္စ သူတို့အချင်းချင်းလည်း ပြဿနာတက်ကြတာရှိတယ်။ အဲဒါတွေ ကျွန်တော်မခံနိုင်တော့လို့၊ ကျွန်တော်မနေနိုင်တော့လို့ ကျွန်တော် အလင်းဝင်လာခဲ့ပါတယ်။ ဒီမှာ အလင်းဝင်လာတာ ကျွန်တော် အေးအေးချမ်းချမ်းနေဖို့ဆိုပြီး ကျွန်တော် ဒီသပြေညွှန့်ကျေးရွာမှာ ပြန်လာနေပါတယ်။ ဒါပေမယ့် ကျွန်တော်နေတဲ့အချိန် KNUတွေက ကျေးရွာတွေ၊ ကျွန်တော်တို့အိမ်တွေ မီးလာရှို့တာ ကျွန်တော်တို့ အိမ်တွေလည်း အကုန်ပါသွားပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ သူငယ်ချင်းတစ်ယောက်ကိုလည်း ပစ်သတ်သွားပါတယ်။အဲဒါ တွေက၊ သူတို့လုပ်တဲ့ဟာတွေက တစ်ခုမှလည်းမဟုတ်။ ကျွန်တော်တို့ သူငယ်ချင်းတစ်ယောက်လည်း သေတယ်။ ကျွန်တော်တို့ အိမ်တွေလည်း ပါသွားတယ်။အဝတ်အစားတွေလည်း အကုန်လုံးပါသွားတာ ဘာမှ မရှိတော့ဘူး။ သူတို့ မီးနဲ့အကုန်ရှို့ပစ်လိုက်တယ်။ အဲဒါ ကျွန်တော်တို့ စိတ်မကောင်းဘူး။ သူတို့က ဒီလိုမျိုးလုပ်တာ၊ အဲဒါတွေ မီးရှို့တဲ့ကိစ္စတစ်ခုဟာ လုံးဝ ကျွန်တော်လက်မခံဘူး။ ကျွန်တော်တို့ သူငယ်ချင်းတွေ သေရတဲ့ သူလည်းရှိတယ်။သူငယ်ချင်းနှစ်ယောက်ကို သူတို့ဖမ်းခေါ်သွားတယ်။ အဲဒါ သူတို့သေလား၊ ရှင်လားတောင်မသိဘူး။နောက်ပြီးတော့ တစ်ခုကျတော့ ဗိုလ်မှူးအားစီက ရင်း(၆)မှူးစတီးဘားတို့ကိုကြံပြီးတော့ အမျိုးမျိုးလုပ်ပါတယ်။နောက်ပြီးတော့ဂျီးဂျီကိုလည်း သူနာပြုဆရာမတစ်ယောက်နဲ့ ဒီလို ဒီလိုဖြစ်တယ်ဆိုပြီးတော့ ဒီဗိုလ်မှူးအားစီကစွပ်စွဲပါတယ်။ အဲဒါကို ဂျီးဂျီကို သူက အပြစ်ပေးပြီးတော့ ဗဟိုတွေဘာတွေ သူတို့ဘာလုပ်မလဲတော့မသိဘူး၊ အဲနောက် ရင်း(၆)မှူး စတီးဘားဟာ အေးအေးဆေးဆေး ဒီမှာငြိမ်းချမ်းရေးပြန်လာလုပ်ဖို့၊ အလင်းပြန်ဝင်ဖို့ဆိုပြီးတော့ ပြန်လာပါတယ်။ ပြန်လာဖို့လုပ်နေတယ်။ အဲဒါကို ဗိုလ်မှူးအားစီတို့က သိသွားတော့ စတီးဘားကို ခေါ်ပြီးတော့ ဗဟိုကိုပို့လိုက်တယ်။ နောက်ဆီဒေါဖို့ရွာက ရွာသားငါးယောက်ကိုလည်း ဗိုလ်မှူးအားစီကပဲ သတ်လိုက်ပါတယ်။ သူတို့က ဘာမှလည်း အပြစ်ရှိတာ မဟုတ်ဘူး။

ဆန်ကေးရှင်ဘွန်းသတင်းစာ မှ ဒေါက်တာ ဇော်သန်း သပြေညွှန့်ရွာတွင် မေးမြန်းစဉ်။ (သတင်းစဉ်)

ပြည်မြန်မာသတင်းဂျာနယ်မှ ဒေါက်တာတင်ထွန်းဦး သပြေညွှန့်ရွာတွင်မေးမြန်းစဉ်။ (သတင်းစဉ်)

ဂျီဂျီ သတင်းဌာနမှ ဦးအောင်သူမြိုင် သပြေညွှန့်ရွာတွင် မေးမြန်းစဉ်။ (သတင်းစဉ်)

မဟာသတင်းဂျာနယ်နှင့်ကောင်းသတင်းဂျာနယ်မှဦးမြတ်ခိုင်သပြေညွှန့်ရွာတွင် မေးမြန်းစဉ်။ (သတင်းစဉ်)

ပေါ်ပြူလာဂျာနယ်မှ ဦးဟိန်းလတ် သပြေညွှန့်ရွာတွင် မေးမြန်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့မှဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး) မေးမြန်းစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း

ဦးမြတ်ခိုင် ပထမမေးတဲ့မေးခွန်းက KNU သောင်းကျန်းသူတွေ အလင်းဝင်ချင်တယ်ဆိုလို့ရှိရင် အလင်းဝင်လာလို့ရအောင် နိုင်ငံတော်အစိုးရအနေနဲ့ တပ်မတော်အနေနဲ့ ဘယ်လိုများစီစဉ်ဆောင်ရွက်ထားမှုတွေ ရှိသလဲလို့ မေးသွားတယ်ဖြစ်ပါတယ်။ သောင်းကျန်းသူတွေ အလင်းဝင်ချင်တယ်ဆိုရင် ကျွန်တော် တို့ရဲ့တပ်စခန်းတွေက နဂိုကတည်းက နယ်မြေအနှံ့မှာရှိပါတယ်။ အခုလို ရိုးမနဲ့ရထားလမ်း၊ ကားလမ်းကြားကွင်းအစပ်တွေမှာလည်းရှိပါတယ်။ အလားတူ အတွင်းပိုင်းက နယ်မြေထဲမှာလည်း တပ်စခန်းတွေ သူ့ဟာသူနဂိုကတည်းက ရှိပါတယ်။ အခုမှရှိတာ မဟုတ်ပါဘူး၊ နောက်တစ်ခါ စစ်ဆင်ရေးစစ်ကြောင်းတွေကလည်းပဲ သူ့မူလ အစီအမံအတိုင်းရှိနေပြီးတော့ လုံခြုံရေး၊ ရှင်းလင်းရေးအလုပ်တွေ သူ့ပုံမှန်လုပ်ပါတယ်။ အလင်းဝင်ချင်တဲ့ သောင်းကျန်းသူများဟာ အဲဒီ တပ်စခန်းတွေကိုသော်လည်းကောင်း၊ အဲဒီ စစ်ကြောင်းတွေကိုသော်လည်းကောင်း အဆက်အသွယ်ပြုပြီး အလင်းဝင်လို့ရပါတယ်။ အဲဒီလို အလင်းဝင်နိုင်အောင်လည်း သက်ဆိုင်ရာကျေးရွာတွေမှာ အဲဒီလိုဝင်လို့ရတယ်ဆိုတာတွေကို ပြည်သူတွေအားလုံးသိရှိအောင် ပြောထားပြီးသား ဖြစ်ပါတယ်။ အဲဒီလိုနည်းနဲ့ ကြားခံကျေးရွာပြည်သူတွေကတစ်ဆင့် ဆက်သွယ်ပြီးတော့ သက်ဆိုင်ရာစခန်းတွေ၊ သက်ဆိုင်ရာစစ်ကြောင်းတွေမှာ အလင်းဝင်လာခဲ့တဲ့သောင်းကျန်းသူတွေ အများအပြား ရှိပါတယ်။ ဒါဟာ ဘယ်လိုစီစဉ်ပေးထားသလဲဆိုတဲ့ အမေးအတွက် ဖြစ်ပါတယ်။

နောက်တစ်ခုကလည်းပဲ ကျွန်တော်တို့တပ်မတော်သားတွေဟာ ကျွန်တော်တို့မှာ စစ်သည်တော်ကျင့်ဝတ်ရှိပါတယ်။ ရန်သူ့အပေါ်မှာထားရတဲ့ကျင့်ဝတ်လည်းရှိပါတယ်။ ပြည်သူအပေါ်မှာထားရတဲ့ကျင့်ဝတ်လည်းရှိပါတယ်။ ရန်သူအပေါ်မှာထားရတဲ့ကျင့်ဝတ်နဲ့ ပတ်သက်ရင်တော့ ရန်သူအဖြစ် တိုက်ခိုက်နေချိန်မှာတော့ ရန်သူအပေါ်မှာနေလို မီးလိုကျင့်ရပါတယ်။ ရန်သူတစ်ယောက်က သူ့အမြင်မှန်ရပြီး အလင်းဝင်လာပြီဆိုရင်တော့ အလင်းဝင်လာဖို့ ဆက်သွယ်ကမ်းလှမ်းလာပြီဆိုရင်တော့ သူ့အပေါ်မှာ ရေလို လလိုကျင့်ရပါတယ်။ ဒါစီစဉ်ပေးထားတဲ့ အစီအစဉ်ပဲဖြစ်ပါတယ်။ ပြီးရင် အလင်းဝင်လာပြီးသား သောင်းကျန်းသူတွေကို သူတို့ဘဝရပ်တည်နိုင်ဖို့လည်း နိုင်ငံတော်က စီစဉ်ပံ့ပိုးပါတယ်။ ဥပမာ–ဒီသပြေညွှန့်ကျေးရွာမှာ အလင်းဝင်ရောက်ရှိလာတဲ့သူတွေအတွက်ဆိုရင် တန်ဖိုးနည်းအိမ်ရာဆောက်ပေးပါတယ်။ နွားတစ်ရှဉ်းနဲ့လည်း စီစဉ်ပေးပါတယ်။ သူတို့ အလုပ်လုပ်နိုင်အောင် လယ်ယာမြေများကို ဖော်ထုတ်ပြီးတော့ ပေးပါတယ်။ ဒါက တစ်ယောက်ချင်း၊နှစ်ယောက်ချင်း စသည်ဖြင့် ဒီလိုအလင်းဝင်လာတဲ့ အလင်းဝင်တွေအပေါ်မှာ စီစဉ်ပေးမှုဖြစ်ပါတယ်။ ဥပမာအဖွဲ့လိုက် ဝင်လာရင်လည်းပဲ အခုဒီဘက်တောင်ငူနယ်မြေမှာ ဗိုလ်မှူးစောဖယ်ရီမိုးဆိုတာ သူ့အဖွဲ့နဲ့ အလင်းဝင်တာရှိပါတယ်။ ဗိုလ်မှူးစောဖယ်ရီမိုးအဖွဲ့အတွက်ဆိုရင်လည်းပဲ သင့်တော်တဲ့နေရာမှာ သူတို့နေထိုင်နိုင်အောင်၊ လုပ်ကိုင်စားသောက်နိုင်အောင် နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးပါတယ်လို့ ကျွန်တော် ဖြေလိုပါတယ်။

နံပါတ်(၂)မေးခွန်းက ဒီသပြေညွှန့်စံပြကျေးရွာကို သောင်းကျန်းသူက ဝင်ရောက်တိုက်ခိုက်တာ နှစ်ခါရှိပါပြီတဲ့ ။ ကျေးရွာလုံခြုံရေးအတွက် ဘယ်လိုများစီစဉ်ဆောင်ရွက်ပေးသလဲတဲ့။ ဒီကျေးရွာအပါအဝင် ပြည်သူတွေ အားလုံးရဲ့လုံခြုံရေးကို နိုင်ငံတော်အစိုးရအနေနဲ့ကတော့ အစီအမံရှိရှိဆောင်ရွက်ပေးလျက်ရှိပါတယ်။ စောစောကပြောခဲ့တဲ့အတိုင်း လုံခြုံမှုရှိစေဖို့ရာအတွက် အချက်အချာကျတဲ့ နေရာတွေမှာ တပ်မတော်စခန်းတွေရှိပါတယ်။ အတွင်းပိုင်းတွေမှာ နဂိုကတည်းက တပ်မတော်စခန်းတွေရှိပါတယ်။ အတွင်းပိုင်းတွေမှာ နဂိုကတည်းက လုံခြုံရေးလုပ်နေတဲ့ ရှင်းလင်းရေးလုပ်နေတဲ့တပ်ဖွဲ့တွေရှိပါတယ်။ အဲဒါတွေဟာ ဒီသပြေညွှန့်ကျေးရွာအပါအဝင် ကျေးရွာအားလုံး၊ ပြည်သူအားလုံးအတွက် ဆောင်ရွက်ပေးထားတဲ့အစီအမံတွေပဲဖြစ်ပါတယ်။ ကျွန်တော်တို့ စစ်စကားနဲ့ ပြောရင်တော့ ဒါအတွင်းစည်းရှိတယ်ပေါ့၊ အပြင်စည်းရှိတယ်ပေါ့၊ အဝေးစည်းရှိတယ်ပေါ့။ ဒီသဘောတွေနဲ့ဆောင်ရွက်ပါတယ်။ ဒါကတော့ သပြေညွှန့်ကျေးရွာကို လုံခြုံရေး ဆောင်ရွက်ပေးတဲ့အစီအမံတွေ ဘယ်လိုရှိသလဲဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ အဖြေဖြစ်ပါတယ်။

နံပါတ်(၃)ကတော့ မနေ့က ကျွန်တော်တို့လာခဲ့တဲ့လမ်းမှာ ချိန်ကိုက်ဗုံးပေါက်ပြီးတော့ လူတစ်ယောက်သေသွားတယ်ဆိုတာ ဟုတ်ပါသလားတဲ့။ ဒီကိစ္စနဲ့ ပတ်သက်လို့ကတော့ ကျွန်တော်တို့ စုံစမ်းစစ်ဆေးဆဲဖြစ်ပါတယ်။ ဒါ့ကြောင့် ချိန်ကိုက်ဗုံးလား၊ ထောင်ချောက်ဗုံးလားဆိုတာ ကျွန်တော်တို့

စာမျက်နှာ ၆ ကော်လံ ၁ သို့

KNUက ဇနီး သားသမီးများနှင့် ဆွေမျိုးများကို တစ်ဖက်ကို ခေါ်သွား ဒုက္ခသည်စခန်းဆိုပြီး ထောက်ပံ့ငွေရအောင်လုပ်ဆောင်

စာမျက်နှာ ၅ မှ

ဒီလိုတစ်ထစ်ချပြောလို့မရသေးပါဘူး။ သို့သော် ဒီဘက်မှာ အသုံးများတာဟာ ထောင်ချောက်ဗုံးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီမှာပေါက်ကွဲသွားတဲ့ဗုံးသည် ထောင်ချောက်ဗုံးဖြစ်ဖို့များပါတယ်လို့ သုံးသပ်ရပါတယ်။ အဲဒီ ထောင်ချောက်ဗုံးဆိုတဲ့သဘောက သူကကြမ်းကြမ်းတမ်းတမ်းလှုပ်ရှားရင် အဲဒီထောင်ချောက်ခလုတ်ပြုတ်ပြီး သူ့ဘာသာသူကွဲပါတယ်။ ဒါကြောင့် ထောင်ချောက်ဗုံးဖြစ်ဖို့များတယ်လို့ ဒီလိုသုံးသပ်ရပါတယ်။ နောက်တစ်ခါ အဲဒီဖြစ်စဉ်ဟာ ကျွန်တော်တို့ ဆက်စပ်ရရှိတဲ့ သတင်းတွေအရ သောင်းကျန်းသူက စခိုင်းတဲ့ ထောင်ချောက်ဗုံးကို တစ်နေရာကနေတစ်နေရာ သူတို့ရည်မှန်းတဲ့နေရာကို ရွှေ့ပြောင်းရင်း အဲဒီရွှေ့ပြောင်းတဲ့ပုဂ္ဂိုလ် သူ့ဘာသူကွဲပြီးတော့ သေသွားတာဖြစ်ပါတယ်။ ဒါက တတိယမေးခွန်းအတွက် အဖြေပါ။

စတုတ္ထမေးခွန်းကတော့ အခုလို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးနေတာတွေဟာ တပ်မတော်ကလုပ်နေတာ။ ထောက်လှမ်းရေးကလုပ်နေတာလို့ သောင်းကျန်းသူတွေနဲ့ ပြည်ပမီဒီယာတွေက စွပ်စွဲနေတယ်။ အဲဒီအပေါ်မှာ ဘယ်လိုရှိပါသလဲလို့ မေးသွားတာဖြစ်ပါတယ်။ အဲဒီတော့ ဖောက်ခွဲဖျက်ဆီးပြီးသွားလို့ အဲဒီဖောက်ခွဲဖျက်ဆီးတဲ့တရားခံတွေကို ကျွန်တော်တို့ ပြန်လည်ဖော်ထုတ်ဖမ်းဆီးပါတယ်။ အများစုက ပြန်လည်ဖော်ထုတ်လို့ရတာချည်းပါပဲ။ အဲဒီ ပြန်လည်ဖော်ထုတ်လို့ရတဲ့ တရားခံတွေကိုကြည့်လိုက်ရင် KNU ကစီစဉ်ပေးလို့၊ KNU က ခိုင်းလိုက်လို့၊ KNU ကငွေကြေးပေးပြီး လုပ်ခိုင်းလို့ဆိုတာ အားလုံးပေါ်လွင်ပြီးဖြစ်ပါတယ်။ ပြီးခဲ့တဲ့သတင်းစာရှင်းလင်းပွဲတွေမှာလည်း တောင်ငူအတွင်းမှာ ဖောက်ခွဲဖျက်ဆီးမှုလုပ်တာ၊ KNU ကလာရောက်ပြီးတော့မှ စီစဉ်ပြီးတော့ ဖောက်ခွဲဖျက်ဆီးတယ်ဆိုတာကိုလည်းပဲ သတင်းစာဆရာကြီးများကို ကျွန်တော်တို့ အဲဒီလိုဖမ်းမိတဲ့ KNU တပ်သားကအစ ကျွန်တော်တို့ရှင်းလင်းချပြပြီးဖြစ်ပါတယ်။ အလားတူပဲ ပဲခူးယ်ကုန်းတို့၊ ဖြူးတို့စတဲ့ နေရာတွေမှာ ဖောက်ခွဲဖျက်ဆီးသွားတာတွေဟာလည်းပဲ KNU တွေက ငွေပေးပြီး၊ အကျပ်ကိုင်ပြီး စေခိုင်းလို့ ဖောက်ခွဲဖျက်ဆီးကြရတာတွေပါဆိုတာကို တရားခံကာယကံရှင်များကိုယ်တိုင်ရှင်းလင်းဝန်ခံကြပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခုလိုအဖျက်အမှောင့် လုပ်ငန်းတွေလုပ်နေတာဟာ အကြမ်းဖက်အဖျက်သမားများဖြစ်တဲ့ KNU နဲ့ အပေါင်းပါအဖွဲ့သားများသာ ဖြစ်ပါတယ်ဆိုတာထင်ရှားကြောင်း ဖြေကြားလိုပါတယ်။

ဦးအောင်သူမြိုင်(ဂျီဂျီသတင်းဌာန)

သပြေညွှန့်ကျေးရွာဟာ တောင်ငူနဲ့ဘယ်လောက်ဝေးပါသလဲ။ ကရင်ပြည်နယ် သို့မဟုတ် ပဲခူးတိုင်းအတွင်းမှာရှိတာလား၊ လူဦးရေဘယ်လောက်ရှိပါသလဲ။ ကရင်ဘယ်လောက်၊ ဗမာဘယ်လောက်ရှိပါသလဲ။ ဘယ်နှစ်က စတင်တည်ထောင်ခဲ့တာလဲ သိလိုပါတယ်။

ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းလွင်

သပြေညွှန့်ကျေးရွာဟာ ကရင်ပြည်နယ်၊ သံတောင်မြို့နယ်က ဖြစ်ပါတယ်။ တောင်ငူနဲ့ မိုင်(၃၀)ခန့် ကွာဝေးပါတယ်။ ထန်းတပင်ရယ်၊ ကျောက်ကြီးရယ်၊ သံတောင်မြို့ရယ် သုံးမြို့နယ်စပ်ဖြစ်ပါတယ်။

ဘုမ္မတီးကျေးရွာမှ ဦးမျိုးမြင့် ဖြေကြားစဉ်။ (သတင်းစဉ်)

ကေအန်ယူ တပ်မဟာ(၂)မှ အလင်းဝင်စောလေးထူး ဖြေကြားစဉ်။ (သတင်းစဉ်)

သပြေညွှန့်ကျေးရွာမှ ဦးမြင့်ဇော်ဖြေကြားစဉ်။ (သတင်းစဉ်)

လယ်ယာစီးပွားသတင်းဂျာနယ်နှင့် မျိုးမြန်မာဂျာနယ်မှ ဦးမြတ်စိုး(လှိုင်) သပြေညွှန့်ရွာတွင် မေးမြန်းစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း

သပြေညွှန့်ကျေးရွာမှာ အိမ်ခြေ ၃၀၀ ကျော်လောက်ရှိပြီးတော့ လူဦးရေ ၂၀၀၀ ကျော်လောက်ရှိပါတယ်။ ဒီမှာနေကြတဲ့ တိုင်းရင်းသားတွေက ပအိုဝ်းတိုင်းရင်းသားတွေလည်းရှိတယ်။ ကရင်တိုင်းရင်းသားတွေလည်း ရှိပါတယ်။ တခြားတိုင်းရင်းသားတွေလည်းရှိပါတယ်။ သတင်းစာဆရာကြီးများလမ်းတစ်လျှောက်မှာ ဆိုင်းဘုတ်တွေသတိထားကြည့်ရင် တွေ့ပါလိမ့်မယ်။ အဲဒီရွာကြီးတစ်ရွာမှာ ရေးထားတဲ့စာဆိုရင် အဲဒါ ပအိုဝ်းစာဖြစ်ပါတယ်။ ဒါ မြန်မာနိုင်ငံရဲ့ သဘာဝပါပဲ။ ဘယ်ရွာမှာမှ တိုင်းရင်းသားတစ်မျိုးတည်းနေတယ်။ ဘယ်မြို့မှာမှ တိုင်းရင်းသားတစ်မျိုးတည်းနေတယ်လို့ မရှိပါဘူး။ ရွာတိုင်း၊ မြို့တိုင်းဟာ ပြည်ထောင်စုလေးတစ်ခုလိုပါပဲ။ အလားတူပါပဲ ဒီ သပြေညွှန့်ရွာမှာလည်း လူဦးရေ ၂၀၀၀ ကျော်ရှိတယ်။ ဒီ ၂၀၀၀ ကျော်မှာ ကရင်တိုင်းရင်းသားတွေလည်းနေကြတယ်။ ပအိုဝ်းတိုင်းရင်းသားတွေလည်းရှိတယ်။ တခြားတိုင်းရင်းသားတွေလည်းရှိနေတဲ့ အနေအထားဖြစ်ပါတယ်။ အဲတော့ ဒီကျေးရွာရဲ့ Location ကတော့ စောစောကပြောခဲ့တဲ့အတိုင်း ပဲခူးတိုင်းအတွင်းက ကျေးရွာမဟုတ်ပါဘူး။ ကရင်ပြည်နယ် သံတော်မြို့နယ်က ကျေးရွာတစ်ရွာဖြစ်ပါတယ်။

ဦးဟိန်းလတ်(ပေါ်ပြူလာဂျာနယ်)

ခုနက ဝန်ကြီး ရှင်းပြတဲ့အထဲမှာပါပါတယ်။ ဒီ သပြေညွှန့်ရွာနဲ့အနီးအနားရွာတွေကို KNU သောင်းကျန်းသူတွေက ပစ်ခတ်သတ်ဖြတ်၊ လုယက် မီးရှို့ကြတာ သိရပါတယ်။ သပြေညွှန့်ရွာမှာလည်း မီးရှို့ဖျက်ဆီးတယ်ဆိုတာ သိရပါတယ်။ ဘာကြောင့် မီးရှို့တာလဲ၊ ဘယ်လို မီးရှို့တာလဲ၊ မီးရှို့တဲ့ အဖြစ်အပျက်ကို ကြားသိရတဲ့သူ၊ ကိုတွေ့ တွေ့ရတဲ့သူများရှိရင် အဲဒီအကြောင်းလေးများကို သိပါရစေ။

ဦးမြင့်ဇော်(သပြေညွှန့်ရွာသား)

ကျွန်တော်က ဒီသပြေညွှန့်ရွာက ဒေသခံတစ်ဦးပါ။ ကျွန်တော့နာမည် ကိုမြင့်ဇော် ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီသပြေညွှန့်ဒေသက နေလို့လည်း ကောင်းတယ်။ နောက် ဒီမှာက စံပြရွာ၊ စံပြရွာဆိုတော့ အထက်တန်းကျောင်းတွေ ဘာတွေရှိတယ်။ ရှိတဲ့အခါကျတော့ ကျွန်တော်တို့ ဒီအနီးအနားကလည်း တချို့နေချင်တဲ့သူတွေက ဒီရွာမှာ လာပြီးတော့ နေကြတာရှိတယ်။ နောက်ပြီး ဒီမှာက တောင်ခြေနဲ့ ကပ်တဲ့အခါကျတော့ ရွှေကျင်တာတို့ ဘာတို့ အဲဒါမျိုးတွေလည်း လုပ်စားကိုင်စားလို့လည်းရတယ်။ ရတော့ အလင်းဝင်တွေလည်း၊ အလင်းဝင်အဖွဲ့တွေကိုလဲ စံပြအိမ်ရာပေါ့။ စံပြအိမ်ရာဆိုတာ သွပ်မိုး၊ ပျဉ်ထောင်တွေနဲ့ပေါ့။ အဲလိုမျိုးလုပ်ပေးတော့ အနီးအနားပတ်ဝန်းကျင်က တချို့ရွာတွေကလည်း နည်းနည်းစိတ်ဝင်စားလာကြတယ်။ ကျွန်တော်တို့ကလဲ ဒီက ဒေသခံဆိုတော့ အဲဒီရွာလေးမှာ ကျွန်တော်တို့ကလည်း အဲဒီတန်ဖိုးနည်း စံပြအိမ်ရာဆိုပြီးတော့ ကျွန်တော်တို့က အိမ်ဆောက်ပြီး နေကြတာပေါ့။ ကျွန်တော်တို့ အိမ်ဆောက်တော့ နိုင်ငံတော်ကလည်း ဥပမာ သွပ်တွေဘာတွေ လိုတယ်ဆိုလို့ရှိရင် အပြင်ဈေးနဲ့ မဝယ်ရဘူးပေါ့။ အစိုးရ ထုတ်ဈေးတွေနဲ့ ဝယ်ရတာပေါ့။ အဲဒါနဲ့ ဆောက်ပြီးတော့ ကျွန်တော်တို့ အဲဒီမှာ အိမ်တွေလည်း ဆောက်လည်းပြီးရော ဆောက်ပြီးလို့မှ တက်နေလို့ ၄၊ ၅၊ ၁၀ရက်လောက်ပဲ ကြာသေးတယ်။ အဲဒီမှာ အဲဒီညနေကဆိုရင် ကျွန်တော်က တောင်ငူပြန်ဆင်းသွားတယ်။ ကျွန်တော် တောင်ငူပြန်ဆင်းသွားတဲ့ အချိန်မှာ ညဘက်မှာ ဒီမှာဝင်ပြီးတော့ ဒီရွာဝင်ပြီးတော့ မီးရှို့ကြတယ်။ မီးရှို့တဲ့အခါကျတော့ ကျွန်တော့် အိမ်မှာထားခဲ့တဲ့ ကောင်လေးတစ်ယောက် ရှိတယ်။ ကျွန်တော့်အိမ်မှာထားခဲ့တဲ့ ကောင်လေးက ဒီရွာထဲကနေ ည ကိုးနာရီခွဲလောက် ပြန်သွားတယ်။ ပြန်သွားပြီးတော့ အိမ်ရောက်တော့ ၁၀နာရီလောက် ဖြစ်နေပြီ၊ အဲဒီအချိန်မှာ သေနတ်သံ နှစ်ချက်ကြားရတယ်။ ပထမ တူမီးသံလိုလို ဘာလိုလိုပေါ့။ အဲဒီလိုမျိုး ကြားလိုက်တာ။ ကြားလိုက်တဲ့ အခါကျတော့ ကလေးတွေက ငြိမ်ပြီးတော့ ကြည့်နေသေးတယ်။ နောက်ကျတော့ လက်နက်ကြီးနဲ့ပစ်တယ်။ အဲဒီလက်နက်ကြီးက ကျွန်တော့်အိမ်ပေါ်ကို ကျပါတယ်။ ကျွန်တော်အိပ်တဲ့ နေရာတည့်တည့်ကိုပဲ ကျတယ်။ ကျွန်တော်က အဲဒီနေ့တုန်းက တောင်ငူမှာ ဆန်သွားဝယ်နေတဲ့ အချိန်ဖြစ်နေလို့။ အမှန်က ကျွန်တော်လဲ အဲဒီညက ပြန်လာမလို့ပဲ။ ဒါပေမဲ့ ဒီဘက်ပိုင်းက ညပိုင်း လမ်းကြောင်းမှာ ဒီကောင်တွေက အမြဲဒုက္ခပေးနေတယ်။ ဒုက္ခပေးနေတော့ ကျွန်တော်တို့ကလည်း ညပိုင်းကျတော့ ကြောက်တယ်။ ကြောက်တော့ ပြန်မလာရဲဘူးပေါ့။ အဲဒါနဲ့ ကျွန်တော် မနက်မှ ပြန်လာတဲ့အခါ ဒီရောက်တဲ့ အခါကျတော့ ကျွန်တော်တို့ အဲဒီမှာ အိမ်လေးလုံးက ဘာမှ မရှိတော့ဘူး။ ကျွန်တော့်အိမ်ပေါ်မှာရှိတဲ့ အိုးတွေ၊ ခွက်တွေ၊ ပန်းကန်တွေ၊ နောက်ဆုံး အဝတ်အစားတွေကအစ အကုန်သူတို့ ယူချသွားတာ။ ဆိုးတာက လူကိုပါ သေနတ်နဲ့ ပစ်သတ်သွားတာ။

ရက်ရက်စက်စက် ရင်ဝကို သေနတ်နဲ့တေ့ပြီးတော့ ပစ်သွားတဲ့ အနေအထား မျိုးတွေပေါ့နော်၊တစ်ရွာလုံးကို သူတို့ဝိုင်းထားတယ်။ ဝိုင်းထားပြီးတော့မှ ဒီအတွင်းထဲကို တဖြည်းဖြည်း စိမ့်ဝင်တာဖြစ်တယ်။သူတို့ ကျွန်တော်တို့ ရွာကိုဘာကြောင့်ဝင်ပြီး မီးရှို့တယ်ဆိုတာတော့ ကျွန်တော်တို့မသိဘူး၊ ဒါပေမယ့် သူတို့အတွင်းထဲမှာတော့ သူတို့ဟာသူတို့ ကျိတ်ဖြစ်နေတာတော့ ရှိတယ်။ နောက်တစ်ခုရှိတာက ဒီဘက်က စံပြကျေးရွာ ဘာညာဆိုတော့ နည်းနည်းဒေသက ဖွံ့ဖြိုးလာတယ်၊ အဲဒါလည်း သူတို့မလိုချင်တဲ့သဘောရှိပါတယ်။ ဒီဘက်နယ် မှာရှိတဲ့ ဒီ ဘုမ္မတီးတို့၊ ကျောက်ကြီးပေါက်တို့ ဘာတို့ ဒီသပြေညွှန့်ရွာကို အရမ်းစိတ်ဝင်စားတယ်။ မြို့ကွက်ကလေးလည်း ပေးထားတာပေါ့၊ နောက် အထက်တန်းကျောင်းခွဲ ဒီမှာတစ်ကျောင်းရှိတယ်။ ဟိုလမ်းမှာ တစ်ကျောင်း ရှိတယ်ဆိုတော့၊ နောက်ဒီမှာ တိုက်နယ်ဆေးရုံရှိပါတယ်။နောက်ဒီရွာရဲ့ ဟိုဘက်အခြမ်းမှာ ဆိုလို့ရှိရင် ကျွန်တော်တို့ ရွှေကျင်တာရှိတယ်။ ဒေသထွက်ပေါ့၊ ရွှေကျင်ကြတာရှိတယ်။ သစ်ခုတ်တာရှိတယ်ဆိုတော့ ဘယ်လိုပဲဖြစ်ဖြစ် ဒီနားမှာ နေတဲ့ လူကတော့ စီးပွားရေး လုပ်စားကိုင်စားလို့ ကောင်းတာပေါ့၊ လုပ်စားကိုင်စားလို့ကောင်းတော့ ဒီနားလာနေကြတာပေါ့၊ အခုသူတို့ဝင်ပြီးတော့ အဲလိုမျိုး လုပ်သွားတဲ့အခါကျတော့ တော်တော်များများလည်း မနေရဲကြ၊ မလုပ်ရဲကြ၊ အဲလိုမျိုး ဖြစ်သွားတာပေါ့။ ဆိုးတာကတော့ အဲဒီမှာ ပထမအိမ်လေးလုံး ဝင်ရှို့သွားတာ ဓာတ်ဆီတွေပါလာတယ်။ ဓာတ်ဆီတွေ ဘာတွေနဲ့ ရှို့သွားတယ်။ တစ်ယောက်ဆိုရင် ကျွန်တော်မြို့မှာ ထားခဲ့ရတယ်။ မြို့မှာ ဆေးတွေ ဘာတွေ ကုနေရတယ်။ တော်တော်ကို ကြောင်သွားတာပေါ့၊ အဲဒီလို လက်နက်ကြီးတွေဘာတွေနဲ့ပစ်တဲ့အခါကျတော့ ကြောင်သွားတယ်။ ဥပမာ– စစ်တပ်တွေ ရှိလို့ပေါ့၊ စစ်စခန်းတွေ ရှိလို့၊သူတို့ ရန်သူပဲဆိုချတယ်ဆို တစ် မျိုးပေါ့။အခုဟာက ကျွန်တော်တို့ ဘာမှမဆိုင်တာ အေးအေးချမ်းချမ်းနေတဲ့ လူ တွေ လာပြီးလုပ်တာ၊ ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ ဒီကိစ္စတော်တော် အခံရခက်ပါတယ်။ သူတို့ဘက်က သူတို့လွဲမှားပြီးဖြစ်တာလား၊ ဒါမှမဟုတ် သူတို့ တမင်သက်သက် လုပ်တာလား၊ အဲဒါတွေ ကျွန်တော်တို့ နောက်ပိုင်း ပြန်ပြီး လေ့လာတဲ့ အခါကျတော့ ဒီဟာကြီးကို ဒီနေရာဖွံ့ဖြိုးနေတာသူတို့ မလိုချင်ဘူး၊ ဒီနေရာဖွံ့ဖြိုးလို့ရှိရင် ရှင်းရှင်းပြောရရင် နိုင်ငံတော်က သိပ်တအား လုပ်ပေးမှာပေါ့၊ လုပ်ပေးလို့ တကယ်လို့ အဆင်ပြေလာလို့ရှိရင် သူတို့အတွက် ပိတ်တယ်။ ဒီအနီးအနား ပတ်ဝန်းကျင်ရွာထဲက ဆက်ကြေးမပေးရတဲ့ရွာဆိုတာ မရှိဘူး၊ ကြောက်တာနဲ့ ပေးရတယ်။ နောက်မှာ တစ်ယောက်ပါလာပါသေးတယ်။ ဆက်ကြေးမပေးလို့ဆိုပြီး နားထင်ကိုကပ်ပြီး သေနတ်နဲ့ပစ်တာတွေ ဘာတွေရှိပါတယ်။

ကျွန်တော်တို့ကလည်း အခုလိုလူကြီးတွေ ဒီလိုနေရာထိလာပြီးတော့ အခုလိုမေးတာ၊ ကျွန်တော်အရမ်းပြောချင်နေတာ၊ ကျွန်တော်ပြောချင်နေတာ ကြာပြီ၊ ဒီမှာနေတဲ့လူကျတော့၊ ပြည်သူကျတော့ တကယ်ထိခိုက်နစ်နာတယ်။ သူတို့လုပ်နေတဲ့အနေအထားတွေပေါ့၊ ရွှေတွင်းမှာ တချို့ရွှေလေး ဘာလေး ကျင်ကြတယ်ပေါ့၊ ရွှေကျင်တဲ့လူတွေ ကျွန်တော်တို့ဆို အရင်တုန်းက ဒီမှာ ရွှေကျင်တဲ့ လူတွေဆီက သွားဝယ်တယ်။ မြေစာခဲလေးတွေပေါ့၊ ဝယ်ပြီး ကြိတ်စက်ကလေးနဲ့ကြိတ်၊ ရတာလေး ကျွန်တော်တို့ တောင်ငူတက်ရောင်း၊ အဲ တစ်ခါ ဒီဘက်က ဝါးထွက်တယ်၊ သစ်တွေ ဘာတွေ၊ သစ်ကွင်းတွေ ဘာတွေထွက်ရင်လိုက်၊ အဲဒါမျိုး ကျွန်တော်တို့လုပ်တာပေါ့၊ ဘာလိုပဲဖြစ်ဖြစ်ပေါ့၊ နည်းနည်းလေးတော့ အဆင်ပြေတာပေါ့၊ နောက် တောင်ငူတို့ ဘာတို့က လူတွေလည်းလာပြီးတော့ လုပ်ကြပါတယ်။ စီးပွားရေးလာပြီးလုပ်ကြပါတယ်၊ တောင်ငူကဆိုလည်း ခုနောက်ပိုင်း လာမလုပ်ရဲတဲ့လူတွေရှိပါတယ်။ ကျွန်တော်တို့က တကယ့်ကို ခံခဲ့ရတာပါ၊ အခုလူဖမ်းသွားတယ်။ နှစ်ယောက်၊

မေး။ (အဲဒီကလေးတွေက၊ ကလေးတွေနာမည်သိလား၊ ကလေးတွေ ဘယ်အရွယ်တွေလဲ။)

ဖြေ။ အရွယ်က တစ်ယောက်က ၁၇နှစ်၊ တစ်ယောက်က ၁၆နှစ်ပဲရှိပါသေးတယ်၊ နာမည်က စောနေထူးနဲ့ စောထူးဝေဖြစ်ပါတယ်။

မေး။ (ကရင်အမျိုးသားတွေလား။)

ဖြေ။ ကရင်အမျိုးသားတွေပါ။

မေး။ (အဲဒါတွေက ဘယ်ပြီးခဲ့တဲ့ တစ်လလောက်ကလား။)

ဖြေ။ ၂၀၀၅ခုနှစ်၊ အဲဒီဖြစ်တဲ့ညပေါ့၊ ၂၃ရက်နေ့ ၁၀လပိုင်းမှာ အဲဒီညမှာ အိမ်ပေါ်မှာအိပ်နေတဲ့လူကတော့ ဂုတ်ဆွဲပြီး ခေါ်ချသွားတာ၊ သူတို့ရဲ့ မိဘတွေက ကရင်တွေ၊ တအားရိုးတာ။ သူတို့သားဘယ်ရောက်နေလဲဆို ကျွန်တော်က ဘယ်လိုပြောလို့ပြောရမယ်မှန်းကိုမသိဖြစ်နေတာ၊ တစ်ခါ ဟိုဘက်က ခေါ်သွားလို့ပြောပြန်တော့လည်း လိုက်သွားရင် သူတို့ပြဿနာ ရှာမှာစိုးရသေးတယ်။ နောက်ပြီးတော့ ဒီမှာအလင်းဝင်ထဲကကောင်လေး နှစ်ကောင်၊ မိဘတွေကိုလျော်ကြေးတောင်းလို့ဆိုပြီးတော့ မိဘတွေမဖြစ်တော့ဘူး။ ဒီလူ့မိဘတွေက မဖြစ်တော့ဘူး။ သူ့မိဘတွေ ဒီသပြေညွှန့်ပဲ ခေါ်ထားမယ်ဆိုပြီး ပြန်ခေါ်တာ ပြန်မလာတော့ဘူး။ နောက် ကြားတယ်။ အဲဒီကလေးတွေလည်း သူတို့ရှင်းပစ်လိုက်ပြီလို့ ကြားတယ်။ သူတို့ ဟိုဘက်မှာ တော်တော်ကြီးကို ဆိုးတာ။ နောက်သပြေညွှန့်မှာ ပွင့်ပွင့်လင်းလင်းပြောရရင် ဒီသပြေညွှန့်ဟာ တော်တော်ကို အေးအေးချမ်းချမ်းဖြစ်နေတယ်ဗျ။ အေးအေးချမ်းချမ်းဖြစ်နေတာ သပြေညွှန့်တင်မဟုတ်ဘူး။ ကျွန်တော်တို့ သံတောင်ကြီးတို့၊ ဘောဂလိတို့၊ ရာဒိုတို့ဘက်လည်း အဆင်ပြေတယ်။ ကျွန်တော်တို့ဆို တစ်ခါတစ်လေ တောင်ငူက နောက်ကျတယ်။ ဆိုင်ကယ်နဲ့ပြန်လာလို့ရတယ်။ ပြဿနာမရှိဘူး။ ကျွန်တော်တို့က အဲဒီနောက်ပိုင်းကျတော့ ဒီသံတောင်ကြီး ကားလမ်းမှာ သူတို့စပြီးတော့ ဗုံးစခွဲတယ်။ မိုင်းလာထောင်တယ်။ မိုင်းလာ ထောင်ပြီးတော့ မိုင်းခွဲလိုက်ရော။ မိုင်းခွဲတဲ့အခါကျတော့ ဒီကလူကြီးတွေက ဒီတက်တဲ့လူတွေက မတက်။ အဆင်းအတက်မလုပ်ရဲတော့ဘူး။ အဲဒီအချိန်က ဒူးရင်းတွေ ဘာတွေပေါ်တဲ့အချိန်ဆိုတော့၊ လူကြီးတွေကကဲ လုံခြုံရေးလိုက်ပြီးတော့ အကုန်လုံးဆောင်ရွက်ပေးမယ်ပေါ့။ လုံခြုံရေး ဘာညာဆိုပြီး ဆောင်ရွက်ပေးတယ်။ အဲဒီမှာတင် သူတို့က တစ်ခါတည်း ဒီဘက်တွေမှာ တစ်ခါတည်း အသားကုန်သောင်းကျန်း၊ ဘုမ္မတီးတို့ ဘာတို့၊ အဲလိုမျိုးပေါ့။ ဒီသပြေညွှန့်ရွာမှာတော့ မီးရှို့ဖျက်ဆီးခံလိုက်ရတာတော့ ဒါအမှန်တကယ် ဖြစ်ပါတယ်။

ဦးမြတ်စိုး(လှိုင်)(လယ်ယာစီးပွားသတင်းဂျာနယ်နှင့် မျိုးမြန်မာဂျာနယ်)

ကျွန်တော်ဒီမှာ ကြုံကြိုက်တုန်းသိချင်တာ KNUဖြစ်ခဲ့တုန်းက ဘယ်လို အခြေအနေနဲ့ KNU တပ်ဖွဲ့ထဲရောက်သွားသလဲ၊ နောက် ပြန်အလင်းဝင်တဲ့ အခါကျတော့ ဘာကြောင့် အလင်းပြန်ဝင်လာတာလဲ၊ ဒါကျွန်တော်တစ်ချက် သိချင်ပါတယ်။

နောက် ဒုတိယတစ်ခုကတော့ အလင်းဝင်လာကြတဲ့အခါမှာ နိုင်ငံတော် အစိုးရက သူအလင်းဝင်လာခဲ့တုန်းက ဒီကနေ့အထိပေါ့လေ။ ဘာတွေဆောင်ရွက်ပေးသလဲ။ နောက် ဘယ်လိုအကူအညီတွေ ပေးလဲ၊ ဒါလေး ဖြေပေးစေချင်ပါတယ်။ နောက် ဒီမှာ ဝန်ကြီးလဲရှင်းသွားပါတယ်။ ကျွန်တော်တို့ သိလိုက်ရတာ တန်ဖိုးနည်းအိမ်ရာတွေ ဆောက်ပေးတယ်ဆိုတော့၊ တန်ဖိုးနည်း အိမ်ရာဆိုတာ ဘယ်လောက်တန်တဲ့ဟာလဲ၊ ဘယ်လိုအိမ်အမျိုးအစားလေး ဆောက်ပေးလဲဆိုတာ ကျွန်တော်တန်ဖိုးကိုခန့်မှန်းနိုင်အောင် ပြောပေးစေချင်ပါတယ်။ ဒီမှာ ခုနကပြောသွားတဲ့ ကျွန်တော်ရှေ့က ဖြေကြားသွားတဲ့ပုဂ္ဂိုလ်မှာ ကျွန်တော်ထပ်ပြီး သိလိုက်ချင်တာကတော့ ဒီမှာ ရက်ရက်စက်စက် ရင်ညွှန့်ပစ်သတ်ခံရတယ်ဆိုတဲ့ လူပုဂ္ဂိုလ်ရဲ့ အမည်လေး သိရင်ကျွန်တော့်ကို ဖြည့်စွက်ဖြေကြားပေးပါလို့၊ နောက် မီးရှို့ခံရတယ်ဆိုတဲ့ အိမ်လေးလုံး အခုလက်တွေ့ ရင်ထဲမှာ သူတို့ ခံစားရတာပေါ့နော်။

ရင်ထဲမှာဘယ်လိုများခံစားရလဲ။ ဒါလေးတော့ ကျွန်တော်သိချင်ပါတယ်။ ဒုတိယအချက်ကတော့ အလင်းဝင်တွေရော၊ ပြည်သူတွေရော ဒီမှာဖြေမယ့်လူများရှိရင် ကျွန်တော်သိချင်တာက ဒီလိုကိုယ့်လုံခြုံမှုကို နိုင်ငံတော်အစိုးရကလည်း

စာမျက်နှာ ၇ ကော်လံ ၁ သို့

KNU ရဲ့ သောင်းကျန်းမှုကြောင့် လုပ်စားကိုင်စားခက်ခဲကျပ်တည်း မိုင်းထောင်မှုကြောင့် ခြေပြတ်လက်ပြတ် ပေါင်ပြတ်တွေလည်းမနည်းတော့ဘူး

စာမျက်နှာ ၆ မှ

အခါမလပ် လုံခြုံမှုတွေပေးနေတယ်။ ကိုယ့်ဟာကိုယ်လည်း ကိုယ့်လုံခြုံမှုလေးနဲ့ ကိုယ်လုပ်ကိုင်နေရတဲ့ ကျီးလန့်စာစားဆိုလည်း ကျီးလန့်စာစားပေါ့။ ရွာရဲ့ စီးပွားရေးလုပ်နေရတဲ့ အခြေအနေလေးကို ပြည်သူတွေထဲကဖြစ်စေ၊ အလင်းဝင်ထဲကဖြစ်စေ ဖြေနိုင်ရင်ဖြေပေးပါလို့ ဒါဒုတိယတစ်ချက်ဖြစ်ပါတယ်။

နိုင်ငံတော်ပိုင်းကတော့ သူတို့ကို အခုကျွန်တော်တို့ လုံခြုံမှုတွေဟုတ်လား၊ နေရာထိုင်ခင်းတွေ အကုန်လုံး လုပ်ပေးထားပါတယ်။ သူတို့တွေလည်း တတ်တဲ့ပညာနဲ့ လုပ်ကိုင်စားသောက်ပါတယ်။ ဒါပေမယ့်လို့သူတို့က ရေကြည်ရာ မြက်နုရာပေါ့။ သူတို့နဲ့ အဆင်ပြေတဲ့နေရာမှာ နေချင်ပါတယ်လို့ပြောလာရင် နိုင်ငံတော်ပိုင်းအနေနဲ့ စီစဉ်ပေးတဲ့ အစီအစဉ်များရှိရင် တာဝန်ရှိတဲ့ပုဂ္ဂိုလ်များကလည်း ကျွန်တော်တို့ သိနိုင်အောင် ဖြေကြားပေးပါလို့ ကျွန်တော်ပန်ကြားလိုပါတယ်။

နောက်တစ်ခုက သပြေညွှန့်လိုပဲ အေးအေးဆေးဆေးနဲ့ အခြားအလင်းဝင်တွေကို နေထိုင်နိုင်အောင်လုပ်ထားတဲ့ ကျေးရွာများရှိရင်လည်း ကျွန်တော်တို့ ထပ်မံပြီးတော့ သိချင်ပါတယ်။ အဲဒီအခါမှာလည်း အဲလိုကျေးရွာမှာလည်း ဒီလိုပဲ အလင်းဝင်တွေက သာယာလာတာကို မကျေနပ်လို့ အဖျက်သမားအနေနဲ့ လာပြီးတော့ နောက်ထပ်ဖျက်ဆီးတဲ့ ဖြစ်စဉ်မျိုးပေါ့လေ၊ ဒီလိုရည်ရွယ်ချက်နဲ့ ဖြစ်စဉ်မျိုးရှိရင်လည်း နိုင်ငံတော်အပိုင်းအနေနဲ့ ကျွန်တော်တို့ကို ကျယ်ကျယ်ပြန့်ပြန့် အသိပေးစေချင်ပါတယ်လို့ ကျွန်တော်တင်ပြချင်ပါတယ်။

KNU တပ်မဟာ(၂)မှ အလင်းဝင်စောလေးထူး

ကျွန်တော်စောလေးထူးပါ။ ကျွန်တော် တောထဲရောက်ရတာက ကျွန်တော်က အဲဒီအချိန် သံတောင်ကြီးမှာ ကျွန်တော်ကျောင်းတက်နေတယ်။ ကျောင်းတက်တဲ့အချိန် အဲဒီအချိန် ကျွန်တော်ငါးတန်းစာမေးပွဲဖြေတဲ့အချိန်၊ အဲဒီအချိန်မှာ သူတို့က လာဖမ်းခေါ်သွား၊ လာဖမ်းခေါ်သွားပြီးတော့ ကျွန်တော့်ကို ခေါ်သွားပါတယ်။

မေး။ (ငါးတန်းကျောင်းသားဘဝ ဘယ်မှတက်လဲ---)

ဖြေ။ သံတောင်ကြီးမှာပါ။ အဲဒီအချိန် သူကျွန်တော့်ကို ခေါ်သွားပြီးတော့ ကျွန်တော်တောထဲရောက်ရတယ်။ သူတို့ ကျွန်တော်တို့ကို စစ်သင်တန်းတွေ ဘာတွေပေး၊ ပေးပြီးတော့ အဲဒီတပ်မဟာအနီးမှာပဲ ကျွန်တော်တို့ ပြန်လည်တာဝန်ထမ်းဆောင်ရတယ်။ ကျွန်တော်အလင်း ဝင်လာတာ၊ ကျွန်တော် ဒီအခု အလင်းဝင်လာတာကတော့ နိုင်ငံတော် အစိုးရကလည်း ကျွန်တော်တို့ကို အားလုံးကအစစအရာရာတွေ အကူအညီပေးထားပါတယ်။ ကျွန်တော်တို့ကိုလည်း အိမ်တွေဘာတွေလည်းဆောက်ထားပေးတယ်။ နောက် မြေ၊ ခြံအကွက်တို့၊ လယ်တို့၊ လှည်းတို့၊ အဲဒါတွေ လုပ်ထားပေးပါတယ်။ အားလုံးအဆင်ပြေအောင် လုပ်ထား ပေးပါတယ်။

မေး။ (တန်ဖိုးနည်းအိမ်ရာဆိုတာ ဘယ်လိုအိမ်မျိုးလဲ)

ဖြေ။ တန်ဖိုးနည်းအိမ်ရာဆိုတာ အမိုးက သွပ်မိုး၊ နောက်ပျဉ်အခင်းနဲ့ အကာတွေလည်း ပျဉ်တွေပဲ၊ နောက်အုတ်ဖိနပ်နဲ့။

မေး။ (နောက်တန်ဖိုးဆိုရင် ဒီဒေသအနေနဲ့ ဘယ်လောက်တန်လဲ၊ ခန့်မှန်းခြေ ၁၀ သိန်းလောက် တန်လား)

ဖြေ။ ၁၀ သိန်း၊ ၁၀ သိန်းလောက်တန်ပေါ့။

မေး။ (ငါးသိန်း၊ ခြောက်သိန်းလား ဆယ်သိန်းလား)

ဖြေ။ (၁၀ သိန်းလောက် တန်ပါတယ်)

မေး။ (ဒါ ပိုက်ဆံပေးရသေးလား၊ အလကားပေးတာလား)

ဖြေ။ ပိုက်ဆံမပေးရဘူး၊ ဟုတ်ကဲ့။

မေး။ (နောက်ဘာဖြစ်လို့ ပြန်ထွက်လာတာလဲ၊ အလင်းပြန်ဝင်လာတာ ဘာကြောင့်ဝင်တာလဲ)

ဖြေ။ ကျွန်တော်က ဘာကြောင့် ဝင်လာလည်းဆိုတော့ သူတို့က အချင်းချင်းတွေက အာဏာလုတာတို့၊ ဘာတို့၊ သူတို့ တာဝန်ထမ်းဆောင်ရတာ၊ သူတို့က ကျွန်တော်တို့ကို တအားနှိမ်လွန်းတယ်။ အဲဒါတွေကြောင့် ကျွန်တော်က မနေနိုင်တော့ ကျွန်တော်ပြန်ပြေးလာတာ။

မေး။ (နောက် မီးရှို့ခံရတဲ့ထဲမှာပါသေးလား၊ အိမ်မီးရှို့ခံရတဲ့အထဲမှာ ပါသေးလား)

ဖြေ။ ဟုတ်ကဲ့။

မေး။ (အဲဒီတော့ ဘယ်လိုဖြစ်လဲ၊ မီးရှို့ခံရတော့ ရင်ထဲမှာဘယ်လိုများ ရှိသလဲပြောပါဦး။

ဖြေ။ အဲဒါမျိုး သူတို့က ကျွန်တော်တို့အိမ်ကို ဒီလိုမျိုးရှို့တော့ ကျွန်တော်တို့လည်း အဲလိုမျိုး စိတ်မကောင်းပါဘူး။ သူတို့ကအဲလိုမျိုး လာရှို့တာဆိုတော့ ကျွန်တော်တို့ကလည်း အေးအေးချမ်းချမ်း အေးအေးဆေးဆေး နေချင်တယ်ဆိုပြီး ဒီမှာလာပြီး အိမ်တွေဘာတွေ ဆောက်ထား၊ အဲဒါတွေကို သူတို့က လာဖျက်ဆီးသွားတာ၊ ကျွန်တော်က အဲဒါတွေ စိတ်မကောင်းလို့ပါ။

မေး။ (ရင်ညွှန့်ကို ပစ်သတ်တယ်ဆိုတာ ဘယ်သူသေသွားတာလဲ)

ဖြေ။ အဲဒီအချိန် ကျွန်တော်တို့ သူငယ်ချင်းတစ်ယောက်၊ သူ့ကို ကျွန်တော်တို့ အသေးလေးလို့ ခေါ်ပါတယ်။ သူတို့ ကျွန်တော့်ကို လာရှို့သွားတဲ့ အချိန်မှာ သူ့ကိုပစ်သတ်သွားတာ။

မေး။ (အသက်ဘယ်လောက်လောက်ရှိလဲ)

ဖြေ။ အသက် (၁၇)(၁၈) အဲလောက်ပဲ ရှိပါတယ်။

မေး။ (အသေးလေး၊ အသေးလေးနာမည် ဘယ်သူတဲ့လဲ၊ မူလနာမည် ဘယ်သူတဲ့လဲ)

ဖြေ။ အသေးလေး အရင်နာမည်က ဟို ရဲထက်နိုင်လို့ ခေါ်ပါတယ်။

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးခင်မောင်ဦး

ကျွန်တော်တို့ ဒီသပြေညွှန့်ကျေးရွာလို အလားတူမီးရှို့ခံရတဲ့ ကျေးရွာများအနေနဲ့ကတော့ ကျွန်တော်တို့ ထပ်မံသွားရောက်တဲ့အခါမှာ ရောက်မယ့်မုန်းရဲ့ တောင်ဘက်ခြမ်းမှာရှိတဲ့ မြွေတော်နဲ့ ကြောင်ပြာဖြစ်ပါတယ်။ အဲဒီရွာနှစ်ရွာကလည်း ဒီ၂၀၀၅ ခုနှစ် လေးလပိုင်းလောက်မှာ ယခင်ကျွန်တော်တို့ လုပ်ကိုင်စားသောက်ဖို့အတွက် စုစည်းပေးထားတဲ့ ကျေးရွာတွေပဲဖြစ်ပါတယ်။

အဲဒီရွာတွေဟာ KNU သောင်းကျန်းသူအဖွဲ့တွေက ဝင်ရောက်ပြီးတော့ မီးရှို့ဖျက်ဆီးမှုကိုခံရပါတယ်။ ကျွန်တော်တို့ ဒီတောင်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေအတွင်းမှာ ဒီသပြေညွှန့် ကျေးရွာလိုပဲ ဒီအလင်းဝင်လာတဲ့ လူတွေကို စုစည်းပေးထားတဲ့ ကျေးရွာများအနေနဲ့ကတော့ ကျွန်တော်တို့ ဒီတောင်ငူနဲ့ သံတောင်သွားတဲ့ လမ်းကြောင်းမှာရှိတဲ့ ပျားစခန်းကျေးရွာ ရှိပါတယ်။ အလားတူပဲ ကျွန်တော်တို့ လိပ်သိုကျေးရွာ၊ နောက်တစ်ခါ ရာဒိုကျေးရွာ နောက်ကျွန်တော်တို့ ဒီလိပ်သို–ရာဒို လမ်းကြောင်း တစ်လျှောက်မှာရှိတဲ့ အချို့အချို့သော ရွာတွေမှာ ကျွန်တော်တို့ ဒီငြိမ်းချမ်းရေး ရယူထားတဲ့ အဖွဲ့အစည်းတွေ အများစု စုစည်းပြီးတော့ နေထိုင်ကြတဲ့ ကျေးရွာများ တည်ရှိပါတယ်။

ဒေါက်တာတင်ထွန်းဦး(ပြည်မြန်မာသတင်းဂျာနယ်)

ကျွန်တော်သိချင်တာလေး နှစ်ခုရှိပါတယ်။ ပထမတစ်ခုကတော့ ခုနကဒီ KNUကနေ ရွာတွေကို တိုက်ခိုက်သတ်ဖြတ်မီးရှို့ဖျက်ဆီးတာတွေအပြင်ပေါ့လေ တခြားနည်းနဲ့နှိပ်စက်တာမျိုးတွေရော ရှိသေးလား။ ဒီရွာနဲ့ပတ်ဝန်းကျင်ရွာတွေမှာ သောင်းကျန်းသူတွေရဲ့ ရန်ကိုကြောက်လို့ ထွက်ပြေးလာရတဲ့လူတွေ ရှိတယ်လို့သိရပါတယ်။ ဘာဖြစ်လို့များ ထွက်ပြေးလာရလဲဆိုတာကို ရွာသူရွာသားတွေထဲကပေါ့လေ ဖြေနိုင်တဲ့လူဖြေပေးစေချင်ပါတယ်။ နောက်မေးခွန်းတစ်ခုကတော့ တပ်မတော်ရဲ့ တိုက်ခိုက်မှုကြောင့် ကရင်ရွာသူ ရွာသားတစ်သောင်းလောက် ထွက်ပြေးတိမ်းရှောင်နေရတယ်လို့ ပြည်ပအသံလွှင့်ဌာနတချို့ကနေ ကျွန်တော်တို့ကြားသိရပါတယ်။ အဲဒီလောက် အရေအတွက်များများ ရှိနိုင်သလားဆိုတာ ဖြေပေးစေချင်ပါတယ်ခင်ဗျာ။

ဦးမျိုးမြင့် (ဘုမ္မတီးကျေးရွာ)

ကျွန်တော်ကတော့ တောင်ငူခရိုင် ထန်းတပင်မြို့နယ် ဘုမ္မတီးကျေးရွာကပါ။ ဒေသခံတစ်ဦးပါ။ KNU ရဲ့ သောင်းကျန်းမှုကြောင့် ကျွန်တော်တို့ ကျေးရွာမှာ လုပ်စားကိုင်စားခက်ခဲမှုတွေ၊ ကျပ်တည်းမှုတွေ၊ ပြီးတော့ KNU ရဲ့မိုင်းထောင်မှုတွေကြောင့် ကျွန်တော်တို့ကျေးရွာမှာ ခြေပြတ်လက်ပြတ် ပေါင်ပြတ်တွေလည်း မနည်းတော့ဘူး။ ပြီးတော့ ကျွန်တော်တို့ အခုကျေးရွာမှာ ပြီးခဲ့တဲ့နှစ်က KNU အဖွဲ့ကနေပြီးတော့ ဆက်ကြေးလာတောင်းတယ်။ ဆက်ကြေးလာတောင်းတဲ့အချိန်မှာ ဆက်ကြေးမပေးလို့ဆိုပြီးတော့ အဲဒီဥက္ကဋ္ဌရဲ့ နားရွက်ဘေးနားမှာ၊ နားနားမှာသေနတ်နဲ့ကပ်ပြီးတော့ပစ်တာ ဥက္ကဋ္ဌကို၊ ဥက္ကဋ္ဌရော၊ အတွင်းရေးမှူးရော အကုန်လုံးအဲဒီမှာ အကုန်လုံးသေနတ်နဲ့တော့ပြီးတော့ ရွာ့အပြင်ကိုခေါ်ပြီး ခြိမ်းခြောက်တာပေါ့နော်။ တကယ်တမ်းတော့ သူတို့ပစ်တော့မသွားဘူးပေါ့၊ ခြိမ်းခြောက်တာ၊ နားနားမှာကပ်ပြီးတော့၊ ခြိမ်းခြောက်ပြီးတော့ ဆက်ကြေးပေးရမယ်ပေါ့၊ ဆက်ကြေးမပေးရင် မင်းဘယ်လို ဘယ်ကဲ့သို့ပေါ့၊ အမျိုးမျိုးအဖုံဖုံပေါ့ သူတို့ပြောဆိုနေကြတာပါ။ အဲဒီမှာ ကျွန်တော်တို့လည်း ကြောက်တော့ ကျွန်တော်တို့ ကျေးရွာဥက္ကဋ္ဌတွေရော၊ ကျွန်တော်တို့ကျေးရွာလူကြီး၊ ကျေးရွာသားတွေရောပေါ့နော် ကျသင့်တဲ့တာဝန်လေးကို ထမ်းဆောင်ပြီးတော့ ကျွန်တော်တို့က ခွဲစိတ်ပြီးပေးလိုက်ကြရတယ်။ ကျေးရွာဥက္ကဋ္ဌက နောက်တစ်ခေါက်ပြန်၊ ပြန်ပြီးတော့ KNU တွေကိုပြန်ပြီးတော့ ဆက်ကြေးသွားပေး။ ပေးမှ ဥက္ကဋ္ဌကို၊ အတွင်းရေးမှူးကိုပြန်လွှတ်တယ်။ သူတို့က အဲဒီလိုတွေ၊ KNU အဖွဲ့က အဲဒီလောက်အထိအောင် ကျွန်တော်တို့ဒေသတွေအပေါ်မှာ သောင်းကျန်းနေတယ်။ ပြီးတော့ မိုင်းထောင်တာတို့ဆိုတာ ကျွန်တော်တို့ရွာရဲ့ ဘုမ္မတီးကျေးရွာရဲ့ ဟိုဘက်မှာ မဲတလိမ်မြေတကြော၊ ဟိုပြီးတော့ ကျွန်တော်တို့ချောင်း၊ ဟိုဟာပေါ့ ချောင်းမကြီး၊ ကျွန်တော်တို့ အင်ဥကောက် ဘာကောက်၊ အင်ဖက်ကောက်ချိန်၊ အခုရာသီဆို ကျွန်တော်တို့က အင်ဖက် ကောက်ချိန်ပေါ့နော်၊ ကျွန်တော်တို့ဆီမှာ အင်ဖက်ကောက် အမိုးမိုးတဲ့အချိန်၊ အဲဒီအချိန်မှာ ကျွန်တော်တို့ တောထဲတောင်ထဲမသွားရဲဘူး။ သူတို့နဲ့တွေ့ရင် ကျွန်တော်တို့က အင်မတန်နှိပ်စက်ညှဉ်းဆဲခံရတယ်။ လှည်းနွားနဲ့သွားတယ်။ တောခုတ်ဝါးခုတ်လေးသွားတယ်။ သစ်ခုတ်ဝါးခုတ်လေးသွားတဲ့အချိန်မှာလည်း မင်းတို့ဆက်ကြေးပါလား၊ လှည်းတစ်စီး ဘယ်လောက်ပေးရမယ်။ ဘယ်လောက်ပေးမှ မင်းတို့သွားရမယ်။ မပါရင်လည်း မင်းတို့လှည်းထားခဲ့၊ နွားထားခဲ့။ ဒါမှမဟုတ်လည်း ကြိမ်နဲ့ရိုက်လွှတ်တာတို့၊ နောက်ဆုံးသတ်ပစ်တာတို့အထိပေါ့။ သူတို့က အဲဒီလောက်အထိအောင် ကြမ်းကြမ်းတမ်းတမ်းတွေလုပ်ကြတယ်။ အဲဒီတော့ ကျွန်တော်တို့ကျေးရွာမှာ အခုတပ်ကနေပြီးတော့ ကျွန်တော်တို့ အခုလောလောဆယ် တပ်တွေ ဘာညာဝင်တော့ပေါ့နော် ကျွန်တော်တို့ သွားရေးလာရေး လွယ်ကူတယ်။

ခုတောင်ပေါ်ကနေ သွားကြဆင်းကြလာကြတယ်၊ ပြေးကြလွှားကြတယ်ဆိုတာက ကျွန်တော်တို့ တပ်ကတကယ်တမ်း တကယ်အမှန်အကန်တပ်ကနေပြီးတော့ နှင်လို့ မောင်းလို့တို့၊ အိမ်တွေမီးရှို့လို့ ဒီလိုထွက်ပြေးလာရတာမဟုတ်ပါဘူး။ တကယ်တမ်း သူတို့ပြေးရခြင်းအကြောင်းအရင်းက ကျွန်တော်သိရသလောက်ပြောရရင် သူတို့KNUရဲ့မိသားစုတွေ၊ KNUမိသားစုတွေဟာ တောင်ပေါ်မှာပဲ၊ တောင်ပေါ်မှာအိမ်ကြီးရှာကြီးဆိုတာ မရှိပါဘူး။ ကျွန်တော်သိရသလောက်ဆိုရင် ရွာကြီးဆိုတာမရှိပါဘူး။ သူတို့KNUရဲ့တဲတွေပဲ၊ သူတို့ မိသားစုတွေပေါ့နော်။ သူတို့မိသားစုတဲတွေ၊ အမာခံတဲတွေ၊ ဒါတွေပဲရှိပါတယ်။ သူတို့အမာခံတဲတွေ၊ အမာခံမဟုတ်တဲ့လူကတော့ ကျွန်တော်တို့ ဒေသကိုပဲ ပြည်တွင်းကိုပဲပြန်ဝင်လာကြတယ်။ တကယ်သူတို့ရဲ့အမာခံတွေကျတော့ ဟိုဘက်ယိုးဒယားဘက်ကိုပေါ့နော် အဲဒါမျိုးတွေ ပို့ကြတာမျိုးတို့ ဘာမျိုးတို့ပေါ့။ ကျွန်တော်လည်းအဲဒီမှာ တောင်ပေါ်ကကျွန်တော့်ရဲ့သူငယ်ချင်းကရင် တစ်ယောက်ကပြောပြလို့ ကျွန်တော်သိရလို့ ကျွန်တော်ပြောပြတာ။ KNU အဖွဲ့ကတော့ ကျွန်တော်တို့ အခု ဘုမ္မတီးကျေးရွာမှာ ပြီးခဲ့တဲ့၂၀၀၃ မတ်လ ၃ရက်နေ့လောက်ကပေါ့၊ လေးလောင်းပြိုင်ပစ်သတ်ပြီးတော့ ကျွန်တော်တို့ ဘုမ္မတီးသင်္ချိုင်းမှာပဲ မြှုပ်သွားတာရှိပါတယ်။ ၂၀၀၃မတ်လပါ။ လေးလောင်းပြိုင် တစ်ခါတည်းမြှုပ်သွားတာ။ တစ်ခါတည်းပစ်သတ်သွားတာ။ အဲဒီတော့ ကျွန်တော်တို့ ဒီ KNUအဖွဲ့ဟာ ဘယ်လောက်ထိအောင် သောင်းကျန်းလည်းဆိုတာ အားလုံးအသိပါ။ ကျွန်တော်ပြောချင်တာ ဒါပါပဲခင်ဗျာ။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

ဒေါက်တာတင်ထွန်းဦးရဲ့ဒုတိယမေးခွန်းက နိုင်ငံခြားအသံလွှင့်ဌာနတွေက ပြောနေတယ်။ တပ်မတော်ရဲ့တိုက်ခိုက်မှုကြောင့် ကရင်တိုင်းရင်းသား တစ်သောင်းလောက် အိုးမဲ့အိမ်မဲ့ ထွက်ပြေးနေရတယ်။ ဒုက္ခသည်စခန်းလို့ ခေါ်တဲ့နေရာတွေကိုလည်း ထောင်ချီပြီးတော့ ရောက်တယ်။ အဲဒီအရေအတွက်က ဟုတ်နိုင်ပါ့မလားလို့ မေးတာဖြစ်ပါတယ်။ အဲဒီတော့ ဒါနဲ့ပတ်သက်ပြီးတော့ တကယ့်အခြေအနေမှန်ကို ကျွန်တော်ရှင်းပြရမယ်ဆိုရင် တပ်မတော်က တိုက်ခိုက်လို့ ကရင်တိုင်းရင်းသားတွေ အိုးအိမ်ကိုစွန့်ပစ်ပြီးတော့ အများအပြား ထွက်ပြေးကြရတယ်၊ နယ်စပ်ဒုက္ခသည်စခန်းတွေကိုလည်းပဲ အများအပြား ရောက်ရှိတယ်၊ ဒီနယ်စပ်ဒုက္ခသည်စခန်းတွေမှာ အခက်အခဲတွေတွေ့နေပါပြီ၊ ကူကြပါ၊ ကယ်ကြပါဆိုတဲ့ ဒုက္ခသည်စခန်းနည်းဗျူဟာ ဟာ KNUအခုမှ သုံးခဲ့တဲ့ နည်းဗျူဟာမဟုတ်ပါဘူး။ KNU ရဲ့ သမိုင်းတစ်လျှောက်လုံးမှာ သုံးခဲ့တဲ့ နည်းဗျူဟာအဟောင်းဖြစ်ပါတယ်။ ကနေ့လည်းပဲ အဲဒီနည်းဗျူဟာ အဟောင်းအတိုင်း သုံးပြီးတော့ လုပ်ဆောင်နေတာဖြစ်ပါတယ်။ အဲဒီတော့ သူ့ရဲ့နည်းဗျူဟာ အဟောင်းနဲ့ပတ်သက်ပြီး နည်းနည်းလေး လိပ်ပတ်လည်အောင် ကျွန်တော် ရှင်းပြရရင် တပ်မတော်က KNUခိုအောင်းနေတဲ့နေရာတွေကို ရှင်းလင်းမှုလုပ်တဲ့အခါတိုင်းမှာ KNUဟာ အဲဒီမှာ ရှိနေတဲ့ရွာသူရွာသားတွေကို တပ်မတော်နဲ့ မတွေ့အောင်၊ တပ်မတော်နဲ့တွေ့ရင် သတင်းတွေပေးမယ်၊ အကူအညီတွေပေးမယ်။ ဒါကြောင့် မြေလှန်စနစ်သဘောပေါ့။ မတွေ့အောင် အတင်းရွာမှာ မနေရမောင်းထုတ်ပါတယ်။ တချို့ကိုလည်းပဲ သူတို့ရဲ့၊ သူတို့ဆိုတာ KNU ရဲ့ဇနီး၊ သားသမီးတွေနဲ့ ဆွေမျိုးတွေနဲ့အတူ တစ်ဖက်ကို ခေါ်သွားပြီးတော့ ဒုက္ခသည်စခန်းဆိုပြီးတော့ လုပ်ပါတယ်။ ပြီးရင် အဲဒီလို ဒုက္ခသည်စခန်းလို့ အကြောင်းပြပြီးရင် ထောက်ပံ့ငွေတွေရအောင် လုပ်ပါတယ်။ ပြီးရင်လည်း တစ်ဖက်ကလည်းပဲ အခုဒုက္ခသည်စခန်းမှာ တိုင်းရင်းသားတွေ အများအပြား ထွက်ပြေးလာရပြီ၊ ဘယ်လိုသတ်ဖြတ်တယ်၊ ဘယ်လိုညှဉ်းဆဲတယ်၊ ဒုက္ခတွေရောက်နေပါပြီ။ ဒါကြောင့်မို့လို့ အစိုးရကို ကမ္ဘာကနေပြီးတော့ ဖိအားပေးပေးပါ။ အကျပ်ကိုင်ပေးပါ။ ဘာတွေလုပ်ပေးပါဆိုတာဟာ နဂိုကတည်းက သူတို့သုံးခဲ့တဲ့ နည်းဗျူဟာပါ။ အဲဒီလိုပြောတဲ့အခါမှာလည်းပဲ အရေအတွက်ကို တကယ်ရှိတာထက် တိုးပြီးတော့ အမြဲတမ်းပြောခဲ့တာပါ။ ဒါကြောင့်မို့လို့ အခု တစ်သောင်းလောက် အိုးမဲ့အိမ်မဲ့ ထွက်ပြေးနေရပါတယ်တို့၊ ဒုက္ခသည် စခန်းကို ထောင်ချီပြီးရောက်ပါတယ်တို့ ဆိုတာတွေဟာ သူတို့နည်းဗျူဟာ အဟောင်းအတိုင်း လုပ်နေတာ ဖြစ်တဲ့အတွက် မှန်၏၊ မမှန်၏၊ ဒါသတင်းစာ ဆရာကြီးများ ချင့်ချိန်ကြည့်လို့ရပါတယ်။ နောက်တစ်ခုကလည်းပဲ အဲဒီနယ်မြေ၊ အတွင်းပိုင်းနယ်မြေတွေဟာ လမ်းပန်းဆက်သွယ်ရေးကအစ၊ လုပ်ကိုင် စားသောက်ဖို့ကအစ အင်မတန်ခက်ပါတယ်။ နောက်တစ်ခုက အဲဒီနယ်မြေ တွေဟာ ဟိုးအရင်ကတည်းက No Man's Land ပါ။ တိုင်းရင်းသား ကရင်တိုင်းရင်းသား ပြည်သူတွေ ကလည်းပဲ အများစုက လုပ်ကိုင်စားသောက်လို့ လွယ်တဲ့နေရာ၊ ပညာရေး၊ ကျန်းမာရေး အထိုက်အလျောက် အဆင်ပြေတဲ့နေရာ၊ လုံခြုံရေးအထိုက်အလျောက် အဆင်ပြေတဲ့ ကွင်းစပ်တွေမှာနေကြတာများပါတယ်။ အတွင်းပိုင်းထဲမှာ သိပ်အများကြီး မနေပါဘူး။ No Man's Landပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သူတို့ပြောသလို တစ်သောင်းတို့ အများကြီး ဟိုဘက်ရောက် နေတယ်တို့ဆိုတာဟာ ဟုတ်နိုင်၊ မဟုတ်နိုင်။ Logically စဉ်းစားကြည့်ရင် သိနိုင်ပါတယ်ဆိုတာကို ကျွန်တော် ဖြေကြားလိုပါတယ်။

ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) (မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့)

ကျွန်တော် တစ်ခုတင်ပြလိုပါတယ်။ အခုရက်ပိုင်းအတွင်းမှာ ကြားသိနေရတဲ့ သတင်းတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှာ မေလ၁၅ ရက်ကနေပြီးတော့ ၁၉ ရက်နေ့အထိ အာရှပစိဖိတ်ဒေသဆိုင်ရာ စားနပ် ရိက္ခာဖူလုံရေးညီလာခံ၊ FAO နဲ့ ညီလာခံနဲ့အတူ ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးဆိုတာကို ကျင်းပပြုလုပ်ဖို့ရှိတယ်ဆိုတာကို သိရပါတယ်။ အဲဒီညီလာခံမှာ ကျွန်တော်တို့မြန်မာနိုင်ငံမှာ စားနပ်ရိက္ခာနဲ့ပတ်သက်ပြီးတော့ ပြဿနာရှိနေတယ်လို့၊ ရှိနေကြောင်းကိုတင်ပြမယ်လို့ NLDပါတီက တင်ပြမယ်လို့ ပြောဆိုနေကြောင်း သတင်းများကြားသိရပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ အခုလိုတွေ့ဆုံတုန်းမှာ တကယ်စားနပ်ရိက္ခာပြဿနာ ကျွန်တော်တို့နိုင်ငံမှာ ရှိနေခြင်း ရှိ/မရှိနဲ့ သိသင့်သိထိုက်တဲ့အချက်အလက်ကလေးတွေကို ရှင်းလင်းပေးဖို့ ဝန်ကြီးကို ပန်ကြားတင်ပြအပ်ပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

အဲဒီတော့ NLD က စွပ်စွဲသလို၊ ကမ္ဘာမှာရှိနေတဲ့ တချို့သော ကျွန်တော်တို့ နိုင်ငံအပေါ်မှာ မကောင်းမြင်နေတဲ့အဖွဲ့အစည်းတွေ၊ ပုဂ္ဂိုလ်တွေက စွပ်စွဲသလို ကျွန်တော်တို့နိုင်ငံမှာ စားနပ်ရိက္ခာပြဿနာရှိ/မရှိဆိုတာနဲ့ပတ်သက်လို့ ဒါ အားလုံးချင့်ချိန်နိုင်အောင် အရှိကိုအရှိအတိုင်း ကျွန်တော်ပြောပြလိုပါတယ်။ သတင်းစာဆရာကြီးများ ရန်ကုန်ကနေပြီးတော့ တောင်ငူ၊ တောင်ငူဟိုဘက် ကျွန်တော်တို့ ဆွာ၊ ပြီးရင် ဒီနေ့ပဲကျေးရွာတွေ၊ တကယ့်ကျေးရွာတွေကို ဖြတ်ပြီးတော့ အခု သပြေညွှန့်ကို ရောက်ခဲ့ကြပါပြီ။ အဲဒီတော့ သွားလာရာလမ်းတစ်လျှောက် ဘေးဝဲယာကိုကြည့် ကြည့်လိုက်ပါ။ ယနေ့အချိန်အခါမှာဆိုရင် နွေစပါးတွေနဲ့ အားလုံးစိမ်းစိုပြီးတော့ရှိနေတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့နိုင်ငံမှာ စားနပ်ရိက္ခာပြဿနာပေါ်နေတယ်၊ မပေါ်နေဘူးဆိုတာဟာ Seeing is Believing ဆိုတဲ့အတိုင်း တွေ့နိုင်မှာဖြစ်ပါတယ်။ နောက်ကျိုးကြောင်းညီညွတ်တဲ့ အချက်ကလေးတွေနဲ့ ထပ်ပြီးပြရမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံမှာ တစ်ခြားသော စားနပ်ရိက္ခာချို့တဲ့တဲ့နိုင်ငံတွေလို စားနပ်ရိက္ခာမလောက်င၊ ဝဝလင်လင်မစားရလို့ ပိန်ညှောင်ခြောက်ကပ်နေတဲ့ တိုင်းသူပြည်သားဆိုလို့မရှိပါဘူး၊ နောက်တစ်ခုက အစားအသောက်မစားရလို့ သူများနိုင်ငံလိုမစားရလို့ အသက်ဆုံးရှုံးရတယ်ဆိုတာ ကျွန်တော်တို့နိုင်ငံမှာ မရှိပါဘူး။ တခြားနိုင်ငံတွေလိုအစားအသောက်ပြဿနာရှိလို့၊ စားနပ်ရိက္ခာ မလုံလောက်လို့ ဟိုနိုင်ငံကကူပါဦး၊ ဒီနိုင်ငံက ကူပါဦး၊ UN က ကူပါဦးလို့ ကျွန်တော်တို့ နိုင်ငံမှာ အော်နေရတာမရှိပါဘူး။ ဒါ့ကြောင့် ဒီအချက်ကိုကြည့်ခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံမှာ စားနပ်ရိက္ခာ ပြဿနာရှိသလား၊ မရှိဘူးလားဆိုတာ သိသာပါတယ်။ နောက်တစ်ချက်ကလည်းပဲ ကျွန်တော်တို့ လေ့လာသိရှိရသလောက် တချို့သောနိုင်ငံတွေမှာ မိသားစုတစ်စု စားသုံးနေထိုင်နိုင်ဖို့ဆိုရင် All Out မိသားစုအားလုံးနီးပါး ထွက်ပြီးအလုပ်လုပ်ကြရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ယေဘုယျအားဖြင့် ကျေးလက်ဒေသမှာ အိမ်ထောင်ဦးစီး တစ်ယောက် (သို့မဟုတ်) အိမ်ထောင်ဦးစီးနဲ့ သူ့ရဲ့ ကူဖော်လောင်ဖက်သားဖြစ်စေ နှစ်ယောက်လောက် အလုပ် လုပ်တာနဲ့ မိသားစုတစ်ခုလုံး ရပ်တည်စားသောက်နေနိုင်ပါတယ်။ ဒီအချက်ကို ကြည့်ခြင်းအားဖြင့်လည်း ကျွန်တော်တို့နိုင်ငံမှာ

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

✡ **ရှေ့ဖုံးမှ**

ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်များခင်ဗျား–

သတင်းစာဆရာကြီးများအား ယခုဖိတ်ခေါ်ပြသတဲ့ လေ့လာရေးခရီးစဉ်ကတော့ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ ပဲခူးတိုင်းအတွင်းမှာ လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးမှုရှိရေးအတွက် ဆောင်ရွက်နေမှုအခြေအနေတွေ၊ ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်ပေးမှု အနေအထားတွေ၊ KNU အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူများအတွင်း လူမျိုးရေးခွဲခြားမှု၊ အချင်းချင်းအာဏာလု သတ်ဖြတ်ညှဉ်းဆဲ အနိုင်ကျင့်မှုတွေကြောင့် ကရင်တိုင်းရင်းသား ရွာသူရွာသားများ ရွာတွေမှာမနေရဲဘဲ ထွက်ပြေးရမှုတွေ၊ တိုင်းရင်းသားပြည်သူများအပေါ် လူသတ်၊ မီးရှို့၊ မိုင်းထောင်ဖောက်ခွဲ၊ အကြမ်းဖက်အဖျက်လုပ်ရပ် ကျူးလွန်နေတာတွေနှင့်စပ်လျဉ်းပြီး မျက်မြင်ကိုယ်တွေ့ လေ့လာကြည့်ရှု မေးမြန်းနိုင်ကြဖို့အတွက်ပဲ ဖြစ်ပါတယ်။

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း အစွန်အဖျားနေရာအချို့မှာ ဝင်ရောက်လှုပ်ရှားနေတဲ့ KNU တပ်မဟာ(၂)ရဲ့ လက်ရှိ တပ်မဟာမှူးဟာ KNU ဒုတိယဥက္ကဋ္ဌလုပ်နေတဲ့ တာမလာဘောရဲ့သား အားစီဆိုသူပဲ ဖြစ်ပါတယ်။ ယခင်က တပ်မဟာ(၂) တပ်မဟာမှူးကတော့ ဘောနီဖြစ်ပြီး ၁၉၉၂ခုနှစ် ဖေဖော်ဝါရီလမှာ ငှက်ဖျားရောဂါနှင့် သေဆုံးသွားခဲ့ပါတယ်။ ဘောနီသေဆုံးပြီးနောက် တပ်မဟာ(၂) လက်အောက်ငယ်သားများက ဘောနီရဲ့သားအကြီး KNU တပ်မဟာ(၂)၊ ရင်း(၆) ရင်းမှူး စတီးဘားကို တပ်မဟာ(၂)မှူး ဖြစ်စေလိုကြပါတယ်။ ထို့အတူ ၎င်းနယ်မြေအတွင်း နေထိုင်ကြသော ဂေဘား၊ ဘွဲကရင်တိုင်းရင်းသားများကလည်း ဒေသခံ ဘောနီရဲ့သား စတီးဘားကို တပ်မဟာ(၂)မှူး ဖြစ်စေချင်ကြပါတယ်။

သို့သော်လည်း KNU ဗဟိုဒုတိယဥက္ကဋ္ဌ တာမလာဘောက ၎င်းရဲ့ အာဏာ ပိုမိုခိုင်မာရေး၊ အာဏာကျယ်ပြန့်ရေးအတွက် တပ်မဟာ(၂)မှူး အဖြစ် ၎င်းရဲ့သား အားစီကို ခန့်ထားခဲ့ပါတယ်။ ဒါကြောင့် တပ်မဟာ(၂)က လက်အောက်ငယ်သားများက သဘောမကျခဲ့ပါဘူး။ ဒါ့အပြင် အားစီဟာ လူမျိုးခွဲခြားကာ ပကူးတိုင်းရင်းသားတွေကို ပိုမိုဦးစားပေးတဲ့အတွက် ဒေသခံ ဂေဘား၊ ဘွဲကရင်တိုင်းရင်းသားများကလည်း သဘောမကျပါဘူး။ အဲဒီအချိန်ကစပြီး KNU တပ်မဟာ(၂)အတွင်းမှာ အုပ်စုဖွဲ့မှုတွေ၊ အာဏာလု အနိုင်ကျင့်မှုတွေ၊ အပြစ်ရှာညှဉ်းဆဲ သတ်ဖြတ်မှုတွေ ဖြစ်ပွားခဲ့ပါတယ်။

အားစီဟာ အာဏာနဲ့ခြိမ်းခြောက်အကျပ်ကိုင်ပြီး ၎င်းရဲ့သြဇာအာဏာ တည်မြဲအောင် ဆောင်ရွက်လာခဲ့ပါတယ်။ အားစီက ဘောနီရဲ့ သားတွေနဲ့ နောက်လိုက်တွေကို ရှင်းပစ်ဖို့ ကြံစည်အားထုတ်ခဲ့ပါတယ်။ ပထမဦးစွာ ဘောနီရဲ့သားအငယ်ဖြစ်သူ တပ်မဟာ(၂) ဌာနချုပ်မှာ ရုံးထိုင်မှူး လုပ်နေတဲ့ ဂျီးဂျီကို သူနာပြုဆရာမတစ်ဦးနဲ့စွပ်စွဲပြီး ရာထူးမှဖြုတ်ပစ်ကာ အကျယ်ချုပ် သဘောနဲ့ ထိန်းသိမ်းထားခဲ့ပါတယ်။

မသိကျိုးကျွန်ပြု

ဒါ့အပြင် တစ်ဖက်ကလည်း ဘောနီမိသားစုဘက်ပါသူလို့ ယူဆခံရတဲ့ ရွာသူရွာသားတွေ၊ ဘောနီမိသားစုနဲ့ရင်းနှီးတဲ့ ရွာသူရွာသားတွေ၊ ဘောနီမိသားစုနဲ့ ဆွေမျိုးတော်စပ်တဲ့ ရွာသူရွာသားတွေကိုပါ ၎င်းဒေသမှာ မနေရဲအောင်၊ မနေနိုင်အောင် အားစီက ခြိမ်းခြောက်၊ အကျပ်ကိုင်၊ အကြမ်းဖက်မှုတွေ ပြုလုပ်လာခဲ့ပါတယ်။ ဥပမာတစ်ခုပြရရင် ထန်းတပင်မြို့နယ် စီဒေါခိုကျေးရွာမှ ကရင်တိုင်းရင်းသားငါးဦးကို သတ်ဖြတ်ပြီး စီဒေါခိုရွာက သူ့ကို အာ မခံရဲအောင် အားစီက ပြုလုပ်ခဲ့ပါတယ်။ ဒါတွေကြောင့် ကျေးရွာပြည်သူတွေဟာ အဲ့ဒီဒေသတွေမှာ မနေရဲတော့ဘဲ တချို့လည်း ဘေးလွတ်ရာ နယ်မြေဘက်ကို ထွက်ပြေးကြပြီး၊ တချို့လည်း ဆွေမျိုးမိတ်ဆွေများရှိရာ၊ လုံခြုံရာ မြို့ကြီးများ၊ ကျေးရွာကြီးများသို့ ထွက်ပြေးပြောင်းရွှေ့ခဲ့ကြပါတယ်။ ဒါ့အပြင် အားစီဟာ ဆက်ကြေးကောက်ခံရရှိတဲ့ငွေတွေ၊ NGO အဖွဲ့တွေရဲ့ ထောက်ပံ့ငွေတွေ အများအပြားကိုလည်း ကိုယ်ကျိုးသုံး အလွဲသုံးစားပြုလေ့ရှိပါတယ်။ အားစီရဲ့ အဲဒီ မတော်မတရားလုပ်ရပ်တွေကို KNU ဗဟိုက သိသော်လည်း တာမလာဘောရဲ့ သြဇာကြောင့် မသိကျိုးကျွန်ပြုနေခဲ့တယ်လို့ သိရပါတယ်။

အားစီရဲ့ အဲ့ဒီလုပ်ရပ်တွေနဲ့ KNU ဗဟိုက လက်ပိုက်ကြည့်နေမှုကြောင့် ကွယ်လွန်သူ KNU တပ်မဟာ(၂)မှူး ဘောနီရဲ့ဇနီး ဒေါ်နော်ဟေးလ်ဒါဟာ KNU ဗဟိုသို့ သွားရောက်ပြီး အခြေအနေတွေကို အသိပေးတိုင်ကြားခဲ့တယ်လို့ သိရပါတယ်။ ဒါ့ကြောင့် KNU ဗဟိုက မနေသာတော့ပဲ ၂၀၀၅ခုနှစ် ဇန်နဝါရီလအတွင်းမှာ အားစီကို ဗဟိုသို့ ခေတ္တခေါ်ယူညှိနှိုင်းပေးခဲ့ရတယ်လို့ သိရပါတယ်။ အဲဒီလို အားစီ မရှိချိန်မှာ KNU တပ်မဟာ(၂)၊ ရင်း(၆)ရင်းမှူး လုပ်နေတဲ့ ဘောနီရဲ့သား စတီးဘားက ၎င်းရဲ့ညီ ဂျီးဂျီကို အကျယ်ချုပ်ကနေ ပြန်ခေါ်ထုတ်သွားခဲ့ပါတယ်။ ဒါ့ကြောင့် အားစီ ဗဟိုမှပြန်ရောက်လာတဲ့အခါ စတီးဘားကို အရေးယူဖို့ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီအချိန်မှာ စတီးဘားနဲ့ ဂျီးဂျီတို့က အလင်းဝင်ဖို့ စီစဉ်ခဲ့ပြီး တစ်ဖက်ကလည်း အားစီကို ပြန်လည်တိုက်ခိုက်ဖို့အထိ စီစဉ်ခဲ့ပါတယ်။ ဒါတွေကို အားစီက သိသွားလို့ လက်ဦးမှုရယူပြီး စတီးဘားတို့ကို လိုက်လံသတ်ဖြတ်ခဲ့တဲ့အတွက် စတီးဘားနဲ့ ဂျီးဂျီတို့ဟာ KNU ဗဟိုကို ထွက်ပြေးခဲ့ကြရပါတယ်။ စတီးဘားနဲ့ ဂျီးဂျီတို့ကို KNU ဗဟိုသို့ ထွက်ပြေးနိုင်အောင် ကူညီပေးခဲ့တဲ့ ခရိုင်အတွင်းရေးမှူး ဖဒိုတော်နီးကိုလည်း အားစီက ရန်ရှာလာပြန်ပါတယ်။ ဒါကြောင့်မို့ ဖဒိုတော်နီးဟာ ၎င်းရဲ့မိသားစုကိုပါခေါ်ပြီး KNU ဗဟိုသို့ တိမ်းရှောင်သွားခဲ့ရကြောင်း သိရှိရပါတယ်။

နိုင်ငံရေးအမြတ်ထုတ်

အဲဒီအခြေအနေတွေကြောင့် KNU တပ်မဟာ(၂)အတွင်း တပ်ဖွဲ့ဝင်အချို့ဟာလည်း စိတ်ဝမ်းကွဲပြား၊ စိတ်ဓာတ်ကျဆင်းပြီး အလင်းဝင်ဖို့၊ ထွက်ပြေးဖို့ ကြိုးပမ်းမှုတွေ ပေါ်ပေါက်လာခဲ့ပါတယ်။ အားစီက လက်အောက်ငယ်သားတွေ အလင်းမဝင်နိုင်အောင်၊ ထွက်မပြေးရဲအောင် ထိန်းချုပ်တဲ့အနေနဲ့ တပ်ဖွဲ့ဝင်များရဲ့ ဇနီး၊ သားသမီး၊ ဆွေမျိုးမိသားစုတွေကို နယ်စပ်ဒေသသို့ ပို့ဆောင်ပြီး ဒုက္ခသည်အဖြစ် ထားရှိထိန်းချုပ်ခဲ့ပါတယ်။ ဒီလို ဆောင်ရွက်ခြင်းဖြင့် တပ်ဖွဲ့ဝင်တွေကို ထိန်းချုပ်ပြီး ဖြစ်စေသလို တစ်ဖက်ကလည်း တပ်မတော်က တိုက်ခိုက်လို့ ထွက်ပြေးလာရပါတယ်လို့ ဟစ်အော်ပြီး နိုင်ငံရေး အမြတ်ထုတ်ခဲ့ပါတယ်။ ပြည်ပမှ ငွေကြေးအထောက်အပံ့တွေ ထပ်မံရရှိအောင် အမြတ်ထုတ်ခဲ့ပါတယ်။

ယခုအခါမှာ စတီးဘားနဲ့ ဂျီးဂျီတို့ဟာ KNU တပ်မဟာ(၂)မှာ ဆက်မနေရဲ၊ မနေနိုင်တော့ပဲ KNU ရဲ့ အခြားတပ်ဖွဲ့ထံ သွားရောက်ခိုလှုံနေရတယ်လို့ သိရပါတယ်။ အားစီရဲ့ လက်နက်အားကိုး၊ အဖေအားကိုး မတရားပြုကျင့်မှုတွေကြောင့် ယခင်က အားစီကို စစ်ရေးတာဝန်၊ အုပ်ချုပ်ရေးတာဝန်နှစ်ရပ်စလုံး ပေးထားခဲ့သော်လည်း နောက်ပိုင်းမှာ စစ်ရေးတာဝန်သာ ပေးပြီး အုပ်ချုပ်ရေးတာဝန်ကို ဒုဗိုလ်မှူးကြီးစောနော်အား ပေးထားကြောင်း သိရပါတယ်။ သို့သော်လည်း စောနော်ဟာ ရုပ်ပြသာဖြစ်ပြီး အစစအရာရာကို အားစီကသာ ခြယ်လှယ်ကြိုးကိုင် ဆောင်ရွက်နေဆဲဖြစ်ပါတယ်။ ဒါကြောင့်လည်း ယခုအခါ စောနော်ဟာ ကျန်းမာရေးဆေးကုသဖို့ အကြောင်းပြပြီး ယခုနှစ် ဧပြီလကတည်းက ဗဟိုသို့ ပြန်လည်ထွက်ခွာခဲ့ကြောင်း သိရပါတယ်။

ရွှေ့ပြောင်းနေထိုင်

ဒါကြောင့် အားစီဦးစီးတဲ့ KNU တပ်မဟာ(၂)အတွင်းမှ တချို့သောင်းကျန်းသူတွေဟာ အလင်းဝင်ရောက်မှုများရှိပြီး သောင်းကျန်းသူအချို့ကတော့ ခွင့်မဲ့ပျက်ကွက် ထွက်ပြေးကြကြောင်း သိရှိရပါတယ်။ တချို့က လက်နက်ချ ထွက်ပြေးချင်ကြပေမယ့် မိသားစုများကို ဓားစာခံအဖြစ် ဒုက္ခသည်စခန်းဆိုတာမှာ ထိန်းချုပ်ခံထားရတာကြောင့် အလင်းမဝင်ရဲ၊ မပြေးရဲကြဘဲ ကြိတ်မှိတ်ခံစားနေကြရကြောင်း သိရပါတယ်။ အလားတူ အဲဒီဒေသမှာ မနေရဲကြတော့တဲ့ တိုင်းရင်းသား ရွာသူရွာသားများအနေနဲ့လည်း မိမိတို့ဆွေမျိုးမိတ်ဆွေရှိရာ လုံခြုံရာ မြို့ကြီးပြကြီးများ၊ ကားလမ်း၊ ရထားလမ်းတစ်လျှောက်ရှိ ရွာကြီးများသို့ ပြောင်းရွှေ့ နေထိုင်လာကြပါတယ်။

ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်များခင်ဗျား–

ယခု သတင်းစာဆရာကြီးများရောက်ရှိနေတဲ့ သပြေညွန့်ကျေးရွာဟာ KNU အလင်းဝင်များ၊ ထွက်ပြေးရောက်ရှိလာတဲ့ ကရင်တိုင်းရင်းသားများအတွက် ထူထောင်ပေးထားတဲ့ ကျေးရွာဖြစ်ပါတယ်။ ဒီကျေးရွာကို နိုင်ငံတော်အစိုးရက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းငါးရပ်နဲ့အညီ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါတယ်။ သပြေညွန့်ကျေးရွာမှာ အထက်တန်းကျောင်းခွဲ၊ ကျေးလက်ဆေးပေးခန်းများ ဖွင့်ထားပေးပြီးဖြစ်ပါတယ်။ ဒါ့အပြင် အလင်းဝင်ရောက်လာသူများ နေထိုင်မှု အဆင်ပြေစေရေးအတွက် တန်ဖိုးနည်းအိမ်ရာများလည်း ဆောက်လုပ်ပံ့ပိုးပေးခဲ့ပါတယ်။ စိုက်ပျိုးလုပ်ကိုင်နေထိုင်ဖို့အတွက် မြေယာ၊ နွား၊ လှည်း စတာတွေလည်း ကူညီထောက်ပံ့ပေးထားပါတယ်။

ဒါကြောင့်မို့ KNU တပ်မဟာ(၂)က သပြေညွန့်ကျေးရွာဟာ KNU အလင်းဝင်တွေ၊ တပ်ပြေးတွေ၊ ထွက်ပြေးသွားတဲ့ ကရင်ရွာသားတွေ နေတဲ့ရွာ၊ ၎င်းတို့သြဇာ မနာခံတဲ့ရွာဆိုပြီး နှစ်ကြိမ်တိုင်တိုင် တိုက်ခိုက်သတ်ဖြတ် မီးရှို့ခဲ့ပါတယ်။ ယခုတိုင် အဲဒီဒဏ်ရာဒဏ်ချက်တွေကို သတင်းစာဆရာကြီးများ တွေ့ရှိနိုင်ကြဦးမှာဖြစ်ပါတယ်။ သပြေညွန့်ရွာသာမက ဒီအနီးဝန်းကျင်က မွေ့တော်ရွာနဲ့ ကြောင်ပြာရွာကိုလည်း KNU တွေက တိုက်ခိုက်မီးရှို့မှုတွေ ပြုလုပ်ခဲ့ပါတယ်။ ယခု သတင်းစာဆရာကြီးများနဲ့ တွေ့ဆုံပွဲမှာ အားစီနဲ့ တပ်မဟာ(၂) အပါအဝင် KNU တို့ရဲ့ ညှဉ်းပန်းနှိပ်စက် အနိုင်ကျင့်ခံရလို့၊ မနေရဲလို့ ထွက်ပြေးလာကြရတဲ့ ရွာသူရွာသားများ၊ KNU တပ်မဟာ(၂)မှူး အားစီရဲ့ လူမျိုးခွဲခြားမှု၊ ဓားစာခံအဖြစ် ထိန်းချုပ်မှုနဲ့ အကြမ်းဖက်လုပ်ရပ်တွေကို မကျေနပ်လို့ အလင်းဝင်ခဲ့တဲ့ KNU တပ်ဖွဲ့ဝင်ဟောင်းများ၊ KNU အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ မိုင်းထောင်၊ လူသတ်၊ မီးရှို့မှုကို အကြိမ်ကြိမ်တွေ့ကြုံခံစားခဲ့ရတဲ့ ပတ်ဝန်းကျင်ကျေးရွာမှ ရွာသူရွာသား

တပ်မတော်ကတိုက်ခိုက်လို့ ထွက်ပြေးလာရပါတယ်လို့ ဟစ်အော် နိုင်ငံရေးအမြတ်ထုတ်၊ ပြည်ပမှငွေကြေးအထောက်အပံ့တွေအမြတ်ထုတ်

❑ KNU တပ်မဟာ(၂)အတွင်း တပ်ဖွဲ့ဝင်အချို့ စိတ်ဝမ်းကွဲပြား၊ စိတ်ဓာတ်ကျဆင်း၊ အလင်းဝင်ဖို့ ထွက်ပြေးဖို့ ကြိုးစားမှုတွေပေါ်ပေါက်၊ အားစီက လက်အောက်ငယ်သားတွေ အလင်းမဝင်နိုင်အောင်၊ ထွက်မပြေးရဲအောင် ထိန်းချုပ်တဲ့အနေနဲ့ တပ်ဖွဲ့ဝင်တွေရဲ့ ဇနီး သားသမီး ဆွေမျိုးတွေကို နယ်စပ်ဒေသသို့ ပို့ဆောင်ပြီး ဒုက္ခသည်အဖြစ် ထိန်းချုပ်ခဲ့၊ ဒီလို ဆောင်ရွက်ခြင်းဖြင့် တပ်ဖွဲ့ဝင်တွေကို ထိန်းချုပ်ပြီးဖြစ်သကဲ့သို့ တစ်ဖက်ကလည်း တပ်မတော်က တိုက်ခိုက်လို့ ထွက်ပြေးလာရပါတယ်လို့ ဟစ်အော်၊ နိုင်ငံရေးအမြတ်ထုတ်၊ ပြည်ပမှ ငွေကြေးအထောက်အပံ့တွေ ရရှိအောင် အမြတ်ထုတ်ခဲ့။

အားစီဟာ ပြည်သူများသေကျေအောင်၊ နိုင်ငံရေးမတည်ငြိမ်အောင်၊ ငြိမ်းချမ်းရေးဆွေးနွေးမှုပျက်ပြားအောင် အကြမ်းဖက်ဖောက်ခွဲမှုသာမက ပဲခူး-တောင်ငူတစ်လျှောက် ပြည်သူတွေဒုက္ခရောက်အောင် မိုင်းထောင်မှုများပြုလုပ် ဒေသခံပြည်သူအများအပြား KNU ° တွေ ထောင်ထားတဲ့မိုင်းများနင်းမိလို့ အသက်ဆုံးရှုံး၊ ခြေပြတ်လက်ပြတ်ဖြစ်ခဲ့ကြရ

များလည်း ပါရှိကြပါတယ်။ သတင်းစာဆရာကြီးများအနေနဲ့ မေးမြန်းလိုသော အချက်များကို မေးမြန်းနိုင်ကြမှာ ဖြစ်ပါတယ်။

စစ်လိုလားသူ

KNU တပ်မဟာ(၂)မှူး အားစီဟာ နိုင်ငံတော်အစိုးရနဲ့ KNU တို့ ငြိမ်းချမ်းရေးတည်ဆောက်ရန် ကြိုးပမ်းနေမှုကို လုံးဝမလိုလားသူ ဖြစ်ပါတယ်။ အားစီဟာ စစ်လိုလားသူ၊ ဆက်ကြေးအမျိုးမျိုးကောက်ခံပြီး မတရားအနိုင်ကျင့်ကာ စီးပွားရေးလုပ်နေသူ၊ နယ်မြေမငြိမ်းချမ်းမှုကို ခုတုံးလုပ်ပြီး ကိုယ်ကျိုးရှာနေသူ ဖြစ်ပါတယ်။

အားစီဟာ အခုလို ငြိမ်းချမ်းရေးကို မလိုလားသူ၊ စစ်လိုလားသူဖြစ်တဲ့ အတွက်လည်း ငြိမ်းချမ်းရေးတည်ဆောက်မှု ပျက်ပြားအောင် ပဲခူး၊ ညောင်လေးပင်၊ တောင်ငူဒေသတစ်ဝိုက်မှာ အကြမ်းဖက် အဖျက်အမှောင့် လုပ်ရပ်များကို ဆက်တိုက် စီမံကျူးလွန်နေတာဖြစ်ပါတယ်။ အကြမ်းဖက်လုပ်ရပ်များကိုဖော်ပြရရင် ၂၀၀၅ခုနှစ် နိုဝင်ဘာလ ၂ရက်နေ့ ပဲနွယ်ကုန်းဈေးအတွင်း ဖောက်ခွဲမှု၊ ၂၀၀၆ခုနှစ် ဇန်နဝါရီလ ၃ရက်နေ့ ပဲခူးမြို့အထက(၁)ရှေ့ ဖောက်ခွဲမှု၊ ဇန်နဝါရီလ၁၂ရက်နေ့ ဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၂၅၄) ဖောက်ခွဲမှု၊ ဇန်နဝါရီလ ၁၅ရက် တောင်ငူဘူတာမြောက်ဘက် ဖောက်ခွဲမှု၊ ဇန်နဝါရီလ ၃၀ရက် ဖြူးမြို့ဈေးအတွင်း ဖောက်ခွဲမှု၊ ဖေဖော်ဝါရီလ ၇ရက် ကညွတ်ကွင်းနှင့် တောကျွဲအင်းဘူတာအကြား ရထားလမ်းအား ဖောက်ခွဲရန် မိုင်းထောင်မှု၊ ဖေဖော်ဝါရီလ ၁၆ရက်နေ့ ရေတာရှည်နှင့် ကျွန်းကုန်းဘူတာအကြား ရထားလမ်းအား ဖောက်ခွဲရန် မိုင်းထောင်မှု၊ မတ်လ ၂ရက်နေ့ တောင်ငူအထက(၁)ရှေ့ ဖောက်ခွဲမှုနှင့် မတ်လ ၁၉ရက်နေ့ ကျွန်းကုန်းအနီး မိုင်တိုင်(၁၇၆/၂၂)တစ်ဝိုက် ရထားလမ်းမှာ SOC ရှေ့ထွက်မိုင်းထောင်မှု စတာတွေပဲ ဖြစ်ပါတယ်။ KNU ရဲ့ အဲ့ဒီ အကြမ်းဖက်လုပ်ရပ်တွေကို သတင်းစာရှင်းလင်းပွဲ (၃/၂၀၀၆)မှာ အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပြီး ဖြစ်ပါတယ်။

အတင်းအဓမ္မရွှေ့ပြောင်း

ပြည်တွင်းပြည်ပသတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်များခင်ဗျား–

နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ် လုံခြုံအောင် ကာကွယ်ပေးဖို့၊ ဆောင်ရွက်ပေးဖို့ တာဝန်ရှိပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်အစိုးရဟာ KNU က အခုလိုအကြမ်းဖက် ဖောက်ခွဲတိုက်ခိုက်မှုတွေ မလုပ်နိုင်အောင်၊ ပြည်သူတွေ ဘေးအန္တရာယ်ကင်းအောင် ဆက်စပ်နယ်မြေတွေမှာ၊ KNU များ ခိုအောင်းနေနိုင်တဲ့ နေရာတွေမှာ လုံခြုံမှုတွေ၊ ရှင်းလင်းမှုတွေ ဆောင်ရွက်ရပါတယ်။ အဲဒီအခါမှာ အချိန်ကိုက်လှုပ်ရှားတဲ့အနေနဲ့ အားစီ အပါအဝင် KNU တွေဟာ ဒေသအတွင်းမှ ၎င်းတို့ရဲ့ ဇနီးသားသမီးများ၊ အမာခံများကို နယ်စပ်ဒေသသို့ ပြောင်းရွှေ့ပို့ဆောင်ထားပါတယ်။ အလားတူ ဒေသအတွင်းရှိ ကရင်တိုင်းရင်းသားများကိုလည်း တပ်မတော်ထံ သတင်းမပေးနိုင်အောင်၊ အဆက်အသွယ်မပြုနိုင်အောင် ဖြတ်တောက်တဲ့အနေနဲ့ နယ်စပ်ဒေသများသို့ အတင်းအဓမ္မ ရွှေ့ပြောင်းစေခဲ့ပါတယ်။ ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်အဖွဲ့တွေ အတိုင်အဖောက်လုပ်ပြီးအော်နေတဲ့ တပ်မတော်ရဲ့ တိုက်ခိုက်မှုကြောင့် ထွက်ပြေးလာကြရတဲ့ ဒုက္ခသည်များဆိုတာဟာ အမှန်တကယ်တော့ သူတို့ အစီအစဉ်ရှိရှိနဲ့ ရွှေ့ပြောင်းထားတဲ့ သူတို့ရဲ့ ဇနီး၊ သားသမီး၊ ဆွေမျိုး၊ အမာခံများသာဖြစ်ပါတယ်။ တပ်မတော်နဲ့ အဆက်ဖြတ်နိုင်အောင် သူတို့ အတင်းအဓမ္မရွှေ့ပြောင်းစေခဲ့တဲ့ ကရင်ရွာသူ ရွာသားကတော့ အနည်းငယ်လောက်သာ ဖြစ်ပါတယ်။

အားစီဟာ အထက်မှာဖော်ပြခဲ့သလို မြို့ကြီးပြကြီး၊ ကားလမ်း၊ ရထားလမ်းစတဲ့နေရာတွေမှာ ပြည်သူများ သေကျေပျက်စီးအောင်၊ နိုင်ငံရေး မတည်မငြိမ်ဖြစ်အောင်၊ KNU နဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှု ပျက်ပြားအောင် အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးမှုတွေ ပြုလုပ်ရုံသာမက ပဲခူး–တောင်ငူ တစ်လျှောက် ရထားလမ်းနဲ့ အရှေ့ရိုးမအကြား အရှေ့ရိုးမအခြေတွင် နေထိုင်လုပ်ကိုင်စားသောက်နေကြသော ကျေးရွာပြည်သူတွေ ဒုက္ခရောက်အောင်၊ တောင်ယာခုတ်၊ ဝါးခုတ်၊ မျှစ်ရှာစတဲ့အလုပ်တွေနဲ့ လုပ်ကိုင်စားသောက်လို့ မရအောင်၊ ၎င်းတို့ရဲ့ အတင်းအကျပ်ရွှေ့ပြောင်းမှုကို မလိုက်နာဘဲ နယ်မြေခံ တပ်ရင်းတပ်ဖွဲ့များရဲ့ အကာအကွယ်ပေးမှုအောက်မှာ ဆက်လက်နေထိုင်ကြတဲ့ တိုင်းရင်းသားများ တောထဲ တောင်ထဲ မိရိုးဖလာ အသက်မွေးဝမ်းကျောင်းမပြုနိုင်အောင် ရွာဝန်းကျင်နဲ့ ရွာသူရွာသားများရဲ့ ပရိယေသန ဝမ်းစာရှာရာ တောတောင်နယ်မြေတစ်လျှောက်မှာ မိုင်းထောင်မှုတွေကိုလည်း လက်လွတ်စပယ် ပြုလုပ်ခဲ့ကြပါတယ်။

ဒါကြောင့် ဒေသခံပြည်သူအများအပြားဟာ KNU သောင်းကျန်းသူတွေ ထောင်ထားတဲ့မိုင်းများ နင်းမိလို့ အသက်ဆုံးရှုံး၊ ခြေပြတ်လက်ပြတ် ဖြစ်ခဲ့ကြရပါတယ်။ မသွားရဲ၊ မလာရဲ၊ လုပ်ကိုင်စားသောက်မှု အခက်အခဲတွေနဲ့ မလွှဲသာမရှောင်သာ ကြုံတွေ့ခဲ့ကြရပါတယ်။ အဲဒီလို အကြမ်းဖက်သမား KNU သောင်းကျန်းသူတွေရဲ့ မိုင်းကြောင့် သေဆုံးခဲ့ရသူများရဲ့ မိဘဆွေမျိုးများ၊ ခြေလက်ဒဏ်ရာ ထိခိုက်ဆုံးရှုံးခဲ့ရမှုများ၊ ကျွဲ၊ နွား၊ လှည်းတွေ လုယက်သိမ်းဆည်းမှု၊ အဓမ္မခိုင်းစေမှု၊ ညှဉ်းပန်းနှိပ်စက်မှုစတဲ့ KNU ရဲ့ ရန်ကိုကြောက်လို့ မိမိတို့ဒေသအသီးသီးမှာ မနေရဲဘဲ နီးစပ်ရာကို ထွက်ပြေးလာသူများနဲ့လည်း မကြာခင် ဆက်လက်သွားရောက်လေ့လာမယ့် မုန်းမြို့မှာ ထပ်မံတွေ့ဆုံ မေးမြန်းနိုင်အောင် စီစဉ်ပေးသွားမှာဖြစ်ပါတယ်။

ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်များခင်ဗျား–

တကယ်တော့ နိုင်ငံတော်အစိုးရက စစ်ကိုလိုလားလို့ လုံခြုံရေးအစီအမံတွေနဲ့ လုံခြုံရေးအတွက် ရှင်းလင်းမှုတွေကို စတင်လုပ်ဆောင်ရတာ မဟုတ်ပါဘူး။ KNU က စည်းဖောက်ပြီး ပြည်သူလူထုရဲ့ အသက်အိုးအိမ် စည်းစိမ်လုံခြုံမှုကို အမျိုးမျိုး အကြိမ်ကြိမ် တိုးမြှင့်ထိပါးနှောင့်ယှက်လာလို့သာ နိုင်ငံတော်က ပြည်သူလူထုရဲ့ အသက်အိုးအိမ်လုံခြုံမှုရအောင် ရှင်းလင်းမှုတွေ လုပ်ရတာဖြစ်ပါတယ်။ KNU ရဲ့ အချင်းချင်း အာဏာလုသတ်ဖြတ် အနိုင်ကျင့်မှုတွေကြောင့် တိုင်းရင်းသား ရွာသူရွာသားများ မနေရဲဘဲ ထွက်ပြေးကြရတာ ဖြစ်ပါတယ်။ KNU ကသာ တပ်မတော်နဲ့ အဆက်ပြတ်အောင် ပြည်သူများကို အတင်းအဓမ္မရွှေ့ပြောင်းပစ်တာ၊ မနေရဲအောင် မောင်းထုတ်ပစ်တာ ဖြစ်ပါတယ်။ KNU ကသာ လက်အောက်ငယ်သားတွေ အလင်းမဝင်ရဲအောင်၊ ထွက်မပြေးရဲအောင် လက်အောက်ငယ်သားများရဲ့ ဇနီးသားသမီး၊ ဆွေမျိုးများကို ဓားစာခံအဖြစ် နယ်စပ်သို့ အတင်းအဓမ္မ ရွှေ့ပြောင်းထားတာ ဖြစ်ပါတယ်။ KNU ကသာ တပ်မတော်ရဲ့ လုံခြုံမှု အကာအကွယ်အောက်မှာရှိကြတဲ့ ကျေးရွာပြည်သူများ သွားလာလုပ်ကိုင်စားသောက်မှု မပြုနိုင်အောင် မိုင်းထောင်ပြီး ထိန်းချုပ်နေတာ ဖြစ်ပါတယ်။ KNU ရဲ့ ထောင်ချောက်မိုင်းများကြောင့် ကျေးလက်ပြည်သူ အများအပြား အသက်ဆုံးရှုံးကြရ၊ ခြေလက်ဆုံးရှုံးကြရတာ ဖြစ်ပါတယ်။

တစ်ကျိတ်တည်းတစ်ဉာဏ်တည်း

တကယ်တော့ အခုလိုဖြစ်ပေါ်လာတာတွေဟာ ပြည်ပဆရာကြီးတွေနဲ့ KNU အကြမ်းဖက် သောင်းကျန်းသူတွေက မြေအောက်တိုက်ကွက်နဲ့ ပြည်တွင်းပြည်ပ မြေပေါ်တိုက်ကွက်ကို ကြိုတင်စီမံ ဆက်စပ်ဆင်နွှဲလာတာပဲ ဖြစ်ပါတယ်။ KNU ဟာ နိုင်ငံတော်အစိုးရက ငြိမ်းချမ်းရေး တည်ဆောက်နိုင်ဖို့အတွက် ကြိုးပမ်းနေမှုကို ခုတုံးလုပ်ပြီး အတွင်းပိုင်းဒေသကို ဖောက်ခွဲဖျက်ဆီးရေးအဖွဲ့တွေ စေလွှတ်လာပါတယ်။ ဒီလို ရထားလမ်း၊ ကားလမ်းနဲ့ မြို့ကြီးပြကြီးတွေမှာ မိုင်းထောင် ဖောက်ခွဲဖျက်ဆီးမှုတွေ ထပ်ခါတလဲလဲ လုပ်လာရင် တပ်မတော်က လုံခြုံရေးနဲ့ နယ်မြေစိုးမိုးရေးတွေ မလွှဲမသွေ လုပ်လာလိမ့်မယ်။ အဲဒီအခါမှာ ၎င်းတို့ ကြိုတင်ဇာတ်တိုက် စီစဉ်ထားတဲ့အတိုင်း တပ်မတော်က တိုက်ခိုက်လို့ ကျေးရွာတွေ ရွှေ့ပြောင်းရတယ်၊ ရွာသူရွာသားတွေ ဒုက္ခသည်အဖြစ်နဲ့ ထွက်ပြေးတိမ်းရှောင်နေရတယ်လို့ ကမ္ဘာက အထင်အမြင်လွဲမှားအောင် ဝိုင်းပြီးလှုံ့ဆော်ကြမယ်၊ ၎င်းတို့ လုပ်ကြံဖန်တီးထားတဲ့ ဒုက္ခသည်ပြဿနာဆိုတာကို မီးမောင်းထိုးဗန်းပြပြီး ဒေသလုံခြုံရေးကို ထိခိုက်ပျက်ပြားစေတယ်လို့ ထပ်ဆင့်စွပ်စွဲမယ်၊ နိုင်ငံတကာက သို့လောသို့လော တွေးတောလာတဲ့အခါမှာ မြန်မာနိုင်ငံရဲ့ အရေးကိစ္စကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီအထိ တင်ဖို့ အစီအမံရှိရှိ၊ ရည်ရွယ်ချက်ရှိရှိနဲ့ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ပူးပေါင်းလုပ်ဆောင်နေကြတာပဲ ဖြစ်ပါတယ်။

ဒါကြောင့်မို့ သူခိုးက လူလူဟစ်ဆိုသလို တပ်မတော်ရဲ့တိုက်ခိုက်မှုကြောင့် ကရင်ရွာသူရွာသား ၁၀၀၀၀ ခန့် ထွက်ပြေးတိမ်းရှောင်နေရကြောင်း၊ ၁၈၀၀ခန့် နယ်စပ်ကို ရောက်ရှိလာကြောင်း လုပ်ကြံဝါဒဖြန့်နေကြပါတယ်၊ KNU က ဖွဲ့ထားတဲ့ ကရင်အမျိုးသမီးအစည်းအရုံး KWO ၊ နယ်ချဲ့လက်ဝေခံ NGO တွေက VOA, BBC, RFA, DVBအသံလွှင့်ဌာနတွေနဲ့ အတိုင်အဖောက်ညီညီ ဝိုင်းအော်ပေးကြပါတယ်။ တစ်ဆက်တည်းမှာပဲ အမေရိကန်နိုင်ငံကလည်း ၎င်းရဲ့ လူဝင်မှုဥပဒေကို ခြွင်းချက်ပေးပြုပြင်ပြီး မြန်မာနယ်စပ်မှာ ဒုက္ခသည်လို့ အမည်ခံရောက်ရှိနေသူတွေကို လက်ခံဖို့ ခြေလှမ်းပြင်ဆောင်ရွက်လာပါတယ်။ အဲ့ဒီဒုက္ခသည် အမည်ခံပြီး ရောက်ရှိနေသူတွေဟာ အများအားဖြင့်တော့ KNU အကြမ်းဖက်သောင်းကျန်းသူတွေနဲ့ ၎င်းတို့ရဲ့ ဇနီး သားသမီး ဆွေမျိုးအမာခံများ၊ ၎င်းတို့ အကျပ်ကိုင် ဓားစာခံလုပ်ထားတဲ့ KNU တပ်ဖွဲ့ဝင်တွေရဲ့ မိသားစုများသာ ဖြစ်ပါတယ်။

မသိဟန်ဆောင်

အခုလို မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ဖို့ လုပ်ဆောင်နေတဲ့ ပြည်ပဆရာကြီးတွေဟာ KNU နဲ့ အပေါင်းပါ အကြမ်းဖက်သမားတွေရဲ့ အဖျက်လုပ်ရပ်များကြောင့် ပြည်သူအများအပြား သေကျေဒဏ်ရာရမှုတွေ၊ ပြည်သူတွေ အစုလိုက် အပြုံလိုက် သေကျေပျက်စီးအောင် ယုတ်မာပက်စက်စွာ ရထားလမ်း၊ ကားလမ်း မိုင်းထောင်မှုတွေကိုတော့ မသိဟန်ဆောင်ပြီး ရေငုံနှုတ်ပိတ် လုပ်နေကြပါတယ်။

ပြည်တွင်းပြည်ပသတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်များခင်ဗျား–

ကျွန်တော့်အနေနဲ့ KNU တပ်မဟာ(၂)အတွင်း အချင်းချင်း အာဏာလု သတ်ဖြတ်မှုများနဲ့ လူမျိုးရေးခွဲခြားမှုအခြေအနေ၊ KNU တို့က ရည်ရွယ်ချက်ရှိရှိနဲ့ ဒေသခံတိုင်းရင်းသားများကို ပြောင်းရွှေ့နှင်ထုတ်မှုများကြောင့် ဒေသခံတိုင်းရင်းသားများ ထွက်ပြေးတိမ်းရှောင်နေရမှုအခြေအနေ၊ KNUတို့ရဲ့ ရွာမီးရှို့၊ လူသတ်၊ လုယက်မှုလုပ်ရပ်တွေနဲ့ မိုင်းထောင် တိုက်ခိုက်မှုများကြောင့် ပြည်သူများ ထိခိုက်ဒဏ်ရာရ သေဆုံးရမှုအခြေအနေများကို အကျဉ်းချုပ် ရှင်းလင်းပြောကြားလို့ပြီးပါပြီ။ အဲ့ဒီဒဏ်တွေကို ခံစားနေကြရတဲ့ ဒေသခံ တိုင်းရင်းသားပြည်သူများကိုလည်း သိလိုသည်များ မေးမြန်းနိုင်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ ။

❐ *ကျောဖုံးမှ*

၁၁ လက်မခန့် ပဲ့ထွက်ပြီး တစ်ပေခွဲပတ်လည်ရှိ မြေကျင်းဖြစ်သွားသည်။ ရထားလမ်းတစ်လျှောက် ဆက်လက်ရှင်းလင်းသည့်အခါ ဘူတာ၏တောင်ဘက် ကိုက် ၃၀၀ ခန့်အကွာ ရထားသံလမ်းအောက်၌ ထောင်ထားသည့် မိုင်းတစ်လုံးကို ထပ်မံတွေ့ရှိခဲ့သည်။

၅။ ၃၀–၁–၂၀၀၆ ရက်နေ့၌ ဖြူးမြို့ စည်ပင်သာယာဈေးကြီးအတွင်း ငါးပိ၊ ငါးခြောက်ရောင်းသည့် ဆိုင်တစ်ဆိုင်၏ ငါးခြောက်ပုံအတွင်း၌ချထားသော ချိန်ကိုက်ဗုံးတစ်လုံးကို တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ သက်ဆိုင်ရာက သဲအိတ်၊ ဆန်အိတ်များနှင့် ကာရံထားသည့်နေရာသို့ အမြန်ပြောင်းရွှေ့ထားနိုင်၍ ပေါက်ကွဲမှုဖြစ်ပွားခဲ့သော်လည်း ထိခိုက်မှုမရှိခဲ့။ ချိန်ကိုက်ဗုံးထောင်သူ KNU နှင့် အမာခံများကို ပြည်သူများ၏ ပူးပေါင်းကူညီမှုဖြင့် ရှာဖွေဖမ်းဆီးနိုင်ခဲ့သည်။

၆။ ၇–၂–၂၀၀၆ ရက်နေ့ နံနက် ၂ နာရီခန့်၌ ဖြူးမြို့နယ် ကညွတ်ကွင်းနှင့် တောကျွဲအင်းဘူတာအကြား ရန်ကုန်–မန္တလေး ရထားလမ်း မိုင်တိုင်အမှတ်(၁၂၀/၁၂)နှင့် (၁၂၁/၁၃)တွင်း ထောင်ထားသည့် မိုင်းနှစ်လုံးကို ဖော်ထုတ်တွေ့ရှိ ဖယ်ရှားနိုင်ခဲ့သည်။ စစ်ဆေးချက်အရ ၎င်းမိုင်းနှစ်လုံးတွင် TNT ယမ်းခုနစ်ပေါင်ခွဲခန့် ပါဝင်ကြောင်း တွေ့ရှိရသည်။ ၎င်းမိုင်းကို အချိန်မီဖော်ထုတ် မဖယ်ရှားနိုင်ခဲ့၍ ပေါက်ကွဲခဲ့ပါက ရထားသံလမ်းများ ပြတ်တောက်ကာ အရှိန်နှင့်ခုတ်မောင်းလာသည့် ရထားတွဲများ လမ်းချော်တိမ်းမှောက်ပြီး ခရီးသွားပြည်သူအများအပြား သေကျေထိခိုက်နိုင်သည့်အထိ အန္တရာယ်ကြီးမားခဲ့သည်။

၇။ ၎င်းမိုင်းထောင်ထားသည့် နေရာတစ်ဝိုက်ကို ပိုက်စိပ်တိုက်ရှင်းလင်းရာ ၎င်းနေရာ၌ ရထားလမ်း အရှေ့ဘက် ကိုက် ၄၀၀ ခန့်အကွာ လယ်ကွင်းထဲရှိ ဖက်သန်းပင်နံဘေး၌ ရထားလမ်းကို အသင့်ချိန်ရွယ်တပ်ဆင်ထားသည့် ၃ ဒသမ ၅ လက်မ ဒုံးသီးတစ်လုံးကို ထပ်မံရှာဖွေ သိမ်းဆည်းရရှိခဲ့ပြန်သည်။ KNU အကြမ်းဖက် အဖျက်သမားများက ရထားစီးခရီးသွားပြည်သူများ သေကျေဒဏ်ရာရအောင် တစ်ဖက်က မိုင်းခွဲပြီး တစ်ပြိုင်နက် ပစ်ခတ်တိုက်ခိုက်ရန် ရက်ရက်စက်စက်ကြံစည်ခဲ့ခြင်းဖြစ်သည်။

၈။ ၁၅–၂–၂၀၀၆ ရက်နေ့ ညနေ ၅ နာရီခွဲ၌ သောက်ရေခပ်ရေအားလျှပ်စစ်စီမံကိန်းသို့ ဖောက်လုပ်ထားသည့် မြေသားလမ်းပေါ်တွင်ထောင်ထားသည့် ဒေသန္တရနင်းမိုင်းတစ်လုံးကို ရှာဖွေတွေ့ရှိ ဖယ်ရှားခဲ့ရသည်။

၉။ ၂၃–၂–၂၀၀၆ ရက်နေ့ နံနက်ပိုင်း၌ ရန်ကုန်–မန္တလေး အစုန်ရထားလမ်း ရေတာရှည်ဘူတာနှင့် ကျွန်းကုန်းဘူတာအကြား ကြေးနန်းမိုင်တိုင်အမှတ်(၁၇၆/၂၈)အနီး သံလမ်းအောက်တွင် KNU အကြမ်းဖက် အဖျက်သမားများ မြှုပ်နှံထားသည့် ပေါက်ကွဲအားပြင်း နင်းမိုင်းတစ်လုံးကို တာဝန်သိ ပြည်သူ့စွမ်းအားရှင်တွေက ရှာဖွေတွေ့ရှိ သတင်းပို့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်မီ ရှင်းလင်းဖယ်ရှားခဲ့ရသည်။

၁၀။ ၂–၃–၂၀၀၆ ရက်နေ့ နံနက်ပိုင်း၌ တောင်ငူမြို့ အထက(၁) အုတ်တံတိုင်းရှေ့ ရှစ်ပေခန့်အကွာတွင် ဗုံးတစ်လုံးပေါက်ကွဲသည်။ နောက်နှစ်နာရီခန့်အကြာတွင် တောင်ငူမြို့ အမှတ်(၂၀)ရပ်ကွက်ရှိ ပန်းရိုးမ အမျိုးသမီးဘော်ဒါဆောင်အနီး ထရန်စဖော်မာ၌ ပေါက်ကွဲမှုတစ်ခု ထပ်မံဖြစ်ပွားခဲ့သည်။ ပေါက်ကွဲမှုဖြစ်လျှင်ဖြစ်ခြင်း မြို့ခံလူထု၏ ပူးပေါင်းကူညီမှုနှင့် KNU တပ်မဟာ(၅)မှ ဖောက်ခွဲဖျက်ဆီးရေးသမား စောဂေသေးမူ(ခ)နေလ (၂၇နှစ်)နှင့် ပါဝင်ပတ်သက်နေသူများအား ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

၁၁။ ၁၉–၃–၂၀၀၆ ရက်နေ့၌ တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့မှုကြောင့် ရေတာရှည်နှင့် ကျွန်းကုန်း ဘူတာအကြား ရထားသံလမ်းအနောက်ဘက် ကိုက် ၈၀ ခန့်အကွာ၌ ရှေ့ထွက်မိုင်းတစ်လုံးကို ဖော်ထုတ်သိမ်းဆည်းရမိခဲ့သည်။ KNU များ အသုံးပြုနေကျဖြစ်သည့် SOC ရှေ့ထွက်မိုင်းဖြစ်သည်။ ရထားဖြတ်သန်းချိန်၌ ဆွဲမိုင်းအဖြစ်ဖောက်ခွဲရန် စီစဉ်နေချိန်တွင် အခွင့်မသာသဖြင့် ဖောက်ခွဲရေးသမားများ ကိုယ်လွတ်ရုန်းပြီး ထွက်ပြေးရာမှ ကျန်ရစ်ခဲ့ခြင်းဖြစ်သည်။

၁၂။ ၂၂–၄–၂၀၀၆ ရက်နေ့ နံနက် ၇ နာရီခန့်က ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းမြို့ ခင်ကြီးကျေးရွာ ရန်ကုန်–မန္တလေးကားလမ်း မိုင်တိုင်အမှတ်(၁၁၉/၃)နှင့် (၁၁၉/၄)ကြား ကားလမ်းအနောက်ဘက် ငါးပေခန့်အကွာတွင် KNU အဖွဲ့ ထောင်ထားသော နင်းမိုင်းတစ်လုံးကို နင်းမိပေါက်ကွဲသဖြင့် ပြည်သူတစ်ဦး ဘယ်ခြေချင်းဝတ် ပြတ်တောက်ဒဏ်ရာရရှိခဲ့သည်။ ၎င်းနေရာအား ဆက်လက်ရှင်းလင်းရာ အနီးတစ်ဝိုက်မှ TNT ယမ်း လေးပေါင်ခန့်ဖြင့် ပြုလုပ်ထားသည့် ချိန်ကိုက်ဗုံးတစ်လုံးကို ရှာဖွေတွေ့ရှိခဲ့သည်။

၁၃။ ၄–၅–၂၀၀၆ ရက်နေ့ ည ၈ နာရီခန့်တွင် ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်း–ကျောက်ကြီး လမ်းခွဲအနီးရှိ လျှပ်စစ်ထရန်စဖော်မာဘေး၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့သည်။

(ဖော်ပြပါ KNU အကြမ်းဖက်အဖျက်သမားများ၏ မိုင်းထောင်ဖောက်ခွဲမှုဖြစ်စဉ်နှင့် လုပ်ရပ်များတွင် ပါဝင်ကျူးလွန်ခဲ့သည့် KNU အကြမ်းဖက်အဖျက်သမားရှစ်ဦးအား ပြည်သူတို့၏ ပူးပေါင်းကူညီ သတင်းပေးမှုဖြင့် ဖော်ထုတ်ဖမ်းဆီး အရေးယူထားပြီးဖြစ်သည်။)

ကျွန်တော်တို့ နိုင်ငံမှာ စားနပ်ရိက္ခာပြဿနာမရှိဘူး စားနပ်ရိက္ခာ ပြည်သူတွေအတွက် အလျှံပယ်ရှိနေတယ်

စာမျက်နှာ ၇ မှ

စားနပ်ရိက္ခာအခက်အခဲတွေဖြစ်နေတယ်။ ပြဿနာပေါ်တယ်ဆိုတာ ဟုတ်နိုင်၏။ မဟုတ်နိုင်၏ Logically စဉ်းစားနိုင်ပါတယ်။ တွေ့မြင်နိုင်ပါတယ်လို့ ကျွန်တော်ပြောလိုပါတယ်။

နောက်တစ်ခုကလည်းပဲ သတင်းစာဆရာကြီးများ တောင်ငူကနေပြီးတော့ ဒီဘက် သပြေညှန့်ကို လာခဲ့ကြပါတယ်။ ယေဘုယျအားဖြင့် လမ်းတစ်လျှောက်မှာ ကျွန်တော်တို့ ဖြတ်သန်းခဲ့တာဟာ ကျေးရွာတွေပါ။ အဲဒီကျေးရွာတွေရဲ့ လူနေမှုဘဝကို ကျွန်တော့်အပြောမဟုတ်ပါဘူး။ အားလုံးမြင်ခဲ့ကြပြီးပါပြီ။ အိမ်တိုင်းအိမ်တိုင်း တော်တော်များများမှာ ဆိုင်ကယ်တွေရှိတယ်၊ နွားလှည်းတွေရှိတယ်။ တိုက်တွေနဲ့ သွပ်မိုးအိမ်တွေနဲ့နေကြတယ်။ တချို့အိမ်တွေမှာ စလောင်းတောင်ရှိတယ်။ ရုပ်မြင်သံကြားဖမ်းစက်တွေရှိကြတယ်။ နောက်တစ်ခါ ကွင်းတွေဘက်ကိုလာပြန်တော့လည်း ကွင်းပတ်ပတ်လည်ကို ကြည့်လိုက်ရင် နွားတွေ နွားတွေအများကြီးပဲ၊ ဘေးဘယ်ညာမှာ ငါးတွေလည်းတွေ့မယ်၊ မန်ဒါလီတွေလည်းတွေ့မယ်၊ နွားတွေလည်းတွေ့မယ်၊ ကြက်တွေလည်းတွေ့မယ်။ အဲဒီလောက်များနေတာ ကျွန်တော်တို့နိုင်ငံမှာ စားနယ်ရိက္ခာ အခက်အခဲဖြစ်နေတယ်ဆိုတာဟာ ဒါဟာ အမှန်တရားကိုပြောတာလား၊ တမင် နိုင်ငံရေးတိုက်ကွက်နဲ့ စွပ်စွဲတာလားဆိုတာဟာ မြင်သာပါတယ်။ နောက်တစ်ချက်ကလည်းပဲ အဲဒီလိုပြောတဲ့ပုဂ္ဂိုလ်တွေနိုင်ငံခြားကပြောနေတဲ့ပုဂ္ဂိုလ်တွေပေါ့ ကျွန်တော်တို့နိုင်ငံလာခဲ့ပါ။ ဆန်စပါးဘယ်လောက်ဝယ်ချင်သလဲ၊ ကျွန်တော်တို့ရောင်းပေးမယ်။ ပိုက်ဆံသာပေး။ နွားဘယ်လောက်ဝယ်ချင်သလဲ ကျွန်တော် တို့ရောင်းပေးမယ်။ ပိုက်ဆံသာပေး။ ဝက် ဘယ်လောက်ဝယ်ချင်သလဲ ရောင်းပေးမယ်။ ကြက် ဘယ်လောက်ဝယ်ချင်သလဲ ရောင်းပေးမယ်။ အုန်းသီး၊ ငှက်ပျောသီး လမ်းတစ်လျှောက်မှာ တွေ့တဲ့အတိုင်းပဲ၊ အုန်းသီးတွေ စက်ဘီးတွေနဲ့ ဆိုင်ကယ်တွေနဲ့ သယ်နေကြတယ်။ ဘယ်လောက်ဝယ်ချင်သလဲပေးမယ်။ ဘာကြောင့် ပေးနိုင်တာလဲ။ ကျွန်တော်တို့နိုင်ငံမှာ စားနပ်ရိက္ခာပြဿနာမရှိဘူး။ စားနပ်ရိက္ခာပြည်သူတွေအတွက်ဟာ အလျှံပယ်ရှိနေတယ်။ ထွက်အောင်လုပ်နိုင်တယ်ဆိုတာကြောင့်ဖြစ်ပါတယ်။

နောက်တစ်ခုကလည်း ဆက်ပြီး ကျွန်တော်ပြောချင်တာက အဲဒီလိုပြောဆိုနေတဲ့ပုဂ္ဂိုလ်တွေကို တကယ်သာစေတနာရှိရင် မဟုတ်တမ်းတရားအဲဒီလိုနိုင်ငံရေးတိုက်ကွက်တွေ လုပ်မနေပါနဲ့။ ကျွန်တော်တို့နိုင်ငံဟာ စားနပ်ရိက္ခာပြဿနာမရှိပေမယ့် ဖွံ့ဖြိုးမှုမှာတော့ နည်းနေပါသေးတယ်။ ဒါ အမှန်ပဲ။ ဖွံ့ဖြိုးမှုမှာနည်းနေတယ်။ သူတို့ တကယ်သာစေတနာရှိရင် အဲဒီလိုအော်မနေနဲ့။ ဖွံ့ဖြိုးမှုနည်းနေသေးတဲ့ကျွန်တော်တို့ရဲ့ ကျေးရွာတွေမှာ ပညာရေးကိစ္စတွေ၊ ကျန်းမာရေးကိစ္စတွေ၊ လမ်းပန်းဆက်သွယ်ရေးကိစ္စတွေ၊ လူမှုရေးကိစ္စတွေမှာ လာပြီးတော့လှူသွားစမ်းပါ။ ပါးစပ်ကသာပြောပါတယ်၊ သူတို့က တစ်ခါမှလာပြီးတော့ လှူတာ၊ တန်းတာမရှိပါဘူး။ တချို့ လှူကြတန်းကြတာတွေလည်း ကျွန်တော်တို့အတွေ့အကြုံအရဆိုရင် ကျွန်တော်တို့ အဲဒီဟာလေးကိုအကြောင်းပြပြီး၊ အဲဒါလေးကို ဗန်းပြပြီး နောက်ကွယ်က ပြည်တွင်းရေးကို ဝင်စွက်သွားတာချည်းပါပဲ။ ဒါ့ကြောင့်မို့လို့ ကနေ့ NLD နဲ့ အဲဒီက စွပ်စွဲကြတဲ့ မြန်မာနိုင်ငံမှာ စားနပ်ရိက္ခာပြဿနာရှိတယ်။ ဒါကြောင့် အဲဒီမှာ ဒီကိစ္စကို ဆွေးနွေးကောင်းဆွေးနွေးလိမ့်မယ်။ ပြီးရင် NLDက သူရဲ့အထူးကြေညာချက်၊ ထုတ်ပြန်ချက်ထဲမှာ တိုင်းပြည်မှာ စားဝတ်နေရေးတွေ၊ ပြည်သူတွေမှာအခက်အခဲတွေဖြစ်နေပါပြီဆိုတဲ့ ထုတ်ပြန်ချက်တွေဟာ တကယ့်အရှိတရားနဲ့ ချိန်ထိုးကြည့်လိုက်ရင် မှန်သလား၊ မမှန်ဘူးလား ဒါ သတင်းစာဆရာကြီးများ သိနိုင်ပါတယ်လို့ ကျွန်တော်ဖြေကြားလိုပါတယ်။

ဒေါက်တာဇော်သန်း(ဆန်ကေးရှင်ဘွန်း)

တပ်မတော်က တိုက်ခိုက်လို့ ထောင်ချီတဲ့ ကရင်တိုင်းရင်းသားအချို့ဟာ နယ်စပ်မှာရှိတဲ့ ဒုက္ခသည်စခန်းတွေကို ထွက်ပြေးရောက်ရှိလာတယ်ဆိုပြီးတော့ ပြည်ပသတင်းဌာနတွေက ဒီအသံထုတ်လွှင့်တာကို ကျွန်တော်ကြားလိုက်ရပါတယ်။ အမေရိကန် အစိုးရကလည်းပဲ သူတို့ရဲ့ လူဝင်မှုဥပဒေကို ချိုးဖျက်လျှော့ချပြီးတော့ ဒီဒုက္ခသည်တွေကို သူတို့နိုင်ငံထဲကို ဝင်ခွင့်ပြုမယ်လို့ ပြောကြားတာကို သိလိုက်ရပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီးတော့ ဒီနိုင်ငံတော်အစိုးရရဲ့ သဘောထားကို သိချင်ပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း

ပထမဦးဆုံး ကျွန်တော်ပြောကြားချင်တာကတော့ အခုလို အခြေအနေတွေဖြစ်ပေါ်လာရတာဟာ နိုင်ငံတော်အစိုးရက စတင်ခဲ့တာမဟုတ်ပါဘူး။ KNU များက စတင်ခဲ့လို့သာ ဒီအခြေအနေတွေဖြစ်လာရတာဖြစ်တယ်လို့ ပြောလိုပါတယ်။ KNU တွေဟာ ၂၀၀၆ခုနှစ် နှစ်ဆန်းပိုင်းလောက်ကစပြီးတော့ ပဲခူး၊ တောင်ငူနယ်မြေနှင့် ပဲခူး-တောင်ငူကြားက ရထားလမ်းတစ်လျှောက်မှာ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှု အဖျက်လုပ်ငန်းတွေကို စလုပ်လာပါတယ်။ အဲဒီအခါမှာ နိုင်ငံတော်အနေနဲ့က KNU နဲ့ ငြိမ်းချမ်းရေးစကားပြောနေတဲ့ အချိန်ဖြစ်တဲ့အတွက် မင်းတို့ရဲ့ အောက်ခြေကတော့ ဒီလိုအဖျက်အမှောင့်လုပ်ငန်းတွေ စပြီးတော့လုပ်နေတယ်၊ ငြိမ်းချမ်းရေးစကားပြောနေတဲ့အခါမှာ ဒါမျိုးတွေမလုပ်သင့်ဘူးဆိုပြီးတော့ ကျွန်တော်တို့ထိန်းထိန်းသိမ်းသိမ်းနဲ့ သက်ဆိုင်ရာကို ကျွန်တော်တို့ အကြောင်းကြား အသိပေးပါတယ်၊ သူတို့ထိန်းသိမ်းနိုင်အောင်၊ သို့သော်လည်းပဲKNUအနေနဲ့က အဲဒီ အဖျက်အမှောင့်လုပ်ငန်းတွေကို အမျိုးမျိုးနဲ့ တိုးပြီးတော့ လုပ်လာပါတယ်။ ရထားလမ်းပေါ်မှာလည်း ပေါက်ကွဲအားအများကြီးရှိတဲ့ ယမ်းတွေကိုတင်ပြီးတော့ မိုင်းထောင်ပါတယ်။ ကျွန်တော်တို့ရဲ့ လုံခြုံရေးတပ်ဖွဲ့တွေကသာ ဒါကိုကြိုတင်ရှာဖွေ ဖော်ထုတ်ဖယ်ရှားနိုင်ခြင်း မရှိခဲ့ဘူးဆိုရင် ပြည်သူအများအပြားအသက်ဆုံးရှုံးထိခိုက်ဒဏ်ရာ ရကြမှာဖြစ်ပါတယ်။

အဲဒီလို ပြည်သူအတွက် အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးဖို့လိုအပ်လာတဲ့အတွက် နိုင်ငံတော်အစိုးရအနေနဲ့ ပဲခူး၊ တောင်ငူ နယ်မြေတွေ၊ ရထားလမ်းတစ်လျှောက်တွေ၊ သူနဲ့ဆက်စပ်နေတဲ့ နယ်မြေတွေမှာ လုံခြုံရေးအစီအမံနဲ့ သူတို့ခိုအောင်းနိုင်တဲ့ နေရာတွေမှာ ရှင်းလင်းမှုတွေ လုပ်ရတာဖြစ်ပါတယ်။ သူက လုပ်ခဲ့လို့ ပြည်သူရဲ့အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုအတွက် လုပ်ရတာဖြစ်ပါတယ်။ ဒါက ပထမအချက် ဖြေကြားလိုတာဖြစ်ပါတယ်။ ဒုတိယအချက် ပြောလိုတာကတော့ စောစောက ကျွန်တော်ဖြေပြီးသားဟာတွေနဲ့ အတူတူလောက်ပါပဲ။ ဘာကြောင့်လည်းဆိုလို့ရှိရင် တပ်မတော်က တိုက်ခိုက်လို့ ရွာသူရွာသားတွေ အိုးအိမ်ပစ်ပြီး အများကြီးထွက်ပြေးနေရပြီ၊ ဟာ နယ်စပ်ဒုက္ခသည်စခန်းကို ထောင်ချီပြီး ရောက်လာပြီ၊ အဲဒီမှာ ဒုက္ခတွေရောက်နေကြပြီ။ ဝိုင်းပြီးကူကြပါဦး၊ အစိုးရကို ဝိုင်းပြီးတော့ ဖိအားပေးကြပါဦးဆိုတဲ့ ဒုက္ခသည်စခန်းနည်းဗျူဟာ ဟာ KNUသမိုင်းတစ်လျှောက်မှာ သူသုံးခဲ့တဲ့ နည်းဗျူဟာဖြစ်ပါတယ်။ အခုလည်းပဲ ဒီအတိုင်းပဲ ပြည်သူရဲ့ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးအတွက် နိုင်ငံတော် အစိုးရအနေနဲ့ မလုပ်မဖြစ်လို့ လုပ်လာရတဲ့အခါမှာ အဲဒီနည်းဗျူဟာအတိုင်းပဲ အတွင်းမှာရှိတဲ့လူတွေကို အတင်းမနေနိုင်အောင် မောင်းထုတ်တယ်။ ပြီးရင် နယ်စပ်ဘက်ကို ဆွဲထုတ်တယ်။ ပြေးတဲ့အခါမှာ ဒုက္ခသည်စခန်းတွေ ရောက်ကုန်ပါပြီ။ ဒုက္ခတွေရောက်ကုန်ပါပြီ စသည်ဖြင့် ဒီလိုဆောင်ရွက်တာ ဖြစ်ပါတယ်။

နံပါတ်(၃)ပြောကြားလိုတာကတော့ အရင်တုန်းကနယ်စပ်တစ်လျှောက်မှာ KNU ရဲ့ အခိုင်အမာစခန်းတွေ ရှိခဲ့ပါတယ်။ အဲဒီအခိုင်အမာစခန်းအားလုံးကို တပ်မတော်က တိုက်ခိုက်ရှင်းလင်းပြီးတဲ့နောက်မှာ KNU ဟာ တစ်ဖက်နိုင်ငံ ဒုက္ခသည်စခန်းများမှာသာ နေပါတယ်။ ဒါကြောင့် ကနေ့ ဒုက္ခသည်စခန်းဆိုတာဟာ တကယ်တော့ KNUရဲ့ စခန်းတွေပါပဲ။ တကယ့်အမှန်ပါ။ အရင်တုန်းက အတွင်းပိုင်းထဲမှာ သူတို့စခန်းတွေရှိတယ်။ မှန်တယ်။ နေတယ်။ အဲဒီမှာ တပ်မတော်က ရှင်းလင်းတိုက်ခိုက်တယ်။ ကနေ့ မရှိတော့ဘူး။ တစ်ဖက်နိုင်ငံကိုသွားနေတယ်။ ဒုက္ခသည်စခန်းတွေမှာ။ ဒါကြောင့် ကနေ့ ဒုက္ခသည်စခန်းသည် KNU ရဲ့ စခန်းပဲ။ အခုအခါမှာ KNU က အဲဒီ သူနေတဲ့နေရာကို ဒုက္ခသည်စခန်း အမည်ခံပြီးတော့ ပြည်တွင်းမှာလုပ်နေတဲ့ ပြည်တွင်းတိုက်ကွက်၊ မြေအောက်ကလုပ်တဲ့ မြေအောက်တိုက်ကွက်နဲ့ ပြည်ပတိုက်ကွက်ကို အဆင့်မြှင့်ပြီးတော့ လုပ်လာတဲ့သဘောပါ။ တစ်သောင်းလောက် ထွက်ပြေးနေရပြီ၊ အများကြီးလည်း အဲဒီကို ရောက်နေပြီ၊ ဒါကြောင့်မို့လို့ အဲဒီလိုဖြစ်တာတွေဟာ အိမ်နီးချင်းနိုင်ငံရဲ့ တည်ငြိမ်မှုကို ထိခိုက်စေတယ်၊ ဒေသအတွင်းကို ခြိမ်းခြောက်လာတဲ့ ပြဿနာဖြစ်တယ်၊ ဒါကြောင့်မို့လို့ ကမ္ဘာ့နိုင်ငံများက ဝိုင်းပြီးတော့ တပ်မတော်အစိုးရကို ဖိအားပေးကြပါ၊ အကျပ်ကိုင်ပေးကြပါ၊ ပြီးရင်လည်းပဲ ကုလသမဂ္ဂလုံခြုံရေးကောင်စီကို တင်ပြီးဆောင်ရွက်ပေးပါ။ ဒီလို ပြည်ပတိုက်ကွက်ကို သူ့အစီအမံနဲ့သူ ဆွဲတင်ပြီးတော့၊ ယူသွားပြီးတော့ လုပ်ဆောင်နေတဲ့ အနေအထားဖြစ်ပါတယ်လို့ တတိယအချက်အနေနဲ့ ဖြေကြားလိုပါတယ်။

စတုတ္ထအချက်ကတော့ အမေရိကန်က သူ့ရဲ့ လူဝင်မှုဥပဒေကို ခြွင်းချက်အဖြစ် ပြုပြင်ပြီးတော့ ကျွန်တော်တို့နယ်စပ်မှာ ရှိနေတယ်ဆိုတဲ့ ဒုက္ခသည် အမည်ခံအဖွဲ့တွေကို သူ့နိုင်ငံအတွင်းကိုခေါ်ယူဖို့ ကိစ္စနဲ့ပတ်သက်ပြီး ပြောလိုပါတယ်။ အဲဒီတော့ အဲဒီမှာ ဒုက္ခသည်အမည်ခံပြီးတော့ ရှိနေတာတွေက KNU နဲ့သူ့ရဲ့ဇနီး၊ သားသမီး၊ ဆွေမျိုး အမာခံတွေဖြစ်တဲ့အတွက် အဲဒီဥပဒေပြင်ဆင်ပြီး ခေါ်သွားရင် KNU တွေနဲ့ သူ့ရဲ့ဇနီး၊ သားသမီး၊ ဆွေမျိုးအမာခံတွေပဲ ပါသွားမှာဖြစ်ပါတယ်။ အဲဒီတော့ အဲဒီအနေအထားကို အရင်အတိတ်က ဖြစ်ခဲ့ဖူးတဲ့ ဖြစ်စဉ်ဖြစ်ရပ်တစ်ခုနဲ့ ယှဉ်ထိုးပြီး ကျွန်တော်ပြောလိုပါတယ်။ အရင်အတိတ်ကဖြစ်ခဲ့တဲ့ ဖြစ်စဉ်ဖြစ်ရပ်ကို သတင်းစာဆရာကြီးများ သိပြီးသားဖြစ်မှာပါ။

အဲဒီဖြစ်စဉ်ဖြစ်ရပ်က Bay of Pigs Invasion ဝက်ပင်လယ်အော်ကျူးကျော်မှုဆိုတဲ့ ဖြစ်စဉ်ဖြစ်ရပ် သာဓကပါပဲ။ လက်ရှိ ကျူးဘားနိုင်ငံရဲ့ သမ္မတကြီးဖြစ်တဲ့ Fidel Castroနဲ့ တော်လှန်ရေး တပ်ဖွဲ့များဟာ ၁၉၅၉ ခုနှစ်မှာ ဘာတစ္စတာ ဦးစီးတဲ့ ကျူးဘားအစိုးရကို တိုက်ခိုက်အောင်မြင်ခဲ့ပါတယ်။ ဘာတစ္စတာဟာ ရှုံးနိမ့်တဲ့အတွက်ကြောင့် သူ့အစိုးရဟာ ကျူးဘားကနေထွက်ပြေးရပါတယ်။ အဲဒီလို ဘာတစ္စတာအစိုးရ ထွက်ပြေးတာနဲ့ အတူပဲ သူ့ရဲ့နောက်လိုက်နောက်ပါ ကျူးဘားနိုင်ငံသားတချို့လည်း ကျူးဘားနိုင်ငံက ထွက်ပြေးပါတယ်။ အဲဒီလို ထွက်ပြေးလာတဲ့ ကျူးဘားပြည်ပြေးများကို အမေရိကန်က စုစည်းလက်ခံပါတယ်။ နေရာထိုင်ခင်းပေးပါတယ်။ အစားအသောက် ကျွေးထားပါတယ်။ ပြီးရင် စစ်သင်တန်းတွေပေးပြီး လေ့ကျင့်ပေးပါတယ်။ ပြီးရင် လက်နက်တပ်ဆင်ပေးပါတယ်။ ပြီးတဲ့အခါမှာ ၁၉၆၁ခုနှစ်မှာ ကျူးဘားနိုင်ငံရဲ့ တောင်ဘက်ပင်လယ်အော်ဖြစ်တဲ့ Bay of pigs ဝက်ပင်လယ်အော်ကနေတစ်ဆင့် ဝင်တိုက်ခိုင်းပါတယ်။ ဒါပေမဲ့လည်း ကတ်စထရိုရဲ့ ကျူးဘားတပ်ကနေပြီးတော့ အဲဒီလို ကျူးကျော်လာတဲ့ ပြည်ပြေးတွေကို တိုက်ခိုက်ချေမှုန်းနိုင်ခဲ့ပါတယ်။ ဒါဟာ အရင်က တကယ်ဖြစ်ခဲ့တဲ့ ဖြစ်စဉ်ဖြစ်ရပ် သာဓကတစ်ခုပါပဲ။

ဒါ့အပြင် အမေရိကန်က သူ့ရဲ့လူဝင်မှုဥပဒေကို ခြွင်းချက်နဲ့ ပြင်ဆင်ပြီးတော့ ကျွန်တော်တို့ နယ်စပ်မှာရှိနေတဲ့ ဒုက္ခသည်အမည်ခံတွေကို ခေါ်ဖို့လုပ်တယ်ဆိုတဲ့ အဲဒီပြင်ဆင်မှုဥပဒေကလည်း အဲဒီ ကျွန်တော်တို့ မြန်မာနယ်စပ်မှာရှိနေသော ဒုက္ခသည်များအတွက်ပဲ အကျုံးဝင်ပါတယ်။ အဲဒီပြင်ဆင်မှုဥပဒေဟာ ကမ္ဘာမှာ အခြားနေရာတွေမှာရှိနေတဲ့ ဒုက္ခသည်တွေနဲ့ အကျုံးမဝင်ပါဘူး။ ဒါသူ့ထုတ်ပြန်ချက်။ အဲဒီတော့ ဒါကိုပြန်ကြည့်လိုက်ရင် သူ့ရဲ့ပြင်ဆင်တဲ့ဥပဒေဆိုတာဟာ ကျွန်တော်တို့ နယ်စပ်မှာရှိနေတဲ့ ဒုက္ခသည်လို့ အမည်ခံထားတဲ့ ကရင်သောင်းကျန်းသူနဲ့ သူ့ရဲ့ဇနီး၊ သားသမီး၊ ဆွေမျိုးတွေအတွက်ပဲ အကျုံးဝင်တယ်။ ကျန်တဲ့ ကမ္ဘာအနှံ့မှာရှိနေတဲ့ ဒုက္ခသည်တွေနဲ့ အကျုံးမဝင်ဘူး။ ဒါကြောင့် မင်းတို့လာလို့မရဘူးလို့ ပြောတာနဲ့အတူတူပါပဲ။ ဒါကြောင့်မို့လို့ အမေရိကန်ရဲ့ ကနေ့လုပ်ရပ်ဟာ အရင်ကဖြစ်ခဲ့တဲ့သာဓကအခု ကျွန်တော်ရှင်းပြတဲ့ အချက်တွေအပေါ် ထောက်ပြီးတော့ ကြည့်ရင် အမေရိကန်ဟာ ဘယ်ယုန်မြင်လို့ ဘယ်ချုံထွင်ထားလဲလို့ ကျွန်တော်တို့ တွေးတောရမယ့် အနေအထားဖြစ်ပါတယ်။ ဒါ့အပြင်လည်း အမေရိကန်ကပဲ ဘယ်နိုင်ငံကတော့ ဒီမိုကရေစီမရှိဘူး၊ ဒီမိုကရေစီမရှိဘူး။ ဘယ်နိုင်ငံကတော့ လူ့အခွင့်အရေးတွေကို ချိုးဖျက်နေတယ်။ လူ့အခွင့်အရေးတွေမပေးဘူး၊ တဖွဖွအော်ပါတယ်။ ကနေ့ သူကပြင်ဆင်လိုက်တဲ့ ဥပဒေဟာ ဒုက္ခသည်ဆိုတဲ့လူတွေအပေါ်မှာတောင် ခွဲခြားမှုရှိမနေဘူးလားလို့ ကျွန်တော် ဒီလို ပြန်တွေ့ပါတယ်။ ဒါကြောင့်မို့လို့ ဒေါက်တာဇော်သန်းရဲ့အမေးကို ကျွန်တော် အဲဒီလို ရှင်းလင်းဖြေကြားလိုပါတယ်။ ။ **(သတင်းစဉ်)**

အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ ကျင်းပမည့် အာဆီယံ-တရုတ် သတင်းနှင့် ပြန်ကြားရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ရန် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးစိုးဝင်း ခေါင်းဆောင်သောအဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူတွေ့ရစဉ်။ (သတင်းစဉ်)

ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း ခေါင်းဆောင်သောအဖွဲ့ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန် အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မေ ၁၄

အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ မေ၁၆ရက်မှ ၁၉ရက်အထိ ကျင်းပမည့် **အာဆီယံ-တရုတ် သတင်းနှင့် ပြန်ကြားရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ**သို့ တက်ရောက်ရန် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းခေါင်းဆောင်၍ အဖွဲ့ဝင် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေစိစစ်နှင့်မှတ်ပုံတင်ဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကြည်ပါဝင်သော အဖွဲ့သည် ယနေ့နံနက် ၁၀နာရီ ၅မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ထွက်ခွာသွားကြသည်။

ပို့ဆောင်နှုတ်ဆက်

ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းခေါင်းဆောင်သောအဖွဲ့အား မြန်မာ့သတင်းစဉ်(ပြည်တွင်း) စာတည်းမှူးချုပ် ဦးသက်ဆွေ၊ မြန်မာ့အလင်းသတင်းစာတိုက် စာတည်းမှူးချုပ် ဦးရဲမြင့်ဖေ၊ ကြေးမုံသတင်းစာတိုက် စာတည်းမှူးချုပ် ဦးမြင့်ဆွေ၊ ဒုတိယညွှန်ကြားရေးမှူး (သတင်း) ဦးခင်မောင်ကျော်ဒင်နှင့် တာဝန်ရှိသူများ၊ မိသားစုဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြည်တွင်းပြည်ပသတင်းစာဆရာများနှင့် စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားစဉ်။ (သတင်းစဉ်)

ကျေးရွာပြည်သူများကိုယ်တိုင် KNU ကပေးတဲ့ ဒုက္ခအဝဝ၏အဖြစ်မှန်များ ရှင်းလင်းပြောကြား မုန်းနယ်မြေက ပြည်သူလိုပဲ တခြားသော ဆက်စပ်ပြည်သူတွေဟာ အတိဒုက္ခခံစားရလျက်ရှိ အခြေအနေမှန်ကို သတင်းစာဆရာကြီးများသိနိုင်အောင် ခေါ်လာပြီး ရှင်းလင်းပြရခြင်းဖြစ်

နိုင်ငံတော်က ပြည်သူများ၏အသက်အိုးအိမ်အတွက် လုံခြုံရေးကာကွယ်မှုတွေ ဆောင်ရွက်နေရ

ရန်ကုန် မေ ၁၄

ပြည်တွင်းပြည်ပသတင်းစာဆရာများ၏ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ ပဲခူးတိုင်းအတွင်း လေ့လာရေးခရီးစဉ်တွင် ကျောက်ကြီးမြို့နယ် မုန်းဒေသသို့ရောက်ရှိလေ့လာစဉ် KNU အကြမ်းဖက်သောင်းကျန်းသူများက ဒေသခံပြည်သူများ ကူးသန်းသွားလာရနေရာ၊ အသက်မွေးဝမ်းကျောင်းပြုလုပ်ရာနေရာများတွင် မိုင်းထောင် ဖောက်ခွဲဖျက်ဆီးမှုများကြောင့် အသက်ဆုံးရှုံးခဲ့ရမှုများ၊ ခြေပြတ်လက်ပြတ်ဖြစ်ပြီး ဒုက္ခိတဘဝရောက်ရပုံများ၊ နိုင်ငံတော်က ဆေးဝါးကုသပြုစုပေးနေပုံများနှင့်စပ်လျဉ်း၍ မုန်းမြို့ တိုက်နယ်ဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်ခင်က ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ KNU အကြမ်းဖက်သောင်းကျန်းသူများ၏ ညှဉ်းပန်းနှိပ်စက်၊ သတ်ဖြတ်မှု၊ အဓမ္မခြိမ်းခြောက်ခိုင်းစေမှု၊ ကျေးရွာများအား မီးရှို့ဖျက်ဆီးမှု၊ နွားများ လှည်းများအား ဖမ်းဆီးဖျက်ဆီးမှု၊ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှု၊ တောထဲတောင်ထဲ လယ်ကွင်းများထဲ၌ သွားရောက်လုပ်ကိုင်ရန် အခက်အခဲများနှင့် ကြုံတွေ့နေရမှုတို့နှင့်စပ်လျဉ်း၍ ကိုယ်တိုင် ကြုံတွေ့ခံစားနေရသူ ဒေသခံ တိုင်းရင်းသားများက တစ်ဦးချင်း ရင်ဖွင့်စကားများပြောကြားကြပြီး သတင်းစာဆရာများ၏ မေးမြန်းချက်များကို ပြန်လည် ရှင်းလင်းဖြေကြားကြသည်။ ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

အဆိုပါရှင်းလင်းတင်ပြမှုများ၊ ရင်ဖွင့်ပြောကြားမှုများ၊ မေးမြန်းချက်များ၊ ပြန်လည်ရှင်းလင်းဖြေကြားမှုများနှင့် ဖြည့်စွက် ရှင်းလင်းပြောကြားမှုများမှာ အောက်ပါအတိုင်းဖြစ်သည်-

ဒေါက်တာမောင်မောင်ခင်(ဆေးရုံအုပ်ကြီး၊ မုန်းတိုက်နယ်ဆေးရုံ)

ကျွန်တော်ကတော့ ဒေါက်တာမောင်မောင်ခင်ဖြစ်ပါတယ်။ ဒီမုန်းတိုက်နယ်ဆေးရုံရဲ့ တိုက်နယ်ဆရာဝန်တာဝန်ကို ထမ်းဆောင်နေရသူ ဖြစ်ပါတယ်။ ဒီမုန်းတိုက်နယ်ဆေးရုံမှာ ကျွန်တော် တာဝန်ထမ်းဆောင်တာ ၂၀၀၅ ခုနှစ် ၆လပိုင်းကမို့ အခုဆိုလို့ရှိရင် ၁၁ လပဲ ရှိပါသေးတယ်။ ကျွန်တော် တာဝန်ထမ်းဆောင်တဲ့ကာလအတွင်းမှာ ဒီမုန်းဒေသမှာ လူနာကုသတဲ့နေရာမှာ ဘာရောဂါတွေအဖြစ်များသလဲ ပြန်လည်ကြည့်လိုက်တဲ့အခါကျတော့ ကျွန်တော်တို့ မုန်းဒေသမှာ နံပါတ်(၁)ကတော့ ငှက်ဖျားရောဂါ၊ နံပါတ်(၂)ကတော့ မီးဖွားရာမှာ အခက်အခဲရှိတဲ့လူနာ၊ နံပါတ်(၃)အနေနဲ့ကတော့ မြွေကိုက်တဲ့လူနာ၊ နံပါတ်(၄)အနေနဲ့ကတော့ မြေမြှုပ်မိုင်းထောင်တဲ့အတွက် ဒဏ်ရာရှိတဲ့လူနာပဲဖြစ်ပါတယ်။ အဲဒီမှာ မြေမြှုပ်မိုင်းထောင်လို့ ဒဏ်ရာရရှိတဲ့လူနာတွေကို စာရင်းပြုစုထားတဲ့နေရာမှာ သုံးနှစ်စာ ကျွန်တော်ပြောပြပါ့မယ်။ ၂၀၀၄ ခုနှစ်က အားလုံးမိုင်းကြောင့် ဒဏ်ရာရတဲ့လူနာ ၁၆ ယောက်ဖြစ်ပါတယ်။ ၂၀၀၅ ခုနှစ်မှာ မိုင်းမှန်တဲ့လူနာအားလုံး ၁၄ ယောက်ဖြစ်ပါတယ်။ အခု ၂၀၀၆ ဇန်နဝါရီကနေ အခုအချိန်အထိ ဒီနေ့အထိ မိုင်းမှန်တဲ့လူနာ ၁၈ ယောက်ဖြစ်သွားပါပြီ။ ဆိုတော့ ဒီတစ်နှစ်ထဲမှာ အမြင့်ဆုံးကိုရောက်နေပါတယ်။ အဲဒီတော့ ၂၀၀၅ ခုနှစ်မှာ ပြန်ကြည့်လိုက်လို့ရှိရင် မိုင်းမှန်ပြီးတော့ အသက်ဆုံးရှုံးရတဲ့လူနာ တစ်ယောက်ရှိပါတယ်။ အဲဒီတော့ အခုလက်ရှိ ကျွန်တော်တို့ဆေးရုံမှာ တက်ရောက်ကုသနေတဲ့ လူနာအားလုံး ၁၅ ယောက်ရှိပါတယ်။ အဲဒီမှာ မိုင်းမှန်တဲ့လူနာ ကိုးယောက်ရှိပါတယ်။ ကိုးယောက်ဆိုတာ အခုမနက် ၉ နာရီ ၁၅ မိနစ်မှာ တစ်ယောက်ရောက်တဲ့ဟာ။ အခု ကျွန်တော်တို့ မခွဲစိတ်မီလူနာကို ရီဆတ်စတိတ်လုပ်တဲ့အဆင့်ပဲ ရှိပါသေးတယ်။ ကျွန်တော်တို့လူနာရဲ့ အခြေအနေကောင်းလာလို့ရှိရင်တော့ လူနာကလည်း ဖြတ်တောက်ကုသရမယ့် လူနာဖြစ်ပါတယ်။ အဲဒီတော့ မိုင်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဒီမုန်းဒေသမှာ ၁၉၈၀ ကနေ အခု ၂၀၀၆ ခုနှစ်အထိ လေ့လာလိုက်တဲ့အခါမှာ မိုင်းမှန်ပြီးတော့ အသက်ဆုံးရှုံးရတဲ့လူ မပါပါဘူး။ ခြေလက်အင်္ဂါမှာ ခြေမလောက်ပြတ်သွားတာ၊ လက်မလောက်ပြတ်သွားတာ၊ လက်ပြတ်သွားတာ ဒီလိုလူမျိုး မပါပါဘူး။ ခြေထောက်တစ်ဖက်ပြတ်တာ၊ ခြေထောက်နှစ်ဖက်စလုံးပြတ်တာ အဲဒီဟာကို စာရင်းကောက်ကြည့်တဲ့အခါမှာ ၂၀၀၆ ခုနှစ်အထိ ၂၆ နှစ်တာ ကာလအတွင်းမှာ ကျေးရွာတွေမှာ လက်ရှိနေထိုင်နေတာ ၈၁ ဦးရှိပါတယ်။ အဲဒီလူနာတွေကို ကျွန်တော်တို့က ပြန်လည်ထူထောင်ရေးအနေနဲ့ ကုသတဲ့နေရာမှာ ခြေတုတပ်ဆင်ရေးကိုတော့ နိုင်ငံတကာကြက်ခြေနီအဖွဲ့ကနေပြီးတော့ ကူညီပံ့ပိုးဆောင်ရွက်ပေးပါတယ်။ အဲဒီလို ဆောင်ရွက်ပေးတဲ့နေရာမှာ နိုင်ငံတကာကြက်ခြေနီအဖွဲ့က ခြေတုတပ်ဆင်ပေးတဲ့ လူနာအားလုံးဟာ ၅၂ ယောက်ရှိပါတယ်။ အဲဒီမှာ ကျွန်တော်တို့ နှစ်ဖက်လုံးပြတ်တဲ့အတွက်ကြောင့်မို့လို့ ဝှီးချဲလ် လက်တွန်းကုလားထိုင်နဲ့သွားရမယ့် လူနာနှစ်ယောက် ပေါင်းလိုက်လို့ရှိရင် ၅၄ ပါ။ အဲဒီမှာ ကျန်တဲ့သုံးယောက်ကတော့ သူတို့ဆန္ဒကိုက ခြေတုလည်း မတပ်ဆင်ချင်လို့ပါ၊ ကျန်တဲ့လူနာတွေကတော့ လက်ရှိအနေအထားအရ ခြေတုတပ်ဆင်ခွင့်မရသေးတဲ့ လူနာတွေပဲဖြစ်ပါတယ်။ အခု ၂၀၀၆ ခုနှစ်အတွင်းမှာ ဖြစ်တဲ့လူနာတွေ အနာကောင်းပြီး ခြေတုတပ်ဆင်ရန် အသင့်ဖြစ်နေပေမယ့်လည်း သူတို့ဟာ ခြေတုတပ်ဆင်နိုင်ခြင်း မရှိသေးပါဘူး။ ကျွန်တော်တို့အနေနဲ့တော့ မုန်းတိုက်နယ်ဆေးရုံမှာ ကျွန်တော်တို့ တာဝန်ယူရတဲ့ကာလအတွင်းမှာ ဒီမြေမြှုပ်မိုင်းဒဏ်ရာရတဲ့ ကျေးလက်ပြည်သူတွေကိုသာ ကုနေရတဲ့အကြောင်းကို ပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။

ဦးမြတ်ကျော်(မွေတော်ကျေးရွာ)

ကျွန်တော်ကတော့ ကျောက်ကြီးမြို့နယ် မွေတော်ကျေးရွာက မြတ်ကျော်ဖြစ်ပါတယ်။ အခုလို မိမိရဲ့ခံစားချက်ကို ရင်ဖွင့်ပြောဆိုခွင့်ရတဲ့အတွက် ကျွန်တော် အထူးပဲကျေးဇူးတင်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ KNU သောင်းကျန်းသူနဲ့ပတ်သက်ပြီးတော့ ကျွန်တော်ရဲ့ ရင်တွင်းခံစားချက်တွေကို တင်ပြရမယ်ဆိုရင်တော့ ကျွန်တော်သည် ကျောက်ကြီးမြို့နယ် မွေတော်ကျေးရွာကို ရောက်ရှိတာ သုံးနှစ်ကျော် လေးနှစ်ကာလရောက်ရှိလာခဲ့ပါပြီ။ သုံးနှစ်ကျော် လေးနှစ်ကာလအတွင်းမှာ ၂၀၀၅-၂၀၀၆ မှာ ကျွန်တော်တို့ နေထိုင်သွားလာလုပ်ရှားစားသောက်လာတဲ့အခါမှာ ကျွန်တော်တို့ အတိဒုက္ခတွေ အမျိုးမျိုးရောက်ခဲ့ရပါတယ်။ အဲဒီလို အတိဒုက္ခတွေရောက်နေရာမှာ ကျွန်တော်တစ်ဦးတည်းလည်းမဟုတ်ပါဘူး။ ကျွန်တော်တို့ အရှေ့ခြမ်း မုန်းဒေသမှာရှိတဲ့ လူသော်လည်းကောင်း၊ မွေတော်ဒေသမှာရှိတဲ့ ပုဂ္ဂိုလ်သော်လည်းကောင်း တောင်တန်းဒေသအသီးသီးမှာ အားလုံးဟာ ဒုက္ခအတိဖြစ်ကြပါတယ်။ ကျွန်တော်တို့ဆိုရင် ၂၀၀၅ ဒီဇင်ဘာရဲ့ အလွန်လောက် ၁ လပိုင်း၊ ၂ လပိုင်းမှာဆိုရင် ကျွန်တော်တို့ ရပ်ရွာတွေမှာ မအိပ်ရဲကြပါဘူး၊ တောကြိုတောင်ကြားမှာ ကျွန်တော်တို့ပုန်းအိပ်နေရပါတယ်၊ ပုန်းစားနေရပါတယ်။ ဒါပေမယ့် ခင်ဗျားတို့ ဘာကြောင့်မပြန်သလဲ၊ ဒီနေရာမှာ ဘာလို့ပေနေသလဲဆိုရင် ကျွန်တော်တို့မှာ အကြောင်းအမျိုးမျိုးနဲ့ မပြန်နိုင်ဘဲနဲ့ ဒီလိုပဲ မှိတ်ကြိတ်ပြီးနေခဲ့ရပါတယ်။ အခုလိုတင်ပြနေတဲ့ အတိုင်းအတာလေးတွေကို ကိုယ့်အထက် အရာရှိများသိအောင်ဆိုပြီးတော့ ကျွန်တော် တင်ပြခွင့်ရတဲ့အတွက် အထူးပဲ ကျွန်တော်ကျေးဇူးတင်နေတဲ့အနေအထားနဲ့ လာရောက်ပြီးတော့ ပြောဆိုအပ်ပါတယ်။ အဲဒီလိုတင်ပြတဲ့နေရာမှာ ကျွန်တော် တစ်ခါမှ အတွေ့အကြုံမရှိသေးတဲ့အတွက် အမှားအယွင်းများရှိရင်လည်း ကျွန်တော့်ကို ခွင့်လွှတ်ပေးပါ၊ ကျွန်တော့်ဆန္ဒအနေနဲ့ ကျွန်တော် အခု မွေတော်မှာ ၂၀၀၅-၂၀၀၆ အတွင်းမှာဆိုရင်ပေါ့လေ မိုင်းဖောက်ခွဲမှုကိစ္စ၊ သောင်းကျန်းသူကိစ္စအဝဝနဲ့ ပတ်သက်ပြီးတော့လည်း လူတွေလည်း သေကျေပျက်စီးရပါတယ်။ နွားတွေလည်း ဆွဲ၊ ကျွဲတွေလည်း ဆွဲ၊ ကျွန်တော်တို့ရဲ့ ဗုဒ္ဓဘာသာမြန်မာလူမျိုးလို့တော့ ခွဲခြားသလား၊ မခြားသလားတော့ ကျွန်တော်လည်း မသိပါဘူး။ အဲဒီတော့ ကျွန်တော်တို့ဗုဒ္ဓဘာသာဘုန်းကြီးတွေကိုဖမ်းပြီးတော့ အရက်ပုန်းထမ်းခိုင်း၊ ရိုက်နှက်၊ လုပ်သွားတဲ့

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

မုန်းမြို့ တိုက်နယ်ဆေးရုံမှ ဒေါက်တာမောင်မောင်ခင် ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

မွေတော်ကျေးရွာမှ ဦးမြတ်ကျော် ဖြေကြားစဉ်။ (သတင်းစဉ်)

မုန်းမြို့မှ ဦးထွန်းနိုင် ဖြေကြားစဉ်။ (သတင်းစဉ်)

ကြောင်ပြာကျေးရွာမှ ဦးဌေး ဖြေကြားစဉ်။ (သတင်းစဉ်)

ကြောင်ပြာကျေးရွာမှ ဦးမြင့်ကျော် ဖြေကြားစဉ်။ (သတင်းစဉ်)

ခုံကြီးကျေးရွာမှ ဦးမောင်ချစ် ဖြေကြားစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၁၁ မှ

အတိုင်းအတာတွေကို ကျွန်တော်တို့က ဒါတွေကို အားလုံးပဲ ဘာသာရေး ရှုထောင့်ကနေပြီးတော့ ခံစားရပါတယ်။ အဲဒီလို မိမိရဲ့ဘာသာ၊ မိမိရဲ့လူမျိုး အဲဒီလိုဖြစ်လာတဲ့အခါကျတော့ ကျွန်တော်တို့မှာ စိတ်မကောင်းခြင်း ကြုံတွေ့ရပါတယ်။ ကျွန်တော်တို့ ဘာသာရေးချိုးဖောက်မှုတစ်ခုကိုတော့ စိတ်မကောင်း၊ အထူးပဲ ဝမ်းနည်းပါတယ်။ အဲဒီလိုဘက်မှာပဲ ကျွဲတွေ ဆွဲတယ်။ နွားတွေ ဆွဲတယ်။ လူတွေမနေရ၊ မတက်ရ၊ မဆင်းရ၊ မသွားရမလာရလို့၊ ညှဉ်းပန်းနှိပ်စက် ဒုက္ခအမျိုးမျိုးတွေ့ကြုံနေရတဲ့အတွက် အထူးပဲ ဝမ်းနည်းပြီး ဒီလောက်နဲ့ပဲ ကျွန်တော်နိဂုံးချုပ်လိုက်ပါတယ်ခင်ဗျာ။

ဦးထွန်းနိုင်(မုန်းမြို့)

ကျွန်တော့်နာမည် ထွန်းနိုင်ဖြစ်ပါတယ်။ ကျွန်တော်ကတော့ မုန်း(၄) ရပ်ကွက်မှာ နေပါတယ်။ ကျွန်တော်တို့ မုန်းဒေသအတွင်းမှာ နှစ်စဉ်နှစ်တိုင်း မြေမြှုပ်မိုင်းတွေပေါက်ကွဲမှု၊ တိုက်ပွဲတွေဖြစ်မှုကို ပြည်သူတွေ တောက်လျှောက် အမြဲတမ်းခံစားရတယ်။ ကျွန်တော်ကိုယ်တိုင် ၂၀၀၆ ခုနှစ် ၁လပိုင်း ၁၉ ရက်နေ့မှာ KNU ရဲ့ဖမ်းဆီးခြင်းကိုခံခဲ့ရတယ်။ မုန်းဒေသရဲ့ အရှေ့တောင်ဘက် ကျတာပေါ့။ တောင်ကျချောင်းလေးတစ်ချောင်းမှာ ငါးရှာသွားရင်းနဲ့ အဖမ်းခံလိုက်ရတာ၊ KNU တွေဖမ်းသွားပြီးတော့ ကျွန်တော်တို့ သူတို့ခေါ်ဆောင်ရာကို လိုက်သွားရတယ်။ လိုက်သွားပြီးတော့ သူတို့ခိုင်းတာ လုပ်ရပါတယ်။ ၂လပိုင်း ၁၆ ရက်နေ့ကျတော့ ကျွန်တော်တို့ကို ပြန်လွှတ်ပါတယ်။ ဟိုမှာတော့ ကျွန်တော်တို့ကို အလုပ်ခိုင်းတယ်။ နေ့ခင်း ထမင်း ညထမင်းတို့ကျတော့ ဆားနဲ့ ငရုတ်သီးနဲ့ပဲ ကျွေးပါတယ်။ ဒီလိုပဲ ကျွန်တော်တို့ရဲ့ ပြည်သူတွေဟာ အမြဲတမ်းပဲ ဒီလိုနေသွားရမှာလားလို့ ကျွန်တော်တို့ ကျွန်တော့်ကိုယ် ကျွန်တော်၊ နောက်တစ်ခါ ကျွန်တော့်ရဲ့ နောက်ထပ်ပေါက်ဖွားလာမယ့် ကလေးတွေကိုပါ သနားမိတယ်။ ဘာ့ကြောင့်လဲ ကျွန်တော်တို့က ဒီလိုပဲ KNUနဲ့ ဒီလိုဖြစ်ပျက်နေတဲ့အခါမှာ တောက်လျှောက်ပဲ အဆိုးရွားဆုံးဒဏ်တွေ ခံစားရတယ်။ ကျွန်တော်တို့ဒေသဟာ မြန်မာနိုင်ငံနဲ့ ယှဉ်လို့ရှိရင် အဆိုးရွားဆုံးဒဏ် အခံစားရဆုံးနေရာပါပဲ။ အခုလို သတင်းစာဆရာကြီးတွေ၊ နိုင်ငံတော်အကြီးအကဲတွေနဲ့ အခုလိုတင်ပြခွင့်ရတဲ့အတွက် အင်မတန်မှလည်း ဝမ်းသာပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ ပြည်သူတွေ၊ ကျွန်တော်တို့ဒေသမှာရှိတဲ့ အတိဒုက္ခရောက်နေတဲ့ ပြည်သူတွေကို ဒီမှာရောက်ရှိလာကြတဲ့ ဧည့်သည်တော်များအနေနဲ့ နောက်နောင် ဒီလိုဒုက္ခမျိုးမရောက်အောင် ဝိုင်းဝန်းကူညီပံ့ပိုးသွားပါလို့ ပြောကြားရင်းနဲ့ပဲ နိဂုံးချုပ်လိုက်ပါတယ်ခင်ဗျာ။

Weekly Eleven ဂျာနယ်မှ ဦးဝေဖြိုး မေးမြန်းစဉ်။
(သတင်းစဉ်)

လယ်ယာစီးပွားသတင်းဂျာနယ်နှင့် မျိုးမြန်မာဂျာနယ်မှ ဦးမြတ်စိုး(လှိုင်) မေးမြန်းစဉ်။
(သတင်းစဉ်)

မုန်းကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးခင်သိန်း ဖြေကြားစဉ်။
(သတင်းစဉ်)

မုန်းကျေးရွာအုပ်စုမှ ဦးအုန်းကြိုင် ဖြေကြားစဉ်။
(သတင်းစဉ်)

ဦးဌေး(ကြောင်ပြာကျေးရွာ)

ကျွန်တော်ကတော့ ကျောက်ကြီးမြို့နယ် မဲပေါက်အုပ်စု ကြောင်ပြာကျေးရွာက ရွာသားတစ်ယောက်ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့နာမည်က ကိုဌေး လို့ခေါ်ပါတယ်။ ဒီကျွန်တော်တို့ရဲ့ ကြောင်ပြာဖြစ်စဉ်လေးကို ပြောရမယ်ဆိုလို့ရှိရင်ဖြင့် ၂၀၀၅ ခုနှစ် မေ ၁ ရက် နံနက် ၁ နာရီထိုးအချိန်မှာ ဖြစ်ပါတယ်။ အဲဒီ ၁ နာရီထိုးအချိန်မှာ ကျွန်တော်တို့ပြည်သူလူထုတွေအားလုံး အိပ်မောကျနေတဲ့အချိန်ဖြစ်ပါတယ်။ အဲဒီအချိန်မှာပဲ မွေတော်ဘက်က သေနတ်သံစတင်လို့ကြားပါတယ်။ စတင်ကြားပြီးမကြာခင်မှာပဲ ကျွန်တော်တို့ရဲ့ ကြောင်ပြာတောင်ဘက်အခြမ်းကနေပြီးတော့ သေနတ်သံစတင်ပြီးတော့ ကြားပါတယ်။ ကြားတဲ့အခါမှာ ကျွန်တော်တို့လန့်နိုးပြီး ကျွန်တော်တို့ရဲ့ သားသမီးများကို ဆွဲလွဲပြီးတော့ လွတ်ရာသို့ ပြေးခဲ့ရပါတယ်။ KNU သောင်းကျန်းသူတွေက ကျွန်တော်တို့ရဲ့ ကြောင်ပြာရွာထဲကို ဝင်ရောက်လို့ဖျက်ဆီးပြီး သေနတ်နဲ့ ပစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ လွတ်ရာကိုပြေးခဲ့ရပါတယ်။ ထို့မကြာမီ ကျွန်တော်တို့ ကြောင်ပြာရွာကြီးကို သူတို့ မီးဝင်ရှို့တော့တာပဲ။ ကျွန်တော်တို့ရဲ့ ပစ္စည်းတွေကိုလည်း သူတို့ယူတယ်။ သူတို့ ယူလို့မကုန်မှ အိမ်ကို မီးရှို့ခဲ့ပါတယ်။ အဲဒီ သူတို့စပစ်တဲ့အချိန်မှာ ကျွန်တော်တို့ ကြောင်ပြာရွာက ကရင်အဘွားကြီးတစ်ယောက် စမှန်သွားပါတယ်။ အဲဒီ ကရင်အဘွားကြီးရဲ့နာမည်က ဒူးအယ်လ်မိုးလို့ ခေါ်ပါတယ်။ ကရင်အဘွားကြီးတစ်ယောက် မှန်ပြီးနောက် နွားနှစ်ကောင်လည်း သေဆုံးသွားပါတယ်။ အဲ့ဒီနောက်မှာ ကျွန်တော်တို့ အိမ်တွေကို မီးရှို့လို့ ကျွန်တော်တို့ကတော့ အနီးအနားမှာမနေရဲ အဝေးမှာ ပြေးပုန်းနေရတော့ အဝေးကပဲ မီးရောင်ပဲမြင်ရတော့တာပေါ့လေ။ နောက် မီးရှို့လို့ ကျွန်တော်တို့ပြန်လာတော့ ကျွန်တော်တို့အိမ်တွေ မရှိတော့ပါဘူး။ အဲ့ဒါနဲ့ပဲ ကျွန်တော်တို့ ဒုက္ခအကြီးအကျယ်အမျိုးမျိုးရောက်၊ နေစရာအိမ်လည်း မရှိ၊ စားစရာ ဆန်လည်းမရှိ၊ အဲဒါနဲ့ပဲ မိဘဆွေမျိုးရှိရာကို ကျွန်တော်တို့ ကပ်ပြီးတော့ ယနေ့အချိန်အထိ စားနေရပါတယ်။ ကျွန်တော်တို့မှာ တစ်ချိန်က လုပ်ခဲ့တဲ့ စည်းစိမ်ဥစ္စာ တစ်ခုမှပြန်မရခဲ့ပါဘူး။ ခါးဝတ်ခါးစားနဲ့ပဲ ကျွန်တော်တို့ ပြေးခဲ့ရပါတယ်။ ယနေ့အချိန်အထိလည်း ကျွန်တော်တို့မှာ အရင်ကလို ပြန်ပြီးတော့ မထူထောင်နိုင်တော့ပါဘူး။ မီးရှို့လို့လောင်သွားတဲ့ အိမ်ခြေမှာဆိုရင် ၁၉ လုံးတိတိ မီးရှို့ခံလိုက်ရပါတယ်။ ကျွန်တော့်အနေနဲ့ ဒီလောက်ပဲ ပြောလိုပါတယ်။

ဦးမြင့်ကျော်(ကြောင်ပြာကျေးရွာ)

ကျွန်တော်ကတော့ ကျောက်ကြီးမြို့နယ် မဲပုတ်ကျေးရွာအုပ်စု ကြောင်ပြာရွာသား ကိုမြင့်ကျော် ဖြစ်ပါတယ်။ ကျွန်တော် အခုတင်ပြချင်တာက ကျွန်တော်တို့ မွေတော်ကျေးရွာမှာနေစဉ်က ကျွန်တော့်အိမ်အပါအဝင် အိမ် ၂၂ အိမ်၊ နှစ်ထပ်ဘုန်းတော်ကြီးကျောင်း မီးရှို့ခံရတဲ့ကိစ္စ၊ လူနှစ်ဦးသေဆုံးတဲ့ကိစ္စကို ကျွန်တော်တင်ပြချင်တာဖြစ်ပါတယ်။ ကျွန်တော်တို့ ၂၀၀၅ ခုနှစ် ဧပြီ ၃၀ ရက်နေ့ညမှာ ဘုန်းကြီးကျောင်းပေါ်မှာရှိတဲ့ စလောင်းနဲ့ ဘောလုံးပွဲတစ်ခုကို ကျွန်တော်တို့ရွာသားတွေအပါအဝင် သွားရောက်ကြည့်ကြပါတယ်။ ကြည့်ပြီးတော့အပြန်မှာ မေ ၁ ရက်နေ့ နံနက်ပိုင်း ၁ နာရီခန့်ဖြစ်ပါတယ်။ အဲဒီအချိန်မှာ KNU သောင်းကျန်းသူတွေဟာ ဘုန်းကြီးကျောင်းကို စတင်ပြီးတော့ လက်နက်မျိုးစုံနဲ့ပစ်ခတ်ပါတယ်။ ပစ်ခတ်တဲ့အခါမှာ ကျွန်တော်တို့ကျေးရွာမှာ ဘောလုံးပွဲကြည့်နေတဲ့ ကလေးတစ်ယောက်သေဆုံးပြီး တစ်ယောက်ကို ဖမ်းဆီးသွားပါတယ်။ ဖမ်းဆီးသွားပြီးတော့ တစ်ဆက်တည်းမှာပဲ ကျွန်တော်တို့ ရွာထဲကို ဆင်းလာပြီးတော့ အားလုံးမီးရှို့လိုက်တာ ကျွန်တော့်အိမ်အပါအဝင် အိမ်ခြေ ၂၂ လုံး မီးရှို့ဖျက်ဆီးခံရပါတယ်။ အဲဒီမှာ သေဆုံးတဲ့ ရွာသားတစ်ဦးကတော့ ကျွန်တော်တို့ဇရပ်ကြီးက ဈေးရောင်းဈေးဝယ်လာလုပ်တဲ့ မောင်ကျော်ကို ဆိုတဲ့ ကလေးတစ်ယောက်ဖြစ်ပါတယ်။ ဖမ်းဆီးခံသွားရတဲ့ ကလေးတစ်ယောက်ကတော့ ဖြူးမြို့သားဖြစ်တဲ့ ဂျလိုလို့ ခေါ်ပါတယ်။ သူပျောက်ဆုံးနေတဲ့အခါကျတော့ နောက်တစ်နေ့နံနက်မှာပဲ ကျွန်တော်တို့ကျေးရွာသားတွေက အားလုံးလိုက်ရှာကြပါတယ်။ ရွာနီးနားချင်းကို ရှာတဲ့အခါမှာ မွေတော်ရဲ့ အနီးအနားမှာရှိတဲ့ ရေပြာချောင်းမှာ ကြိုးတုပ်ခံရပြီးတော့ ရက်ရက်စက်စက် အသတ်ခံထားရတာကိုတွေ့ရပါတယ်။ သတ်ပြီးရုံနဲ့ မဟုတ်ပါဘူး။ လည်ပင်းကိုလည်း ဓားနဲ့လှီးခဲ့ပါသေးတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ကျေးရွာသားတွေဟာ KNU တွေရဲ့ မီးရှို့ခြင်း၊ သတ်ဖြတ်ခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း ခံနေရပါတယ်။ ဘုန်းတော်ကြီးကျောင်း နှစ်ထပ်ကျောင်းဆောင်ကြီးလည်း မီးရှို့ခံရပါတယ်။ ဒီအတွက် ကျွန်တော်တို့မှာလည်း အင်မတန်မှလည်းဝမ်းနည်းပါတယ်။ ဒါကြောင့်မို့လို့ အကြီးအကဲများနဲ့ ကြွရောက်လာကြတဲ့ ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများကိုလည်း ကျွန်တော်တို့ တင်ပြခြင်းဖြစ်ပါတယ်။ ဒီဒုက္ခဝေဒနာကိုလည်း ကျွန်တော်တို့ မခံစားချင်တော့ပါဘူး။ ကျွန်တော်တို့ မိသားစုတွေဆိုရင်လည်း ဒီကနေ့အချိန်အထိ ပြာပုံထဲက မတက်နိုင်ပါဘူး။ နေ့လုပ်နေ့စားလုပ်စားနေရပါတယ်။ ယခုအချိန်ဆိုရင်လည်း အပြင်ထိအောင် သိပ်မထွက်ရဲကြပါဘူး။ အဲဒီ မီးလောင်ပြီးတဲ့နောက်ပိုင်းမှာလည်း ဒီ မိုင်းထိတဲ့ လူမမာ လေးဦးခန့်ရှိခဲ့ပါတယ်။ ဒီငါးနှစ်အတွင်းမှာလည်း ကျွန်တော်တို့ မွေတော်မှာရောက်ခဲ့စဉ်အတွင်း မိုင်းထိလူမမာ ၁၈ဦးတိတိကို ကျွန်တော်ကိုယ်တိုင် ရှေးဦးသူနာပြုစုနည်းနဲ့ ပြုစုပြီးတော့ ကျောက်ကြီး၊ မုန်းဆေးရုံတွေကို ကျွန်တော် ပို့ခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်အကြီး အကဲများအနေနဲ့ ဒီလို ကျွန်တော်တို့ ဝေဒနာတွေကို မခံစားချင်တော့ပါဘူး။ ကျွန်တော်တို့ကို အတတ်နိုင်ဆုံးဘက်ကနေပြီးတော့ စောင့်ရှောက်ပေးပါလို့ ကျွန်တော်တင်ပြရင်း နိဂုံးချုပ်ပါတယ်။

ဦးမောင်ချစ်(ခုံကြီးကျေးရွာ)

အားလုံး လူကြီးမင်းများနဲ့တကွ ကြွရောက်လာကြတဲ့ ပြည်သူအားလုံး ပေါ့ဗျာ၊ ကျွန်တော်သိသင့်သလောက်ကလေး၊ ကျွန်တော်တို့ အဖြစ်အပျက်ကလေးတစ်ခု တင်ပြချင်လို့ပါ။ လူကြီးတွေရောက်တဲ့အချိန်မှာ။ ကျွန်တော် ကျောက်ကြီးမြို့နယ်၊ မုန်းဒေသ၊ တောင်လယ်ဒိုင်နယ် အုပ်စု၊ ခုံကြီးကျေးရွာမှာနေပါတယ်။ ကျွန်တော့်နာမည် ကိုမောင်ချစ်လို့ ခေါ်ပါတယ်။ ကျွန်တော်တို့ ၁၈ရက် ၄ လပိုင်း၊ မိမိသုံးဖို့ ထင်းလေးဘာလေး မရှိတဲ့အတွက် ကျွန်တော်တို့ တောထဲထွက်သွားပါတယ်။ တောထဲသွားတဲ့အချိန် အတိုင်းအတာမှာ ကျွန်တော်တို့ ကော့ပြင်း အရှေ့ဘက် တစ်မိုင်လောက်အကွာပေါ့လေ၊ ကျွန်တော်တို့ လမ်းခုလတ်မှာ KNU သောင်းကျန်းသူငါးယောက်နဲ့ ကျွန်တော်တို့ လှည်းကိုးစီးပေါ့။ အားလုံး ကျွန်တော်တို့လမ်းမပေါ်မှာ ပက်ပင်းတွေ့ခဲ့ပါတယ်။ တွေ့တဲ့အချိန်မှာ ကျွန်တော်တို့ လှည်းတအောင့်ရပ်ခိုင်းတယ်။ ရပ်ခိုင်းပြီး ကျွန်တော်တို့ကို မေးပါတယ်။ ဘယ်ရွာကတုန်းလို့၊ ကျွန်တော်တို့က ခုံကြီးကလို့ ပြောပါတယ်။ နောက်တစ်ခွန်း ဆက်မေးတယ်၊ နောက်မှာ လှည်းအဖွဲ့ရှိသေးလား။ ကျွန်တော်က မရှိတော့ပါဘူးလို့ ဖြေပါတယ်။ ဖြေပြီးတဲ့အချိန်အခါမှာ ကျွန်တော်တို့ကို ဆက်မောင်းခိုင်းတယ်။ မောင်းခိုင်းပြီးတော့ ကျွန်တော်တို့ခပ်လှမ်းလှမ်းရောက်တဲ့နေရာလောက်မှာ ဝက်ကလေးချောင်းလို့ပြောတာပဲ၊ ကျွန်တော်တို့လည်း မရောက်ဖူးဘူး တစ်ခါမှ။ အဲဒီအနိမ့်ထဲရောက်တော့ တအောင့်ရပ်ခိုင်းတယ်။ ရပ်ခိုင်းပြီးတော့ ကျွန်တော်တို့ကိုတော့ ဘာမှ မပြောဘူး။ သူတို့အချင်းချင်း ကရင်လိုပြောပြီးတော့ ကျွန်တော်တို့ကို ဆက်မောင်းခိုင်းတယ်။ မောင်းခိုင်းတဲ့အချိန်မှာ ကျွန်တော်တို့ကလည်း မောင်းတယ်။ ကျွန်တော်တို့ကိုပြောတယ်။ ဟိုမောင်း ဒီမောင်း မမောင်းနဲ့ လမ်းမအတိုင်းပဲ မောင်း။ ဟိုမောင်း ဒီမောင်းမောင်းရင် မင်းတို့ကိုပစ်သတ်မယ်။ ကျွန်တော်တို့ကို အဲဒီလိုပြောပြီး မောင်းခိုင်းတော့ ကျွန်တော်တို့လည်း ဆက်မောင်းတယ်။ မောင်းတဲ့အခါကျတော့ ကျွန်တော်ကလည်း ကျွန်တော့်ရှေ့လှည်းက ကောင်လေးတွေကို ကျွန်တော်တိုင်ပင်တယ်။ တို့ကတော့ ဘယ်လိုပဲဖြစ်ဖြစ် ရှိတာလေးတွေကတော့ ပါပြီ။ အဲဒီတော့ တို့ သူတို့လက်အောက်တော့ အပါမခံဘူး။ ဘာပဲဖြစ်ဖြစ် တို့ လစ်ရင်လစ်သလို မောင်းပြေးမယ်ဆိုပြီးတော့ ကျွန်တော်တို့ မောင်းပြေးသွားတယ်။ မောင်းပြေးသွားတဲ့ အတိုင်းအတာမှာ ကျွန်တော်တို့ လှည်းကိုးစီးမှာ ငါးစီးကသတ်သတ်၊ သူတို့နောက်မှာ တော်တော်လှမ်းလှမ်း ကျန်နေခဲ့တယ်။ ကျွန်တော်တို့ လေးစီးက ခပ်လှမ်းလှမ်းကွာသွားတော့ အဲ့ဒီ ရှေ့ဆုံးက မောင်းတဲ့ကောင်လေးက လမ်းခွဲရောက်ပြီဆိုပြီး ကျွန်တော်တို့ လှည်းလေးစီး မောင်းသွင်းလိုက်တယ်။ မောင်းသွင်းလိုက်တဲ့ အတိုင်းအတာမှာ လမ်းခွဲက ရှေ့ကိုဆက်မောင်းလို့မရတော့ဘူး။ လမ်းက ပိတ်နေတယ်။ ပိတ်နေတဲ့အခါကျတော့ ကျွန်တော်တို့ လှည်းသုံးစီးမြောက်က နွားတွေကို အကြမ်းဖြုတ်ဖျက်ပြီးတော့ လွှတ်လိုက်တယ်။ လွှတ်ပြီး ကျွန်တော်တို့ လူအရပြေးတော့ သူတို့နောက်ကနေ သေနတ်နဲ့လိုက်ပစ်တယ်။ လိုက်ပစ်တော့ ကျွန်တော်တို့ ဆက်ပြေးသွားတယ်။ ဆက်ပြေးသွားပြီးတော့ ကျွန်တော်တို့ လူအုပ်မကွဲအောင်ဆိုပြီး ကျွန်တော်က ကောင်လေးတွေကိုလိုက်ပြီးတော့ မပြေးနဲ့တော့၊ မင်းတို့ ဘယ်လိုပဲဖြစ်ဖြစ် သူတို့ ဒီလောက်ကြီးလည်း မလိုက်ဘူး။ နောက်မှာ လှည်းအဖွဲ့လည်း ရှိသေးတယ်ပေါ့။ ကျွန်တော်က သူတို့ဆီ အရလိုက်ပြီးတော့ သူတို့နဲ့ တိုင်ပင်ပြီးတော့ ကျွန်တော်တို့ တစ်ခါ လမ်းမကို ပြန်ထွက်တယ်။ လမ်းမကို ပြန်ထွက်ပြီးတော့ ဘယ်လိုပဲဖြစ်ဖြစ် နွားတွေဘာတွေကတော့ ဆုံးရင်လည်း ဆုံးပစေတော့၊ တို့ လှည်းဆီကို ပြန်သွားမယ်ဆိုပြီး လှည်းဆီကို ပြန်သွားတယ်။ လှည်းဆီကို ပြန်သွားတဲ့အခါမှာ ကျွန်တော်တို့ ကော့ပြင်း ကျေးရွာက ပါသွားတဲ့ ကရင်အမျိုးသမီးလေးယောက်က သူတို့ကလည်း ဟိုက ပြန်လွှတ်လိုက်လို့ ပြန်လာတယ်။ လမ်းမအတိုင်း လာတဲ့အချိန်အခါမှာ ကျွန်တော်တို့နဲ့တွေ့တယ်။ တွေ့ပြီးတော့ ကျွန်တော်တို့က မေးတယ်။ မေးတဲ့အချိန်အခါကျတော့ ခင်ဗျားတို့ကို မခေါ်သွားဘူးလားဆိုတော့ ခေါ်သွားတယ်တဲ့၊ တို့ကို ပြန်လွှတ်လိုက်တာတဲ့။ ဟာ-အဲ့ဒါဆိုရင် ကျွန်တော်တို့ လှည်းဆီကို ပြန်သွားချင်တယ်ဗျာလို့။ နင်တို့ လှည်းတွေကတော့တဲ့ တို့ဆီက ဓားမယူသွားပြီးတော့ ဓားတွေနဲ့ခုတ်ပစ်လိုက်ပြီတဲ့၊ မီးတွေနဲ့လဲ ရှို့ပစ်ပြီတဲ့။ အေးဗျာ အဲဒါကတော့ ဘာပဲဖြစ်ဖြစ်လို့၊ ဒါပေမယ့် ဒီကောင်တွေ မိုင်းတွေ ဘာတွေများ ထောင်ခဲ့မလားမသိဘူးလို့ ကျွန်တော်တို့က မေးတယ်။ သူတို့က ပြောတယ်၊ မိုင်းတော့ မထောင်ဘူးတဲ့၊ သူတို့ ချက်ချင်းပဲ ဓားနဲ့ခုတ်ပြီးမီးနဲ့ရှို့ပြီး ပြန်ထွက်လာတယ်တဲ့။ တစ်ယောက်ကတော့ နွားဆွဲပြီး ထွက်လာ တယ်တဲ့။ အဲဒါနဲ့ ကျွန်တော်တို့လှည်းဆီကို ပြန်ရောက်သွားရော၊ ရောက်တဲ့အခါကျတော့ ကျွန်တော်တို့ ရေဘူးပါတဲ့ ရေနဲ့ မီးလောင်တဲ့လှည်းတွေကို ရေနဲ့လောင်းသတ်၊ သတ်ပြီးတော့ လှည်းတွေကို အတွင်းထဲ နည်းနည်းထည့်၊ ထည့်ပြီးတော့ နွားတွေကို တွေ့လိုတွေ့ငြား အင်းပက္ကက်ဘက်ကို လျှောက်ပတ်လိုက်သွားတယ်။ လိုက်သွားရင်းနဲ့ မတွေ့တော့ ကော့ပြင်းကျေးရွာကို ပြန်ရောက်ခဲ့ရပါတယ်။ နွား ၁၆ ကောင် ပါသွားတယ်။ ကျွန်တော် ပြောချင်တာကတော့ ဒါပါပဲ။

ဦးဝေဖြိုး (Weekly Eleven News ဂျာနယ်)

ကျွန်တော် Weekly Eleven News ဂျာနယ်က ဝေဖြိုးပါ၊ ကျွန်တော် သိချင်တဲ့ မေးခွန်းကတော့ အခုနက ဆရာဝန်ကြီးရှင်းပြသွားတဲ့ အထဲမှာလည်း ပါပါတယ်။ ဒီကနေ့မနက်အထိပေါ့၊ မိုင်းထိတဲ့ အရပ်သားလူနာတွေရှိတယ်။ ဒီမုန်းနယ်တစ်ဝိုက်မှာ မိုင်းထိတဲ့ လူတွေက တော်တော်များများရှိနေတယ်လို့ သိရတော့ ဒီမိုင်းတွေက KNU တွေက ထောင်ထားတဲ့ မိုင်းတွေပဲလား၊ ဒါမှ မဟုတ်လို့ရှိရင် တခြားဟာတွေရော၊ အဲဒါမျိုးရှိသလားဆိုတာ ကျွန်တော် သိချင်ပါတယ်။

ဦးခင်သိန်း(ဥက္ကဋ္ဌ၊ မုန်းကျေးရွာအုပ်စု)

ကျွန်တော်ကတော့ ကျောက်ကြီးမြို့နယ် မုန်းကျေးရွာအုပ်စုဥက္ကဋ္ဌ ဖြစ်ပါတယ်။ ကျွန်တော်က အခုနမေးခွန်းနဲ့ပတ်သက်ပြီးတော့ ဖြေကြားရရင်တော့ ကျွန်တော်တို့ ဒီနယ်မြေမှာ တပ်မတော်ကထောင်တဲ့ မိုင်းတော့ မရှိပါဘူး၊ KNU သောင်းကျန်းသူအဖွဲ့က ထောင်တဲ့မိုင်းလို့ပဲ ကျွန်တော်တို့ သတ်မှတ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီလောက်ပါပဲ။

KNU ထောင်တဲ့မိုင်းလို့ ဘာလို့ပြောနိုင်တာလဲ။

ဘာလို့လဲဆိုတော့ အခု ဒီမိုင်းက ဝါးနဲ့ဝါးဆစ်မိုင်း၊ နောက်ပုလင်းမိုင်းတွေ၊ ပုလင်းကွဲအစတွေ ကျွန်တော်တို့ဆေးရုံမှာ တွေ့ရှိရတဲ့အတွက်ကြောင့် ကျွန်တော်တို့က KNU သောင်းကျန်းသူထောင်တဲ့ မိုင်းလို့ ကျွန်တော်တို့ သတ်မှတ်ပါတယ်၊ ဒါပါပဲ။

ဦးမြတ်စိုး(လှိုင်)(လယ်ယာစီးပွားသတင်းဂျာနယ်နှင့် မျိုးမြန်မာဂျာနယ်)

ကျွန်တော်တို့ ဒီနယ်မြေမှာ အခုစောစောက တော်တော်များများပြောသွားတာ မိုင်းနဲ့ပတ်သက်လို့ ဆရာဝန်ကြီးလည်း ပြောပါတယ်။ ဒီမှာ ထိခိုက်ဒဏ်ရာရတဲ့အခြေအနေတွေ တော်တော်ဆိုးရွားလာတယ်လို့ နောက်တစ်ခါ ဒေသခံတွေအနေနဲ့လည်း ပြောတဲ့အခါကျတော့ ဒီမိုင်းအန္တရာယ်ပေါ့၊ ဒီအန္တရာယ်ကြောင့် ကျေးရွာမှာရှိနေတဲ့ လက်ရှိလုပ်ငန်းကိုင်ငန်းတွေ အထိတ်တလန့်နဲ့ ဘယ်လိုလုပ်နေရတယ်ဆိုတာကို ပြောနိုင်တဲ့ တစ်ဦး၊ နှစ်ဦးလောက်ပေါ့၊ ကျွန်တော်တို့ စာနယ်ဇင်းအဖွဲ့ကို ရှင်းပြစေချင်ပါတယ်။

ဦးအုန်းကြိုင်(မုန်းကျေးရွာအုပ်စု)

ကျွန်တော်ကတော့ မုန်းကျေးရွာအုပ်စုက ဦးအုန်းကြိုင်ဖြစ်ပါတယ်။ KNUနဲ့ပတ်သက်လို့ ကျွန်တော်တို့ လက်ရှိအနေအထား၊ ဒေသခံပြည်သူတွေရဲ့ စားဝတ်နေရေးကျပ်တည်းမှု၊ ဘယ်လိုပျက်စီးမှုတွေ ဖြစ်နေရတယ်ဆိုတဲ့ အနေအထားလေးတစ်ခု ပြန်လည်တင်ပြဆွေးနွေးလိုပါတယ်။ မေးခွန်းနဲ့ပတ်သက်လို့ KNUအနေနဲ့ လက်ရှိ ရွာပြင်ထွက်တာနဲ့ မိုင်းခွဲတဲ့အဆင့်ဆိုတာ ကျွန်တော်တို့ လက်ရှိ ဒီနေ့ မုန်း(၄)ရပ်ကွက်က ကလေးလူငယ်တစ်ဦးဟာ ဒေသအခေါ် မှန်လာဖူးသွားတိုးတယ်။ လက်ရှိအနေအထားအရ ကော့ပြင်းကျေးရွာအရှေ့ဘက် တစ်မိုင်အတွင်းထဲမှာပဲ ခုနစ်နာရီခွဲခန့်လောက်က မိုင်းကွဲလို့ လက်ရှိ မုန်းတိုက်နယ်ဆေးရုံကို ရောက်ရှိနေပြီဖြစ်ပါတယ်။ ဒီလူတွေဟာ ဒေသခံပြည်သူတွေဟာ တချို့ပစ္စည်းဥစ္စာစည်းစိမ်ပြည့်စုံကြသော်လဲပဲ တချို့ တစ်နေ့လုပ်တစ်နေ့စားပုဂ္ဂိုလ်များဖြစ်ပါတယ်။ ဒီကနေ့ မိုင်းထိတဲ့ကလေးဟာ တစ်နေ့လုပ်တစ်နေ့စားပုဂ္ဂိုလ်ဖြစ်ပါတယ်။ အဲဒီတော့ ဒေသခံပြည်သူတွေကို ခြိမ်းခြောက်မှု အနေအထားမှာတော့ လက်ရှိ သတင်းစာဆရာကြီးများ တွေးကြည့်ခြင်းအားဖြင့် သိရှိနိုင်ပါတယ်။ ရွာနဲ့တစ်မိုင်ကျော် တစ်မိုင်အတွင်းထဲမှာကို မိုင်းကွဲနေတယ်ဆိုရင်တော့ ဒါက သတင်းစာဆရာကြီးများရဲ့ တွေးတောပြီးတော့ သုံးသပ်ကြည့်လို့ရနိုင်တဲ့ အနေအထားရှိပါတယ်။ နောက်တစ်ချက် အတွင်းပိုင်းအထိအောင် ဘယ်လောက်ထိအောင်ဝင်ရောက်ပြီး ဒေသခံပြည်သူတွေကို ခြိမ်းခြောက်သလဲဆိုရင် ကျွန်တော်တို့ ဒီမုန်း အထက စာစစ်ဌာန စာမေးပွဲတွင်းကာလကြီးထဲမှာပါ။ အခြေခံပညာအထက်တန်းကျောင်းကြီးမှာ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုနေတဲ့အချိန်မှာတွင်ပင် မုန်းကျေးရွာအုပ်စုရဲ့ မာလာမြိုင်ကျောင်းတိုက်ရဲ့ ခြံစည်းရိုးဝင်းထဲမှာ စုပေါင်းရှင်ပြုပွဲ ရှင် ၁၀၀ ကျော် စုပေါင်းရှင်ပြုပွဲ ပြုလုပ်ပြီးတဲ့ ညမှာလည်းပဲ လက်ပစ်ဗုံးနဲ့ ဝင်ပေါက်တယ်။ ၁၉-၃-၂၀၀၆ ရက်က ဒီမုန်းကျေးရွာကြီးထဲမှာ ဖြစ်သွားပါတယ်။ ဒါကတော့ ကျွန်တော်တို့

စာမျက်နှာ ၁၄ ကော်လံ ၁ သို့

ကမ္ဘာတစ်လွှား အားကစား

တစ်ချိန်က ကမ္ဘာ့ဖလား တတိယဆုရ ခရိုအေးရှားအသင်း ဂျာမနီကမ္ဘာ့ဖလားနွှဲရန် အသင့်ပြင်ထားပြီ

ပြုစုရေးသားသူ မြင့်မောင်စိုး

ခရိုအေးရှား မေ ၁၄

၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများကို ဇွန် ၉ ရက်မှ ဇူလိုင် ၉ ရက်အထိ ဂျာမနီနိုင်ငံ၌ ကျင်းပတော့မည်ဖြစ်ရာ ခြေစစ်ပွဲအောင်အသင်း ၃၂ သင်းသည်လည်း ပြင်ဆင်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ ကမ္ဘာ့ဖလား ခြေစစ်ပွဲအောင်အသင်းများ ခြေစစ်ပွဲအောင်ရန် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ရပုံများကို တစ်ရက်လျှင် တစ်သင်းနှုန်းဖြင့် မြန်မာ့အလင်း ဘောလုံးပရိသတ်အတွက် ရေးသားဖော်ပြလျက်ရှိသည်။

ပြင်ဆင်ထားမှု

ယနေ့တွင် ၁၉၉၈ ခုနှစ်က ပြင်သစ်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် တတိယရခဲ့သော ခရိုအေးရှားအသင်း၏ ကြိုးပမ်းပြင်ဆင်ထားမှု အနေအထားကို Yangon Entertainment Ltd. မှ ရရှိထားသော သတင်းများကို အခြေခံလျက် ဆက်လက်ရေးသားဖော်ပြလိုက်ပါသည်။

ခရိုအေးရှားအသင်းသည် ၁၉၉၈ ခုနှစ်က ကမ္ဘာ့ဖလားတွင် အောင်မြင်မှုရခဲ့သော ကျော်ကြားမှုကို ယနေ့ ခရိုအေးရှား လူငယ်ဘောလုံးသမားများက ယခုကျင်းပမည့် ဂျာမနီမြေမှာ ဆက်လက်အောင်မြင်မှုများရရှိနိုင်ရန် အကြိတ်အနယ် ကြိုးစားလိမ့်မည်ဟု မျှော်လင့်ရသည်။

ခရိုအေးရှား နည်းပြ

ခရိုအေးရှားအသင်း နည်းပြ ဇလတ်ကိုကရန်ဂျ်ကာ။

(ဓာတ်ပုံ-အင်တာနက်)

ရွှေဖိနပ်ဆု

ခရိုအေးရှားအသင်းသည် ကမ္ဘာ့ဖလားကို စတင်ဝင်ပြိုင်ခွင့်ရခဲ့သော ၁၉၉၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာပင် ခရိုအေးရှားတို့ အားလုံးအံ့သြလောက်အောင် ခြေစွမ်းပြနိုင်ခဲ့ကြသည်။ တတိယနေရာလုပွဲတွင် ထိုနှစ်က နယ်သာလန်အသင်းကို အနိုင်ရပြီး တတိယနေရာကို အမိအရ ရယူနိုင်ခဲ့သည်။ တတိယဆုနှင့်အတူ အကောင်းဆုံး ရွှေဖိနပ်ဆုကိုလည်း တိုက်စစ်မှူး ဒေးဗစ်ဆူကာက ဆွတ်ခူးလိုက်နိုင်သေးသည်။

ထိုအချိန် ထိုကာလမှတစ်ဆင့် ခရိုအေးရှားအသင်းသည် ကမ္ဘာ့ဖလားမျက်နှာစာတွင် နာမည်ကြီး ခရိုအေးရှား ဖြစ်လာခဲ့သည်။ ရှစ်နှစ်တာကြာခဲ့ပြီဖြစ်သော်လည်း ခရိုအေးရှားတို့ ဘောလုံး သမိုင်းမှတ်တိုင်သစ်များ စိုက်ထူရန်အတွက် ဆက်လက်ကြိုးပမ်းခဲ့ရာ ယခု ၂၀၀၆ ကမ္ဘာ့ဖလားဝင်ခွင့်ရပြီး ပြိုင်ပွဲဝင်ရန် အသင့်ဖြစ်နေပြီဖြစ်သည်။

ခရိုအေးရှားအသင်း လူငယ်များ၏ ရဲရင့်ထက်မြက်ပြီး နည်းစနစ်ကြွယ်ဝသော အသင်းဖြစ်၍ အသင်းကြီးများကို မထင်မှတ်ဘဲ ခြိမ်းခြောက်ကစားမည့်အသင်းလည်းဖြစ်ပေသည်။

ပြုစုပျိုးထောင်

ခရိုအေးရှားအသင်း နည်းပြအဖြစ် ဇလတ်ကိုကရန်ဂျ်ကာက ကိုင်တွယ်ခဲ့ပြီး ထက်မြက်တောင့်တင်းသော ခရိုအေးရှားအသင်းဖြစ်လာစေရန် အံ့သြဖွယ်ကောင်းလောက်အောင် ပြုစုပျိုးထောင်ပေးခဲ့သူလည်း ဖြစ်သည်။

နည်းပြ ဇလတ်ကိုကရန်ဂျ်ကာက အုပ်စုအပေါ် ကျေနပ်မှုရှိကြောင်း၊ အုပ်စုတွင် ဘရာဇီးအသင်း ဆိုသော်လည်း ချစ်ကြည်ရေးပွဲတွင် မိမိတို့အသင်း သရေကစားနိုင်ခဲ့ကြောင်း၊ ခရိုအေးရှားအသင်းအနေဖြင့် ယှဉ်ပြိုင်ရသော ဘယ်အသင်းကိုမဆို အခွင့်အလမ်းပေးလိမ့်မည်မဟုတ်ကြောင်း၊ အုပ်စုတွင်း ဩစတြေးလျအသင်းနှင့် ဂျပန်အသင်းတို့ထက်လည်း မိမိတို့အသင်းပိုကောင်းသည်ဟု ယူဆကြောင်း ပြောကြားသည်။

၎င်း၏ ဦးဆောင်ညွှန်ကြားပြမှုများနှင့်အတူ ခရိုအေးရှားအသင်းသည် ခြေစမ်းပွဲတစ်လျှောက် ခြေစွမ်းပြနိုင်ခဲ့ကြသလို အသင်းခြေစစ်ပွဲ အောင်သည့်အခါ တိုက်စစ်မှူးဒါဒိုပါဆိုသည်လည်း ခရိုအေးရှားအသင်း၏ သူရဲကောင်း ဖြစ်လာခဲ့သည်။

ထိုကဲ့သို့ ကြီးမားသည့် စွမ်းရည်များကို ပိုင်ဆိုင်ထားသော ခရိုအေးရှားအသင်းသည် ယုံကြည်မှုအပြည့်အဝဖြင့် ဂျာမနီကမ္ဘာ့ဖလားကို ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အောင်မြင်မှုကြီးကြီးမားမားရယူရန် အသင့်ပြင်ထားပြီ ဖြစ်သည်။

ဒါဒိုပါဆို

ခရိုအေးရှားအသင်း၏ ခြေစွမ်းထက်နေသော တိုက်စစ်မှူး ဒါဒိုပါဆိုသည် ခရိုအေးရှားတို့ ကမ္ဘာ့ဖလားတွင် အောင်မြင်မှုပြန်လည်ရရှိအောင် ကြိုးစားစွမ်းဆောင်ပေးမည့် သူလည်းဖြစ်သည်။

၎င်းသည် ခရိုအေးရှားတို့ ၂၀၀၄ ဥရောပပြိုင်ပွဲဝင်ခွင့်ရအောင်လည်း စွမ်းဆောင်ပေးခဲ့သူဖြစ်သည်။ ထိုစဉ်က ဒါဒိုပါဆို၏အသက်မှာ ၂၈နှစ်သာ ရှိသေးသည်။ ကြိုးစားမှုပြင်းထန်သော ဒါဒိုပါဆိုသည် နိုင်ငံအသင်းအတွက် စတင်ကစားသည့် ဘယ်လ်ဂျီယံနှင့်ပွဲတွင် ဂိုးစတင်သွင်းနိုင်ခဲ့ပြီး ဂိုးသွင်းစွမ်းရည်ကို ပြသနိုင်ခဲ့သည်။

ခြေစွမ်းပြ

နိုင်ငံအသင်းအတွက် စတင်ကစားရသည့်အချိန်တွင် ၎င်းသည် အသက် ၂၆နှစ်မျှသာရှိသေး၍ ကစားသမားတစ်ဦး၏ သက်တမ်းအနေဖြင့် နောက်ကျနေသည်ဟုဆိုသော်လည်း အတွေ့အကြုံရင့်ကျက်မှုကြောင့် လူသိများကျော်ကြားလာခဲ့သည်။ ထိုအချိန်မှစ၍ မိုနာကိုအသင်းနှင့်အတူ ချန်ပီယံလိဂ်ဖိုင်နယ်ပွဲအထိ တက်ရောက်ခြေစွမ်းပြနိုင်ခဲ့သည်။

ယခုအခါ ဒါဒိုပါဆိုသည် စကော့တလန် နာမည်ကြီး ရိန်းဂျားအသင်းတွင်ပါဝင်ကစားလျက်ရှိသည်။ ၎င်း၏ ကြံ့ခိုင်တောင့်တင်းမှု၊ အဆုံးသတ်သေချာမှု အရည်အသွေးများဖြင့် ခရိုအေးရှားအသင်းကို ၂၀၀၆ ကမ္ဘာ့ဖလားပွဲဝင်ခွင့်ရရှိရန် အစွမ်းပြပေးပြီးနောက်တွင် ယခုကမ္ဘာ့ဖလား၌ ဆက်လက်ခြေစွမ်းပြနိုင်လိမ့်မည်ဟုမျှော်လင့်ရသည်။

ခရိုအေးရှားအသင်းသည် (ခ) အသင်းတွင်ပါဝင်ပြီး ဇွန် ၁၃ရက်တွင် ဘရာဇီးအသင်းနှင့်လည်းကောင်း၊ ဇွန် ၁၈ ရက်တွင် ဂျပန်အသင်းနှင့် လည်းကောင်း၊ ဇွန် ၂၂ရက်တွင် ဩစတြေးလျအသင်းနှင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

ခရိုအေးရှားလက်ရွေးစင်ဘောလုံးအသင်း။

(ဓာတ်ပုံ-အင်တာနက်)

ခရိုအေးရှားအသင်းမှ အားထားရသော တိုက်စစ်မှူး ဒါဒိုပါဆို။

(ဓာတ်ပုံ-အင်တာနက်)



အသေးငယ်ဆုံး ကာတွန်းစာအုပ်

အသေးငယ်ဆုံး ကာတွန်းစာအုပ်ကို တွေ့ရစဉ်။ (အပေါ်ပုံ)

တောင်ကိုရီးယားနိုင်ငံတွင် ကျင်းပသည့် ခုနှစ်ကြိမ်မြောက် ဘူချီအွန်နိုင်ငံတကာ ကာတွန်းပွဲတော် ကျင်းပသူများက တက်ရောက်သူတစ်ဦးအား မေတ္တာလက်ဆောင်အဖြစ် ပေးအပ်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဓားသွားပေါ် လမ်းလျှောက်ပြသူ

ဓားသွားများပေါ်တွင်လမ်းလျှောက်ပြနေသူတစ်ဦးကို တွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံ ဟူနန်ပြည်နယ် ယွမ်လင်းဒေသတွင် ကျင်းပသည့် စတန့်ပြပွဲတွင် အမျိုးသားတစ်ဦးက ဖိနပ်မပါဘဲ ဓားသွားများပေါ်တွင်လမ်းလျှောက်ပြခဲ့သည်။ ယင်းပြပွဲကို ကမ္ဘာလှည့် ခရီးသွားများအား ဆွဲဆောင်ရန်အတွက် ရည်ရွယ်ပြသခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

စာမျက်နှာ ၁၂ မှ

ဒေသခံပြည်သူတွေအနေနဲ့ ဘယ်လိုတွေ့ကြုံခံစားနေရတယ်ဆိုတာ သတင်းစာ ဆရာကြီးများရဲ့ မေးတဲ့မေးခွန်းအပေါ်ကို ကျွန်တော်တို့ ပြန်လည်ဖြေကြား ခြင်းဖြစ်ပါတယ်။ ထိုနည်းတူစွာ ဒေသခံပြည်သူတွေ၊ ဒီကနေ့ လက်ရှိအခြေအနေအရ ဟိုဘက်က အစောပိုင်းက ဒေသခံ ခုံကြီးက မိတ်ဆွေတစ်ဦး တင်ပြသွားသလို မိုးတွင်းစာ မိမိသုံး ဝါး၊ ထင်း၊ သစ်၊ မျောပေါ့ ဒါလေးတွေကို သွားရောက်ခုတ်ယူတဲ့အချိန်မှာ နွားဆွဲတယ်၊ နွားဆွဲလို့ တချို့ပြန်ပြေးရတယ်။ နွားကျန်ခဲ့တယ်၊ လူတော့အန္တရာယ်မဖြစ်တာပဲ ရှိခဲ့ဖူးပါတယ်။ အဲဒီတော့ ဒါက ဒီကနေ့ လက်ရှိ မုန်းဒေသအခြေအနေ အတောအတွင်းမှာ ဖြစ်ပေါ်နေတဲ့အခြေအနေဟာ KNU ရဲ့ မိုင်းတွေဟာ ဘယ်လိုပဲဖြစ်ဖြစ် ဒေသခံပြည်သူတွေအပေါ် ခြိမ်းခြောက်နေပါတယ်။ လက်ရှိ မိုးကျလာပါပြီ။ တောင်သူတောင်သားများရဲ့ သဘောသဘာဝအရ ဟင်းရွက်ချိုး၊ ဟင်းရွက်ခူး၊ မျှစ်ချိုး ဒီလိုသွားလာလှုပ်ရှားမှုအပိုင်းကို မိုင်းတွေကြဲတဲ့အတွက် သွားလာလှုပ်ရှားမှုမရှိရတဲ့အတွက် စားဝတ်နေရေး ကျပ်တည်းသွားတာတစ်ကြောင်း၊ နောက် တောင်ယာရဲ့ သဘောသဘာဝအရ ဒီကနေ့ လက်ရှိ ပဲစိုက်ခြင်း၊ ပြောင်းစိုက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရှာပြင်မထွက်ဝံ့တဲ့ အနေအထားမျိုးနဲ့ ရင်ဆိုင်နေရတယ်လို့ ဖြေကြားလိုပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

အဲဒီတော့ ကျွန်တော်တို့ တက်ရောက်လာကြတဲ့ သတင်းစာဆရာကြီးများ အခုဆိုရင် တကယ့်အခြေအနေအမှန်တရားကို သိလောက်ပြီလို့ ကျွန်တော် ရိုးရိုးသားသား ယုံကြည်ပါတယ်။ ကျေးရွာပြည်သူများဟာ သူတို့တစ်တွေ တကယ်တွေ့ကြုံခံစားနေရတဲ့ KNUကပေးတဲ့ ဒုက္ခအဝဝကို သတင်းစာဆရာကြီး များရှေ့မှောက်မှာ သူတို့ကိုယ်တိုင် သူတို့ရဲ့အဖြစ်မှန်တွေကို ပြောပြရှင်းလင်းပြသွားခဲ့ပြီဖြစ်ပါတယ်။ ဒီမုန်းဒေသက ပြည်သူများ အခုလိုခံစားနေရသလို KNU နဲ့ဆက်စပ်တဲ့ တခြားသောဒေသမှာရှိတဲ့ ကျေးလက်ပြည်သူများဟာလည်း ထိုနည်းလည်းကောင်းပဲခံစားနေရပါတယ်။ ဒီမုန်းဒေသကတော့ ဒီဘက်နယ်မြေမှာ သွားရေးလာရေးလည်း လွယ်ကူတယ်ဆိုတဲ့အတွက် သတင်းစာဆရာကြီးများကို အခြေအနေမှန်ကိုသိနိုင်အောင် ကျွန်တော်တို့ခေါ်လာပြီးတော့မှ ဒါကျွန်တော်တို့ရှင်းပြတာဖြစ်ပါတယ်။ အလားတူပဲ ကျွန်တော်တို့ ဒီ ပဲခူးနယ်မြေ၊ တောင်ငူနယ်မြေ၊ သွားရေးလာရေးဒီလောက်မလွယ်ကူတဲ့ ကွင်းစပ်ကကျေးလက်ပြည်သူတွေဟာ ဒီမုန်းဒေသက ပြည်သူများလိုပဲ ခံစားနေကြရပါတယ်။ အလားတူပဲ တခြားသောနယ်မြေဖြစ်တဲ့ ဖာပွန်လိုဒေသတွေ၊ သံတောင်လိုဒေသတွေ စသည်ဖြင့် ဒီဒေသတွေမှာလဲပဲ ဒီအတိုင်းပါပဲ။ တကယ့်အရှိအမှန်ဖြစ်ပါတယ်။ အဲဒီတော့ ကနေ့ အခုလိုခံစားနေရတဲ့ ပြည်သူတွေအတွက် နိုင်ငံတော်အနေနဲ့ကတော့ တတ်နိုင်သမျှ ကာကွယ်ပေးနေတယ်။ တတ်နိုင်သမျှ ရှင်းလင်းပေးနေတာဖြစ်ပါတယ်။ သို့သော်လည်းပဲ နယ်မြေဆိုတာ အင်မတန်ကျယ်ပါတယ်။ တောနဲ့တောင်နဲ့။ ကျွန်တော်တို့ တပ်မတော်သားတွေကလည်း လက်နဲ့ ဒီလိုလက်ချင်းယှက်ပြီး ကာထားလို့လည်းရနိုင်တဲ့ အနေအထားမျိုးမဟုတ်ပါဘူး။ အဲဒီတော့ ဒီဘက်က ကျေးလက်ပြည်သူတွေ အခုခံစားနေရတာကို၊ ဒီအကာအကွယ်ဖြစ်အောင် ဒီလိုလုပ်တာတွေဟာ စောစောက ကျွန်တော်ပြောခဲ့သလိုပဲ ၂၀၀၆ ခုနှစ် ဇန်နဝါရီလောက်ကစပြီး ပိုပြီးမြင့်တက်လာတာဖြစ်ပါတယ်။ ဒါ့ကြောင့်လည်းပဲ ကနေ့အခါမှာ နိုင်ငံတော်အနေနဲ့ ပြည်သူအများရဲ့ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးအတွက်ကို လိုအပ်တဲ့ လုံခြုံရေး ကာကွယ်မှုတွေ၊ လုံခြုံရေးအတွက် ရှင်းလင်းမှုတွေကို ဆောင်ရွက်နေရတာဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ကတော့ KNUကပေးတဲ့ ဒုက္ခကို၊ ဒဏ်ကို မုန်းနယ်မြေက ပြည်သူတွေလိုပဲ တခြားသော ဆက်စပ်ပြည်သူတွေဟာ ခံစားနေကြရလျက်ရှိတယ်။ အဲဒါဟာ တကယ့်အမှန်ဖြစ်ပါတယ်ဆိုတာကို ကျွန်တော့်အနေနဲ့ ဖြည့်စွက်ရှင်းလင်းပြောကြားလိုပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ ။

(သတင်းစဉ်)

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များကြပ်မတ်ဆောင်ရွက်

ရန်ကုန် မေ ၁၄

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေး ကော်မတီဥက္ကဋ္ဌ ရန်ကုန်တပ်နယ် တပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ ဒုတိယဥက္ကဋ္ဌ ပင်မထောက်ပံ့နှင့် ပို့ဆောင်ရေးတပ် တပ်မှူး ဗိုလ်မှူးကြီးဝင်းနောင်၊ အတွင်းရေးမှူး ရဲမှူးကြီး လှမင်းနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများသည် ရန်ကုန်မြို့၏အဓိက အချက်အချာကျသော နေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲနေမှုများကို အဖွဲ့နှစ်ဖွဲ့ခွဲ၍ အဖွဲ့လိုက် အဖွဲ့ခေါင်းဆောင်များနှင့် ကော်မတီဝင်များ၏ စစ်ဆေးနေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များက နံနက်၇နာရီမှ ညနေ ၅နာရီထိ ရန်ကုန်မြို့၏ အဓိက အချက်အချာကျသော နေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့် လက်မှတ် (Dry Day Pass) ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်(ဗိုးတက်)တို့ ပါရှိခြင်း ရှိ-မရှိနှင့် ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်း ရှိ-မရှိတို့ကို စစ်ဆေးကြပြီး ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဆိုင်ရာများကိုလည်း စစ်ဆေးကြသည်။ **(သတင်းစဉ်)**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊အမှတ်(၁၉)ဖြန့်ချိ

ရန်ကုန် မေ ၁၄

ဖလားဝါးနယူးစ် ဂျာနယ် အတွဲ(၂)၊အမှတ်(၁၉)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏အယ်ဒီတာ့ဒိုင်ယာရီ၊ ဒေါက်...ဒေါက်... ဘယ်သူလဲ ပတ်စ်ပို့ပါခင်ဗျာ၊ ၂၀၀၇တွင် မြန်မာနိုင်ငံ၌ ဆိုင်ကယ်များ ထုတ်လုပ်မည်ဟု Demakက ထုတ်ဖော်ပြောဆို၊ မော်လမြိုင်တွင် ပထမဆုံး နိုင်ငံတကာ ကြယ်ပွင့်အဆင့်ရှိ Strand ဟိုတယ်တည်ဆောက်နေ စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

နို့တိုက်မိခင် ၃၇၃၈ဦး ကမ္ဘာ့နို့ချိုတိုက်စံချိန်တင်၊ပြည်ပခရီးသွားသော တရုတ်လူမျိုးတို့ကို တံတွေးစရိုက်ဆိုးရှောင်ရန်သွန်သင်၊ စင်ကာပူနိုင်ငံ ရွေးကောက်ပွဲ၌ လက်ရှိအာဏာရပါတီအနိုင်ရ၊ကယ်လီဖိုးနီးယားဆေးရုံ ကူးစက်ရောဂါ ထပ်ဆင့်ဖြန့်ဌာနလေလား စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ ဖျော်ဖြေရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် အားကစားကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House ဖုန်း-၂၂၆၈၅၈က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်သည်။ **(သတင်းစဉ်)**

မင်္ဂလာဆွမ်းကျွေးညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ဩဘာလမ်း၊ အမှတ် ၈၀ နေ
ဦးသာနု(ပြည်နယ်ပညာရေးမှူး၊ ငြိမ်း)-ဒေါ်စောမြဦးတို့၏သား

မောင်အောင်ခင်မိုး B.E (Mechanical)

Service Manager, Casa Yangon Ltd.

နှင့်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်း၊ အသောကလမ်း၊ အမှတ် ၃၉ နေ
ဦးစောအောင်(ဦးဆောင်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ မြန်မာ့အထည်အလိပ်လုပ်ငန်း)-
ဒေါ်တင်ဦးတို့၏သမီး

မချိုချိုအောင် B.Sc (Chemistry)

Dip. in Japanese (Y.U.F.L)
L.C.C.I (Level -II) (UK)
Tong Tah Co., Ltd.

တို့အား ၃၀-၄-၂၀၀၆ရက် အသောကလမ်းနေအိမ်၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော တောင်ဥက္ကလာပမြို့နယ် တရားသူကြီး ဦးမောင်မောင်ကြီးအားလည်းကောင်း၊ အသိသက်သေ ဒုတိယဗိုလ်မှူးကြီးသိန်းစိုးအောင်(ငြိမ်း)ဒါရိုက်တာ(စီမံလုပ်ငန်း)၊ Myanmar Land & Development Limited. နှင့် ဦးစံလှအောင်(အကောက်ခွန်၊ ငြိမ်း)တို့အားလည်းကောင်း၊ ၁၁-၅-၂၀၀၆ရက် တိပိဋကကျောင်းတော်၌ပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဝန်ထမ်း(B.C.S)မှ လုပ်ဖော်ကိုင်ဖက်ဟောင်းများနှင့်ဇနီးများ၊ Casa Yangon Ltd. မှ MD ဦးမျိုးဇော်အောင်နှင့်ဇနီး၊ Tong Tah Co., Ltd. မှ MD ဦးခင်မောင်လတ်နှင့်ဇနီး၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပွဲသို့ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဆောင်ပေးပို့ကြသည့် ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်ခင်မိုး-မချိုချိုအောင်။

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းလမ်း၊ အမှတ် ၅၆ (A)နေ
ဦးတင်မောင်မြင့်(ဦးစီးမှူး၊ ငြိမ်း၊ သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊
General Manager, Surveyor, Asian Development Company Limited.)-
ဒေါ်နန်းဝင်းမြင့်တို့၏သားလတ်

စိုင်းကျော်လင်းလတ်

(C˚I˚M, UK)

Director, (Shan Star), New Generation Engineering & Supplies Co., Ltd.

နှင့်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိမင်္ဂလာလမ်း၊ ခြံအမှတ် ၁၈/၆ (ဂ)နေ
ဒုတိယဗိုလ်မှူးကြီးစံငြိမ်း(ငြိမ်း) [ညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန]-
ဒေါ်တင်မာညိုတို့၏တစ်ဦးတည်းသောသမီး

မစန္ဒာငြိမ်း

B.Sc (Hons:) Computing & Information System
(Metropolitan University, UK)

B.A(English), Advanced Diploma (ABE,UK),

တို့၏ ၁၄-၅-၂၀၀၆ရက်တွင် Sedona Hotel ၌ကျင်းပခဲ့သော မင်္ဂလာညှော်ခံပွဲသို့ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့်ဇနီး ဒေါ်မာမာဝေ၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မိုးဟိန်းနှင့်ဇနီး ဒေါ်သန့်စင်မြင့်၊ မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်နှင့်ဇနီး ဒေါက်တာဒေါ်ခင်သီရိ၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်ဇနီး၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့်(ငြိမ်း)နှင့်ဇနီး၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့်ဇနီးများ၊ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၀)မှ ကျောင်းဆင်းသူငယ်ချင်းများနှင့်ဇနီးများ၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် ဦးစီးအရာရှိများ၊ Asia World Co., Ltd.မှ Project Director, General Managerနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ညှော်သည်တော်များ၊ ၆-၅-၂၀၀၆ရက်တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ပန်းဘဲတန်းမြို့နယ်တရားရုံးမှ တွဲဖက်မြို့နယ်တရားသူကြီး(၂) ဦးသန့်ဇော်သန်း၊ အသိသက်သေအဖြစ် လက်မှတ်ရေးထိုးချီးမြှင့်ပေးပါသော ဒေါက်တာကံညွန့်(Ph.D)နှင့် မအူပင်တက္ကသိုလ် ပထဝီဝင်ဌာန ဌာနမှူး ပါမောက္ခဦးညွန့်ဆွေ၊ မင်္ဂလာညှော်ခံပွဲသို့ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ပေးကြသော စစ်ဘက်နယ်ဘက်မှပုဂ္ဂိုလ်များနှင့်ဇနီးများ၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မေတ္တာဖြင့် မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးပါသော တေးသံရှင် ဟေမာနေဝင်း၊ မင်္ဂလာပန်းကြဲပေးပါသော မခိုင်ခိုင်မြင့်သိန်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးသော မဆုစန္ဒီမြင့်၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မဆုလှိုင်ဦး၊ သတို့သားအရံ စိုင်းအောင်ထွန်းလေး၊ သတို့သမီးအရံ မစံပယ်သင်းသင်းအောင်၊ သတို့သမီးဝတ်စုံ မမျှူ၊ မိတ်ကပ် အောင်အောင်(တောင်ကြီး)နှင့်အဖွဲ့၊ မင်္ဂလာတေးသံသာများနှင့် ဖျော်ဖြေပေးသော နိုက်တင်ဂေးတေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် စိုင်းကျော်လင်းလတ်-မစန္ဒာငြိမ်း။

ပခုက္ကူမြို့၌ အခြေခံပညာကျောင်းများမှ ဆရာဆရာမများ ကျောင်းကြက်ခြေနီဖွံ့ဖြိုးရေးနှင့် သူနာပြုသင်တန်းဖွင့်

ပခုက္ကူ မေ ၅

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်းဆောင်ရွက်သော ကျောင်းကြက်ခြေနီဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ဆရာဆရာမများအတွက် ကျောင်းကြက်ခြေနီဖွံ့ဖြိုးရေးနှင့် ရှေးဦးပြုစုခြင်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၄ ရက် နံနက် ၈ နာရီက ပခုက္ကူမြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သီရိပညာခန်းမတွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပခုက္ကူတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ပခုက္ကူတိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်ဝေ၊ မြန်မာနိုင်ငံ ကြက် ခြေနီအသင်း အမှုဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး အောင်သန်း(ငြိမ်း)တို့က အဖွင့်အမှာစကားပြောကြား ကြသည်။**(ယာပုံ)**

တက်ရောက်

အခမ်းအနားသို့ ပခုက္ကူခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မင်းနှင့် အဖွဲ့ဝင်များ၊ ပခုက္ကူမြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာဆရာမကြီးများ၊ တိုင်းကြက်ခြေနီကြီးကြပ်မှုကော်မတီဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်မှ သင်တန်းနည်းပြ ဆရာဆရာမများ၊ ၁၄ မြို့နယ်မှ သင်တန်းသားဆရာဆရာမများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြို့နယ်သတင်းများ

ချင်းပြည်နယ် ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်း လမ်းတိုးချဲ့ခြင်း လုပ်ငန်းနှင့် မြေရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဧပြီ ၃၀ ရက်က ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်း ကြည့်ရှုစစ်ဆေးစဉ်။

(ပြည်နယ် စည်ပင်)

သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးသော ဝန်ထမ်းအိမ်ရာနှစ်ခန်းတွဲကို မေ၇ရက်က ပခုက္ကူတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းစစ်ဆေးရာ သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင် အရာရှိ ဦးမြင့်ဝေက ရှင်းလင်းတင်ပြစဉ်။

(၃၄၇)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် ကဆုန်လပြည့်ကျော် ၅ ရက်
၁၆–၅–၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၀၇း၀၀	တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅	သားငါးဖွံ့ဖြိုးပြည့်အကျိုး (တန်ဖိုးမြင့်ထုတ်ကုန် နို့ထွက်ပစ္စည်းလုပ်ငန်း)
၁၁း၃၀	မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (မင်းကောင်းအနော်ရထာ) (ဒေါ်ထားကြည်–ဘီအေ)
၁၂း၀၀	သူ့အတွေးနှင့် သူ့အရေး (အသည်းနှလုံးမှာ အပြုံးခြယ်လိုလျှင်) (လှတိုး–စိတ်ပညာ)
၁၂း၂၀	ဇာတ်လမ်းပမာနားဆင်စရာ (တိမ်စင်သည့်လ)
၁၂း၄၅	မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (မြတ်နိုးခြင်းနှင်းဆီ–ဖေ)

ညနေပိုင်း

၁၆း၁၅	ဆိုကြမြိုင်မြိုင် တေးသံပြိုင် (၁) လှမြဲတိုင်းသာလှပါစေ (၂) တောင်တန်းကြီးတွေ တည်ရှိနေသ၍ (၃) မြစ်ဝကျွန်းပေါ် ဧရာဝတီ
၁၇း၀၀	တပ်မတော်စာတိုက်
၁၇း၃၀	ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (အလှအပနှင့် ကိုယ်လက်လှုပ်ရှားမှု–မေလေး)
၁၈း၂၅	ကျေးလက်ဇာတ်လမ်း (အသည်းချင်းဆုံမယ့် ပဲစင်းငုံ)
၁၉း၁၅	ကျန်းမာရေးနှင့် ဆေးပညာ (နှလုံးသွေးကြောကျဉ်းရောဂါ ကာကွယ်ပါ)
၂၀း၃၀	ကလေးများအတွက်ပုံပြင် (ကောက်သမ္မကို ဖြောင့်ပစ်မည်)
၂၀း၄၅	ခံစားနားဆင် မြန်မာတေးသံစဉ် (၁) တစ်နေ့နေ့ တစ်ချိန်ချိန် တစ်နေရာရာ (၂) သံယောဇဉ်ဖြတ်ဖို့ခက်တယ် (၃) မောင့်ကိုချစ်ရင် ပြုံးပြပါလား

သက်ကြီးအဘိုးအဘွားပူဇော်ပွဲ ဟိုပင်မြို့၌ကျင်းပ

ဟိုပင် မေ ၁

ကချင်ပြည်နယ် ဟိုပင်မြို့၏ (၁၉) ကြိမ်မြောက် အသက် ၇၅နှင့်အထက် အဘိုးအဘွား ၃၅၀တို့အား သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၁၇ရက် နံနက် ၇နာရီက တောဇခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို နမောတသ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ သက်ကြီးပူဇော်ပွဲကျင်းပရေး ကော်မတီ ဥက္ကဋ္ဌ ဦးညီလေးက သက်ကြီးပူဇော်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် လုပ်ဆောင်ချက်များကို ရှင်းလင်း ပြောကြားသည်။

ပူဇော်ကန်တော့

ထို့နောက် အဘိုးအဘွားများအား လှူဖွယ်ပစ္စည်းများဖြင့် တက်ရောက်လာကြသူများက ပူဇော်ကန်တော့ ကြသည်။

(မြို့နယ် ပြန်/ဆက်)

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ရုံးဝင်းအတွင်း ခြံစည်းရိုးကြက်ဆူပင်များ မြေချစိုက်ပျိုးမှုကို မေ ၆ရက်က အမှုဆောင် အရာရှိ ဦးဖုန်းလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနိုင်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။

(မြို့နယ် စည်ပင်)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေး၊ စာအုပ်များလှူဒါန်း

တောင်ကြီး မေ ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ပန်းတင်ကျေးရွာအုပ်စု ဘုရားဖြူ(မြောက်)ကျေးရွာ ပညာအလင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွင် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စာကြည့်တိုက်များ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို မေ ၈ ရက် နံနက် ၉ နာရီက ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးချီမောင်က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းနှင့် ပတ်သက်၍ ရှင်းလင်းသည်။

ရေရှည်တည်တံ့ရေး

အလုပ်ရုံဆွေးနွေးပွဲတွင် ဦးစီးအရာရှိဦးချီမောင်က ပြန်ကြားရေးဝန်ကြီးဌာနအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ညောင်ရွှေမြို့နယ် ဦးစီးမှူး ဒေါ်နန်းဆိုင်စိန်က စာကြည့်တိုက်လုပ်ငန်း စီမံခန့်ခွဲရေးနှင့် မျိုးတူစုအကြောင်းကိုလည်းကောင်း၊ တောင်ကြီးမြို့နယ်ဦးစီးမှူး ဒေါ်နန်းဦးခမ်းက စာပေပစ္စည်းထိန်းသိမ်းနည်းနှင့် မှတ်ပုံတင်ခြင်းသဘောသဘာဝအကြောင်းနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရေရှည်တည်တံ့ရေးအကြောင်းတို့ကို ဆွေးနွေးကြသည်။

လက်ခံရယူ

ဆက်လက်ပြီး တောင်ကြီးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးချီမောင်က ဘုရားဖြူ(မြောက်)၊ ပါမိုးနဲ ထီသိမ်ရွေး(တောင်)၊ ထီသိမ်ရွေး(မြောက်)၊ ဂနိုင်ရွေး၊ ရွာသစ်ကုန်းနှင့် ဝါးလကျေးရွာတို့အတွက် သုတ၊ ရသ စာအုပ်မျိုးစုံအုပ်ရေ ၅၀ စီပေးအပ် လှူဒါန်းရာ စာကြည့်တိုက်တာဝန်ခံများက လက်ခံရယူကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကွမ်းခြံကုန်း၌ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

ကွမ်းခြံကုန်း မေ ၁၄

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ်တွင် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရန် ဧက ၃၇၅၀ လျာထားဆောင်ရွက်လျက်ရှိရာ မေ ၁၂ရက်က မြို့နယ်အတွင်းရှိအိမ်ခြံဝင်းများ၊ ဥယျာဉ်ခြံမြေများ၊ မြေကွက်လပ်များနှင့် စားကျက်မြေများတွင် သတ်မှတ်ဧက ပြည့်မီအောင် ၉၅ဧကစိုက်ပျိုးပြီး**(အောက်ပုံ)** ၁၁၇၅ ဧကကို ပုဂ္ဂလိကလုပ်ငန်းရှင်များအား စိုက်ပျိုးလုပ်ကိုင်နိုင်ရန် လျာထားရာမှ ဧက ၃၄၀ ကို တောခုတ်ရှင်းလင်းပြီး စိုက်ပျိုးရန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**(ခရိုင် ပြန်/ဆက်)**



ဧပြီ ၂၅ရက်က မန္တလေးတွင် ငါးမြို့နယ် စုပေါင်း၍ ၂၀၀၆ ခုနှစ် စတုတ္ထအကြိမ် စာပေနှင့်စာနယ်ဇင်း ညီလာခံအကြို မန္တလေးနှင့် စာပေ ခရီးစာအုပ် ထုတ်ဝေရေး ညှိနှိုင်းအစည်းအဝေးကို အောင်မြေသာစံမြို့နယ် စာပေနှင့် စာနယ်ဇင်းရုံးတွင် ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဗဟို ကော်မတီဝင် ဒေါက်တာမောင်မောင်က အမှာစကားပြောကြားစဉ်။

(၁၆၂)

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် (၇)ရပ်ကွက် အိုးဘိုလမ်း ပထမထပ် အမှတ် ၉နေ အဖဦးစံရွှေနှင့် အမိဒေါ်စောစိန်၊ အစ်မကြီးဒေါ်ခင်စောနှင့် ခင်ပွန်းဦးထွန်းလှတို့ကို ရည်စူး၍ ဒေါ်မမလေးနှင့်သမီး လှစပယ်လေး မိသားစုတို့က ဇရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတ မြို့ရွှေကျောင်းတိုက် မြန်အောင်သမ္ဗုဒ္ဓေဘုရားစေတီရံတစ်ဆူအတွက် အလှူတော်ငွေကျပ် တစ်သိန်းလှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်တော်မူစဉ်။ (က-ပ)

လားရှိုး၌ စုပေါင်းသီလရှင်ဝတ်ပွဲ ကျင်းပ ဝတ်စုံနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်း

လားရှိုး မေ ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ စုပေါင်းသီလရှင်ဝတ်ပွဲကို မေ ၉ရက် မွန်းလွဲ ၁နာရီက လားရှိုးမြို့ သာသနဟိတကာရီ သီလရှင်စာသင်တိုက်၌ ကျင်းပသည်။

ယင်းစုပေါင်း သီလရှင်ဝတ်ပွဲတွင် နယ်မြေခံတပ်နယ်မှ မိသားစုများ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်များမှ သီလရှင် ၈၂ပါးက စုပေါင်းသီလရှင်ဝတ်ပွဲ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုကန်တော့၍ ဖွင့်လှစ်ပြီး လားရှိုးမြို့ မဟာဗောဓာရုံ ကျောင်းဆရာတော် ဘဒ္ဒန္တ နာရဒ (မဟာဂန္ထဝါစကပဏ္ဍိတ) နိုင်ငံတော် ဩဝါဒစရိယဆရာတော်ထံမှ ရှစ်ပါးသီလခံယူဆောက်တည်ပြီး ဆရာတော် သံဃာတော် အရှင်သူမြတ်များထံမှ မေတ္တသုတ်ပရိတ်တော်ကို နာယူကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် မိသားစုတို့က ပင့်သံဃာတော် အရှင်မြတ်တို့အား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်းနှင့် အမြဲနေသီလရှင်ဆရာကြီး၊ ဆရာလေးအပါး ၈ပါးတို့အား သီလရှင်ဝတ်စုံလှူဒါန်းကြပြီး လားရှိုးမြို့ ရန်အောင်မြင်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အရှင်သူမြတ်က သီလရှင်ဆရာလေးများအား ဩဝါဒကထာ ချီးမြှင့်ပြီး အနုမောဒနာတရား နာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။ **(က-ပ)**

ဧပြီ ၂၄ရက်က တောင်ငူမြို့ ရတနာဂုဏ်မြင့်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ အရဝိန္ဒာဘိဝံသ (ရွှေလင်းယုန်ဆရာတော်) ဦးဆောင်၍ အလှူရှင်များစုပေါင်းလှူဒါန်းသော သံမဏိရွှေရောင် ထီးတော်ကို ရှင်စောပု လေးမျက်နှာ ဓာတ်ပေါင်းစုစေတီ၌ တင်လှူပူဇော်စဉ်။ (က-ပ)

ကျောက်တံခါးမြို့နယ် အခြေခံကျန်းမာရေးဝန်ထမ်းများ အနာကြီးရောဂါ ကိုယ်အင်္ဂါချို့ယွင်းမှု ကာကွယ်ရေး စီမံချက်သင်တန်းဖွင့်ပွဲကို မေ ၉ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးရုံး၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေမြင့်က သင်တန်းအဖွင့်အမှာစကား ပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

အမှုဆောင်များ စီမံခန့်ခွဲရေးသင်တန်းဆင်း သင်တန်းထူးချွန်သူများအား ဆုများချီးမြှင့်

မိုးကုတ် ဧပြီ ၂၀

မိုးကုတ်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင် ဖွင့်လှစ်သော နွေရာသီသင်တန်းပေါင်းစုံနှင့် အမှုဆောင်များ စီမံခန့်ခွဲရေးဆင့်ပွားသင်တန်း (၇/၂၀၀၆) သင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီ ၃ ရက် နံနက် ၁၀ နာရီက မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနား တွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆုရ သူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်နှင့် အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ တက်ရောက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

လောင်းလုံးမြို့၌ ပညာခနစာကြည့်တိုက်ဖွင့် စာအုပ်နှင့်အလှူငွေများ ပေးအပ်လှူဒါန်း

ထားဝယ် မေ ၈

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် ကဘူကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်အလှူငွေများ ပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၂၉ရက် နံနက် ၈ နာရီက ကဘူကျေးရွာ ပညာခနစာကြည့်တိုက်တွင် ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးဉာဏ်စိုး၊ ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းမြင့်၊ မြို့နယ်အမျိုး သမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ခင်စန်းနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းဝင်များနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဟောပြော

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဉာဏ်စိုးနှင့် ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းမြင့်တို့က စာကြည့်တိုက်အကြောင်း သိကောင်းစရာများကို ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် စေတနာရှင်များက စာအုပ်နှင့် အလှူငွေများကို လှူဒါန်းရာ ပညာခနစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးမင်းဇော်ကလက်ခံရယူပြီး ဆက်လက်၍ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို ပညာခနစာကြည့်တိုက်ရှေ့တွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဉာဏ်စိုး၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် စာကြည့်တိုက်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

ပေးအပ်လှူဒါန်း

ပုသိမ်မြို့ အမှတ်(၃)နယ်မြေ သိမ်တော်ကြီးလမ်း ဇေယျဝံသ ပရိယတ္တိ စာသင်တိုက်ရှိ ကရုဏာ လူမှုကူညီရေးအသင်းသို့ သာပေါင်းမြို့ မြတ်ရတနာ ရွှေဆိုင်ပိုင်ရှင် ဒေါ်သောင်းညွန့် မိသားစုတို့က ဆေးပဒေသာပင်အတွက် အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌ ဦးစိုးမြင့်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်စဉ်။ (က-ပ)

ငါးသိုင်းချောင်း မြို့နယ် ပြန် ကြားရေး နှင့် ပြည် သူ့ ဆက်ဆံရေး ဦးစီး ဌာနက ကြီးမှူးပြီး ကွင်းလျား ကျေးရွာ အုပ်စု အိုင်ဓောက် စံပြကျေးရွာပညာ ရွှေတောင် စာကြည့် တိုက်၌ ဧပြီ ၆ ရက်က နယ်လှည့် စာကြည့် တိုက်၊ နံ ရံ ကပ် စာ စောင်၊ ဓာတ် ပုံ ပြ ပွဲ နှင့် ဟောပြောပွဲ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးမြင့်သိန်းနှင့် ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးကျင်စိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဝမ်းလျှောဝမ်းပျက်ရောဂါကာကွယ်ရေး နှိုးဆော်ချက်

မိုးဦးကျကာလသည် ဝမ်းလျှောဝမ်းပျက်ရောဂါအဖြစ်များသော ကာလဖြစ်ပါသည်။ မိုးဦးကျချိန်တွင် သောက်သုံးရေထဲသို့ ညစ်ညမ်းသောရေနှင့် ရောဂါပိုးများ ဝင်ရောက်ကာ ကူးစက်ရောဂါများ ဖြစ်စေပါသည်။ အစားအစာများ ပုပ်သိုးလွယ်သဖြင့် အစာဝမ်းသွားတတ်သောကာလ ဖြစ်ပါသည်။ ယင်ကောင်များ ပေါက်ဖွား ပေါများသော ကာလဖြစ်၍ ယင်မှတစ်ဆင့် အစားအစာများ၌ ရောဂါပိုးများ ကူးစက်စေပါသည်။

သို့ဖြစ်ပါ၍ မိုးဦးကျချိန်တွင် ဝမ်းလျှောဝမ်းပျက်ရောဂါများမှ ကာကွယ်ရန်-

(၁) ရေကို ကျိုချက်၍သောက်ပါ။ အထူးသဖြင့် ကလေးငယ်များကို ရေကျက်အေးတိုက်ပါ။

(၂) ရေတွင်းရေကန် စသည့် ရေထွက်ပင်ရင်းများထဲသို့ ညစ်ညမ်းသောရေနှင့် အမှိုက်သရိုက်များ မဝင်ရောက်နိုင်ရန် ကာကွယ်ပါ။

(၃) သန့်ရှင်းလတ်ဆတ်သော အစာများကိုစားပါ။

(၄) အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ကာကွယ်ထားပါ။

(၅) အစားအစာများထဲသို့ လက်မှတစ်ဆင့် ရောဂါပိုးများ မဝင်နိုင်ရန် အစာကိုင်သောလက်ကို ဆပ်ပြာဖြင့် စင်စင်ဆေးပါ။

(၆) အိမ်သာမှအထွက် လက်ကိုဆပ်ပြာဖြင့် စင်စင်ဆေးပါ။

ဤသို့ ကာကွယ်လျက်မှ ဝမ်းလျှောဝမ်းပျက်ဖြစ်လာခဲ့လျှင်-

(၁) ဓာတ်ဆားရည်ကို အညွှန်းအတိုင်း အတိအကျ ဖျော်တိုက်ပါ။

(၂) ဆေးရုံဆေးခန်းများသို့ အမြန်ဆုံးပြသပါ။

(၃) မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် ကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန။

ပဲခူးတိုင်းအတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးမှုရရှိရေး ဆောင်ရွက်မှု ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအနေအထား၊ KNU သောင်းကျန်းသူအချင်းချင်း အာဏာလုသတ်ဖြတ်ညှဉ်းဆဲမှုကြောင့် ထွက်ပြေးနေရမှုများနှင့် KNUတို့၏ လူသတ်၊ မီးရှို့ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ဒေသခံပြည်သူအချို့ အတိဒုက္ခရောက်ရပုံများကို ပြည်တွင်းပြည်ပသတင်းစာဆရာများ ကြည့်ရှုလေ့လာ

ရန်ကုန် မေ ၁၄

ပြည်တွင်းပြည်ပ သတင်းစာဆရာများသည် မေ ၁၃ ရက်တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ ပဲခူးတိုင်း စစ်တောင်းမြစ် အရှေ့ခြမ်း ထန်းတပင်မြို့နယ်နှင့် သပြေညွန့်ကျေးရွာ၊ ကျောက်ကြီးမြို့နယ် မုန်းဒေသတို့အတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးမှုရရှိရေးဆောင်ရွက်နေမှု အခြေအနေ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအနေအထား၊ KNU သောင်းကျန်းသူ အချင်းချင်း အာဏာလုသတ်ဖြတ်ညှဉ်းဆဲမှုကြောင့် လွတ်မြောက်ရာသို့ ထွက်ပြေးနေရမှုများနှင့် KNU တို့၏ လူသတ်၊ မီးရှို့၊ မိုင်းထောင်၊ ဖောက်ခွဲဖျက်ဆီးမှုကြောင့် ဒေသခံပြည်သူအချို့ အတိဒုက္ခရောက်နေရပုံများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း လိုက်ပါ၍ ရှင်းလင်းပြသသည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လိုက်ပါလေ့လာ

အဆိုပါ ပြည်တွင်းပြည်ပသတင်းစာဆရာများ၏ လေ့လာရေးခရီးစဉ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး Madame Phoebe A. Gomez၊ ဂျာမနီနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ *စာမျက်နှာ ၃ ကော်လံ ၁* ●

မိုးလေဝသအခြေအနေ (မေ ၁၅ ရက်)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ သံတမန်အဖွဲ့ နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး၊ ဂျာမနီနိုင်ငံ သံရုံးယာယီတာဝန်ခံနှင့်အဖွဲ့ဝင်များ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများဖြစ်ကြသည့် UNHCR၊ UNICEF တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများ၊ သတင်းနှင့် ပြန်ကြားရေးဆိုင်ရာပုဂ္ဂိုလ်များက ဆေးဝါးကုသမှုခံယူနေကြသော မိုင်းထိလူနာများအတွက် အလှူငွေများကို မုန်းမြို့တိုက်နယ်ဆေးရုံမှ ဒေါက်တာမောင်မောင်ခင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း KNU အကြမ်းဖက်သောင်းကျန်းသူများကျူးလွန်ခဲ့သည့် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုဖြစ်စဉ်နှင့် လုပ်ရပ်များ

၁။ ၂–၁၁–၂၀၀၅ ရက်နေ့ ညနေ ၅ နာရီခွဲ၌ ပဲနွယ်ကုန်းမြို့ ပြည်တော်သာရပ်ကွက်ရှိ စည်ပင်ဈေးဆိုင်တန်းဆိုင်ခန်း အမှတ်(၁–၂)တွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့သည်။ ၎င်းဖောက်ခွဲမှုကျူးလွန်သူ KNU တပ်မဟာ(၃)မှ စောတင်ဝင်း(ခ)စောဝါးလေး (၃၆)နှစ်အား ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

၂။ ၃–၁–၂၀၀၆ ရက်နေ့ ည ၇ နာရီခန့်၌ ပဲခူးမြို့ အထက(၁)ကျောင်းဝင်းတံခါး ဘယ်ဘက်တွင် ပေါက်ကွဲမှု တစ်ခုဖြစ်ပွားခဲ့ပြီး ည ၈ နာရီခန့်၌ ရွှေမော်ဓောဘုရားလမ်း အထက(၁)ကျောင်းအုပ်ဆရာမကြီးရဲ့ နေအိမ်ရှေ့ ပလက်ဖောင်းအနီးတွင် ပေါက်ကွဲမှုတစ်ခုထပ်မံဖြစ်ပွားခဲ့သည်။ ဒုတိယပေါက်ကွဲမှုဖြစ်သည့်နေရာ၏ ဘယ်ဘက် ပေ ၂၀ ခန့်အကွာ ပလက်ဖောင်းရေထွက်ပေါက်အတွင်းမှ ဆပ်ပြာခဲအရွယ် ယမ်းထုပ်တစ်ထုပ်ကို ဒီတိုနေတာဖြူးစ်တစ်ချောင်းနှင့်အတူ ရှာဖွေတွေ့ရှိခဲ့သည်။

၃။ ၁၂–၁–၂၀၀၆ ရက်နေ့ နံနက် ၄ နာရီခန့်၌ မဟာဓာတ်အားလိုင်းတာဝါတိုင်အမှတ်(၂၅၄)ကို မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် တာဝါတိုင်အောက်ခြေ လေးဘက်စလုံးပြုတ်ထွက်သွားသည်။ ၁၄–၁–၂၀၀၆ ရက်နေ့၌ ၎င်းဓာတ်အားလိုင်းတာဝါတိုင်ကို ပြုပြင်ပြီး၍ အလုပ်သမားများအပြန်တွင် စီးလာသည့် တီအီးယာဉ်ကို လိပ်သို–ယာဒိုလမ်းတွင် KNU သောင်းကျန်းသူများက မီးရှို့ဖျက်ဆီးခဲ့သည်။

၄။ ၁၅–၁–၂၀၀၆ ရက်နေ့ နံနက် ၄ နာရီခွဲ၌ တောင်ငူဘူတာမြောက်ဘက် ကိုက် ၂၀၀ ခန့်အကွာ မီးရထားသံလမ်းအောက်တွင် မိုင်းတစ်လုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် သံလမ်းအောက်ပိုင်း သံပြား *စာမျက်နှာ ၉ ကော်လံ ၅* ❐

ပါတီသည် ပြည်သူလူထု၏ အကျိုးစီးပွားကို ဖော်ဆောင်မှု လုံးဝမရှိ အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ် နိုင်ငံတော် ဂုဏ်သိက္ခာကျဆင်းစေရန် လုပ်ဆောင် ကိုယ်ကျိုးအတ္တကြီးမားသော လူတစ်စုနှင့် ဆက်လက် လက်မတွဲလို မိုးကောင်းမြို့နယ် NLD ပါတီဝင် ၂၈ ဦးစုပေါင်းနုတ်ထွက်

ရန်ကုန် မေ ၁၄

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်အလုပ်အမှုဆောင်များဖြစ်ကြသည့် ဦးစိန်အောင်နှင့် ဦးဇက်ခမ်းဂွမ်တို့အပါအဝင် မိုးကောင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၂၈ ဦးသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်စာများကို *စာမျက်နှာ ၄ ကော်လံ ၁* ■